မြန်မာ့အလင်း

အတွဲ (၅၂) အမှတ် (၁၉၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

၂၀၁၃ ခုနှစ်၊ မေ ၉ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

တကယ်တတ်ကျွမ်းပြီး နည်းနည်းလေ့ကျင့်ပေးရုံဖြင့် လုပ်ငန်းခွင်ဝင်နိုင်သည့်ပညာရေးဖြစ်အောင် အဆင့်မြှင့်တင်

နေပြည်တော် မေ ၈

"ကျောင်းသားဘဝကတည်းက ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားရမည်၊ လေ့လာမှတ်သားပြီး လက်တွေ့ကျင့်ကြံအားထုတ် ပြုလုပ်ရမည်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများနှင့်အတူ ဒီမိုကရေစီ၏တန်ဖိုးကို သိရှိနားလည်ပြီး အများကိုမထိခိုက်စေသည့် လွတ်လပ်မှုကို ကျောင်းသားဘဝကပင် ရယူတတ်သည့် အလေ့အကျင့်ရအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း"ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

ကျောင်းသား ဘဝကတည်းက ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေကို သင်ကြား။ လေ့လာမှတ်သားပြီး လက်တွေ့ ကျင့်ကြံအားထုတ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနတွင် ထူးခြားသော မိုးလေဝသသတင်းများ၊ မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်၊ ဒီရေတက်မည်သတိပေးချက်၊ အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်၊ နေ့အပူချိန်၊ ညအပူချိန် စသည်တို့ကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိ

ခေါင်းကြီး *စာမျက်နှာ - ၂*

ဗြိတိန်၏ သံမဏိမေအဖြစ် နာမည်ကျော်ခဲ့သူ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ အနိစ္စရောက် *စာမျက်နှာ - ၄*

အပူဒဏ်အန္တရာယ် ကျန်းမာရေးအသိဖြင့် သတိပြုကာကွယ် *စာမျက်နှာ - ၆*

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများ ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

မေ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ ခေတ္တနားမည်ဖြစ်သည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းရက်များတွင် ကြေးမုံသတင်းစာ ခေတ္တနားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး မေ ၂၂ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

လှည်းတန်းခုံးကျော်တံတား မေ ၁၀ ရက်မှစ၍ ဖြတ်သန်းခွင့်ပြုမည်

ရန်ကုန် မေ ၈

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေလျှော့ရန်အတွက် ခုံးကျော်တံတားများ တည်ဆောက်လျက်ရှိသည်။ ထိုသို့ ဆောက်ရွက်လျက်ရှိရာ ကမာရွတ်မြို့နယ် လှည်းတန်းခုံးကျော်တံတားမှာ အချောသပ်လုပ်ငန်း မပြီးသေးသော်လည်း အများပြည်သူများ သွားလာမှုလွယ်ကူမှုရှိစေရန်နှင့် မဟာသင်္ကြန်ကာလအတွင်း မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုမရှိစေဘဲ အဆင်ပြေချောမွေ့စေပြီး ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် တံတားဖွင့်ပွဲအခမ်းအနား မပြုလုပ်မီ မေ ၁၀ ရက်နေ့မှစတင်၍ မော်တော်ယာဉ်များအား ဖြတ်သန်းခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သတိပေးနှိုးဆော်ချက်များ အလေးထားလိုက်နာ

အများပြည်သူတို့အတွက် သတိပေးနှိုးဆော်ချက်များကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတို့မှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ သတိပေးနှိုးဆော်ချက်များသည် အများပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် အန္တရာယ်မဖြစ်ပေါ်နိုင်ရန် ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုတို့ ဆောင်ရွက်ထားနိုင်ရန်အတွက် ထုတ်ပြန်ပေးခြင်း ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန စသည်ဖြင့် ဝန်ကြီးဌာနများအနေဖြင့် အများပြည်သူများနှင့် သက်ဆိုင်သည့်ကိစ္စများကို သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ရာသီဥတုပူပြင်းသည့်ကာလတွင်လည်း အပူစွမ်းအားများ ပြင်းထန်တတ်ပေရာ ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပြီး ယင်းရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်သည်။ အကာအကွယ်ပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ထားသည်။

ထိုနည်းတူစွာပင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာန၏ သတိပေးနှိုးဆော်ချက်များကို အလေးဂရုပြု လိုက်နာကြရန် လိုအပ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည်လည်း သတင်းနှင့် ဆက်သွယ်ရေးနည်းပညာခေတ်၌ မိုးလေဝသ ခန့်မှန်းချက်များ ခေတ်မီပြောင်းလဲလျက်ရှိရာ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို ခေတ်မီမိုးလေဝသ ခန့်မှန်းခြင်းနည်းစနစ်များကိုအသုံးပြုလျက် ထူးခြားသောမိုးလေဝသသတင်းများ၊ မုန်တိုင်းသတင်း၊ မုန်တိုင်းသတိပေးချက်၊ ဒီရေတက်မည့်သတိပေးချက်၊ အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်၊ နေ့အပူချိန်၊ ညအပူချိန် စသည်တို့ကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။ ယင်းသို့ထုတ်ပြန်ပေးခြင်းသည် အများပြည်သူအတွက် အန္တရာယ်မဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်ထားသင့်သည်များ ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်သည်။

လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်လည်း လယ်ယာစိုက်ပျိုးမှုများ၏ စီးပွားရေးလုပ်ငန်း မထိခိုက်စေရန် လယ်ယာနှင့်စပ်လျဉ်းသည့် သတိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းသို့ သတိပေးနှိုးဆော်ချက်များသည် အများပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများကို အန္တရာယ်မကျရောက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက်ဖြစ်သည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတို့မှ ထုတ်ပြန်ပေးလျက်ရှိသည့် သတိပေးနှိုးဆော်ချက်များကို အများပြည်သူများသည် အလေးထားလိုက်နာပြီး ကြိုတင်ဆောင်ရွက်၍ လိုက်နာကြပါက ကျန်းမာရေးအတွက်လည်းကောင်း၊ စီးပွားရေးအတွက်လည်းကောင်း၊ လူမှုရေးအတွက်လည်းကောင်း အန္တရာယ်အသွယ်သွယ်တို့မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အာဆီယံတိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲနှင့် တင်းနစ်ပြိုင်ပွဲကျင်းပရေးစည်းဝေး

ရန်ကုန် မေ ၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို မေ ၉ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံတိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲနှင့် မေ ၂၂ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည့် Davis Cup Asia / Oceania Zone Group IV & III တင်းနစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် တင်းနစ်အဖွဲ့ချုပ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက တိုက်ကွမ်ဒိုနှင့် တင်းနစ်အားကစားနည်းများ အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နာဂစ်ကြောင့်ပြိုပျက်သွားသော ၁၀၈ နှစ်သက်တမ်းရှိ ငါးထပ်ကြီးဘုရားတန်ဆောင်းတော်ကြီး ပြန်လည်ဖွင့်လှစ်

ရန်ကုန် မေ ၈

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်သွားခဲ့သော နာဂစ်မုန်တိုင်း သဘာဝဘေးဒဏ်ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အပျက်စီးဆုံးရှုံးမှု များစွာ ဖြစ်ခဲ့ရသည်။ ကွမ်းခြံကုန်းမြို့နှင့် သုံးမိုင်ခန့်ကွာဝေးသော သုံးခွ-ပေကုန်းကျေးရွာ ဖလန်းကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်ခဲ့သည့် ၁၀၈ နှစ် သက်တမ်းရှိ ငါးထပ်ကြီးဘုရားရုပ်ပွားတော်မြတ်၏ ဂန္ဓကုဋိတန်ဆောင်းတော်ကြီးနှင့် ပရိဝုဏ်တစ်ခုလုံး ပြိုပျက်သွားခဲ့ရသည့် ဖြစ်စဉ်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ခေတ်ဟောင်းသစ်သား တန်ဆောင်းတော်ကြီး လုံးဝပြိုကျပျက်စီးသွားခဲ့သော်လည်း ဉာဏ်တော် ၂၉ တောင် နှစ်မိုက်ရှိ ငါးထပ်ကြီးဘုရား၏ ကိုယ်လုံးတော်ကြီးမှာမူ လုံးဝထိခိုက်မှုမရှိခဲ့ပေ။ ဂျပန်ခေတ် ဗုံးကြဲတိုက်ခိုက်ခံရစဉ်ကတည်းက တန်ဆောင်းတော် နေရာအနှံ့အပြား သေနတ်ကျည်ဆန်၊ ဗုံးဆန်များ ထိမှန်ခဲ့သော်လည်း ဘုရားကြီး၏ ကိုယ်လုံးတော်ကို လုံးဝမထိခိုက်ခဲ့ကြောင်း ဘုရား၏ အံ့ဖွယ်ဂုဏ်တော်ကို ကြည်ညိုသိရှိခွင့်ရခဲ့သည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး နှစ်နှစ်ကြာအထိ တန်ဆောင်းတော်ကြီး ပြိုကျနေသဖြင့် ငါးထပ်ကြီးရုပ်ပွားတော်မြတ်ကြီးမှာ ဟင်းလင်းပြင်တွင် သီတင်းသုံးစံပယ်ခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ဖလန်းကျောင်း ပဓာနဆရာတော် ဘဒ္ဒန္တပညောဘာသတိုင်းဝန်ဆောင်ဆရာတော် ဦးဆောင်၍ ရန်ကုန်မြို့နေ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေးမိသားစုက ငွေကျပ် သိန်း ၁၅၀၀ မတည်လှူဒါန်းပြီး သုံးခွကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်များက လှူဒါန်းငွေကျပ်သိန်း ၂၀၀ နှင့် စုပေါင်းကာ အလျားပေ ၁၀၀ အကျယ်ပေ ၉၀ ရှိ ကွန်ကရစ်အုတ်တိုင်များဖြင့် လှပခံ့ညားသော တန်ဆောင်းတော်ကြီး တည်ဆောက်ခဲ့ရာ ယခုအခါ လုံးဝပြီးစီးသွားခဲ့ပြီဖြစ်သည်။ (ဓါတ်ပုံ)

၂၀၁၃ ခုနှစ် မတ် ၂၇ ရက် တပ်မတော်နေ့က ငါးထပ်ကြီးဘုရား တန်ဆောင်းတော်ကြီး ပြန်လည်ဖွင့်လှစ် ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို တန်ဆောင်းကြီးအတွင်း ပြုလုပ်ရာ မြို့နယ်ကျောင်းတိုက်များမှ သံဃာတော်အပါး ၅၀ အား နေ့ဆွမ်းဆက်ကပ်ခဲ့ပြီး ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီနှင့် မတည်အလှူရှင်အပါအဝင် ကျေးရွာအလှူရှင်များတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ယဉ်ကျေးလိမ္မာ တရားစခန်းဖွင့်

ထားဝယ် မေ ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ် (၁၅) က ကြီးမှူး၍ (၁၁၃)ကြိမ်မြောက် လူငယ်အခြေခံယဉ်ကျေးလိမ္မာအထူးတရားစခန်းပွဲကို မတ် ၂၈ ရက်မှ မေ ၃ ရက်အထိ ကျင်းပခဲ့ရာ ရှင်သာမဏေ ၁၁ ပါး၊ လူငယ်အမျိုးသား ယောဂီ ၇၅ ဦး၊ လူငယ်အမျိုးသမီးယောဂီ ၃၃၅ ဦး စုစုပေါင်း ၄၂၁ ဦး ဝင်ရောက်အားထုတ်ကြသည်။

ဖိုးရွှေသွန်း(ထားဝယ်)

အင်းလေးကန်ရေရှည်တည်တံ့နိုင်ရေး ဆွေးနွေးပွဲကျင်းပ

ညောင်ရွှေ မေ ၈

အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စိုက်ပျိုးရေးစနစ်များတွင် ဓာတုဗေဒပစ္စည်းများ ဆက်လက်မသုံးစွဲခြင်းအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အော်ဂဲနစ်နည်းပညာသုံး လယ်ယာစိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ထုတ်လုပ်လာနိုင်စေရန်အတွက် Ecodev အဖွဲ့မှ ကမ္ဘောဇ လူငယ်စာကြည့်တိုက်နှင့် တွဲဖက်ကာ အော်ဂဲနစ် ထုတ်ကုန်ပစ္စည်းများ ထောက်ခံချက် လက်မှတ်ရရှိနိုင်ခြင်းအကြောင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက်က ညောင်ရွှေမြို့ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒေါက်တာသန်းသန်းစိန်က အော်ဂဲနစ် ထောက်ခံချက်လက်မှတ်အရေးပါပုံနှင့် အော်ဂဲနစ် စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နည်းလမ်းညွှန်၊ အော်ဂဲနစ်မြေဩဇာပြုလုပ်သုံးစွဲခြင်းနှင့် အော်ဂဲနစ်မှိုသတ်ဆေး ပိုးသတ်ဆေးများ သုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းအကြောင်း ဒေါက်တာခင်နှင်းယုက အင်းလေးကန်နှင့် အော်ဂဲနစ် စိုက်ပျိုးရေးအကြောင်း၊ ဒေါက်တာ ကျော်ငြိမ်းအေးက အော်ဂဲနစ်အစားအစာအကြောင်း သိကောင်းစရာနှင့် စိုက်ပျိုးရေးအတွက် အသုံးချ ဇီဝနည်းပညာအကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

အော်ဂဲနစ်စိုက်ပျိုးရေးကြောင့် အာဟာရဓာတ်ကြွယ်ဝပြီး ဘေးအန္တရာယ်ကင်းသော အစားအစာများရရှိခြင်း၊ ဒေသထွက် မြေပေါ်မြေအောက်သက်ရှိဇီဝမျိုးများ၏ စွမ်းဆောင်ရည်ပိုမိုတိုးတက်ကောင်းမွန်ခြင်း၊ မြေဩဇာကောင်းမွန်နိုင်ခြင်း၊ သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းဖြင့် စရိတ်နည်း အကျိုးများနိုင်ခြင်း၊ မြေပေါ်မြေအောက်ရေအရင်းမြစ် သန့်ရှင်းစေခြင်းတို့အပြင် အခြားအကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း သိရှိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ပြည်တွင်းသတင်း

သက်ဆိုင်ရာမဲဆန္ဒနယ်များ၏ မဲစာရင်းများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းပါဝင်ရန်မှာ အထူးအရေးကြီး

အမှာစကားပြောကြား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၆

မဲပေးခြင်းနှင့်စပ်လျဉ်းပြီး အသိပညာပေးမှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ဘာသာစကားနှင့် ပညာပေးမှုလုပ်ငန်းများဆောင်ရွက်ရန် ကော်မရှင်ကစီစဉ်ထားကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် တိုင်းရင်းသားမဲဆန္ဒရှင်များ မဲပေးရာမှာ ပယ်မဲမဖြစ်စေရန် ခိုင်လုံသည့် ဆန္ဒမဲပေးနိုင်စေရေးအတွက် တိုင်းရင်းသားစာပေများဖြင့် တိုင်းရင်းသားမဲဆန္ဒရှင်များအား အသိပညာပေးမှုများကို ဆောင်ရွက်သွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ယင်းကော်မရှင် ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၉ နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ တို့တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့် (၁၃)ရပ် သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အနက် အဓိကကျသည့်လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသွားမှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲများ ကျင်းပပြီးနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ချက်များကို တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေး ပါတီအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း၊ ထိုထဲတွင် အဓိကကျသည့်အချက်များမှာ မဲစာရင်းပြုစုခြင်း၊ ကြိုတင်မဲ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးမှု၊ မဲပေးခြင်းနှင့် မဲဆန္ဒရှင်များအား အသိပညာပေးမှုတို့တွင် အားနည်းနေသေးကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

ယခုဆိုလျှင် ပုံမှန်လွှတ်တော် သက်တမ်းတစ်ခုအတွက် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်ပြီး လာမည့်လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ကျင်းပပေးရန် ရှိနေပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိရေး၊ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူနှင့် ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာမှာ လုံလောက်သော အချိန်ကာလနှင့် လိုအပ်သောစည်းကမ်းသတ်မှတ်ချက်များနှင့် တိုင်းရင်းသားများ အပါအဝင်နိုင်ငံသားများအားလုံး မဲပေးရာမှာ ခိုင်လုံသောဆန္ဒမဲဖြစ်စေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် ကြိုတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိမှသာ ရွေးကောက်ပွဲကျင်းပပြီးသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ နှင့်အညီ မဲပေးနိုင်သော အခွင့်အရေးရရှိမှာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းပါဝင်ရန်မှာ အထူးအရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံးပါဝင်သည့် ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးအတွက် စမ်းသပ်မဲစာရင်းကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း။

ပြည့်စုံမှန်ကန်သည့် မဲစာရင်း ရရှိရန်ဆိုပါက ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာ တာဝန်ရှိသည်မှန်သော်လည်း မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲဝင်ပါတီများကလည်း ပူးပေါင်းဆောင်ရွက်မှသာ ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိမှာ ဖြစ်ကြောင်း။

ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ၊ ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်းကိုလည်း လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ လာမည့်ရွေးကောက်ပွဲမှာ အများပြည်သူများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများ သိရှိနိုင်ရန် ပုံစံဇယားများဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်၍ ကြိုတင်မဲနှင့်ပတ်သက်ပြီး စစ်ဆေးကြပ်မတ်နိုင်အောင် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးမှာဖြစ်ပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ထောက်ပြနိုင်ရန် ဥပဒေကို သေချာစွာ လေ့လာထားစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများမဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်းပြီး ကော်မရှင်၏ လေ့လာတွေ့ရှိချက်အရ ယခင်ကရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာသည့်နေ့မှစပြီး ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အထိ မဲဆွယ်စည်းရုံးခွင့် ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်၊ မဲဆွယ်စည်းရုံးခွင့်နှင့်စပ်လျဉ်းပြီး လိုက်နာရမည့် နည်းလမ်းများကို ကြေညာချက်အမှတ် (၉၁/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ သို့သော် အချို့ပါတီများက သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ မဆောင်ရွက်သည်ကို တွေ့ရပါကြောင်း၊ ယခုအချိန်တွင် မဲဆွယ်စည်းရုံးသည့်အချိန်ကို လိုအပ်သလောက်သာ သတ်မှတ်ပေးပြီး မဲဆွယ်မှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က တာဝန်ရှိပုဂ္ဂိုလ်များ၏သဘောထားအကြံဉာဏ်များရယူပြီး ကော်မရှင်က ညွှန်ကြားချက် အသစ်ရေးဆွဲထုတ်ပြန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံရေးပါတီ ၅၆ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးအင်အားစုများဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူတို့နှင့် သက်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စများမှာ ပညာပေးခြင်း၊ ဆွေးနွေးညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊ သဘောထားရပ်တည်ချက်ထုတ်ဖော်ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြရပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့လုပ်ဆောင်လိုသည့် ရေးရာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်မှုမရှိဘဲ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သည့် ကိစ္စများဖြစ်ပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၆

မစ္စမာရီယာ ဒဲလ်ကာမင် မိုရီးနိုး ရေမွန်ဒိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော စပိန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ မာရီယာ ဒဲလ်ကာမင် မိုရီးနိုး ရေမွန်ဒိုသည် ၁၉၆၅ ခုနှစ်တွင် စပိန်နိုင်ငံ ဗယ်လာဒိုလစ်မြို့၌ မွေးဖွားပြီး ဥပဒေဘွဲ့ရရှိထားသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်တွင် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး သံတမန်ရာထူးအဆင့်ဆင့်ဖြင့် အစ္စလာမ်မာဘတ်၊ နယူးဒေလီ၊ ကွာလာလမ်ပူ၊ ဟာဗားနားနှင့် ပေကျင်းမြို့များရှိ စပိန်သံရုံး၊ ကောင်စစ်ဝန်ရုံးများနှင့် စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ စပိန်နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် ထိုင်းနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ဒဂုံ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အိမ်ရာများ တည်ဆောက်မည်

ရန်ကုန် မေ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဒဂုံမြို့နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး(ရန်ကုန်တိုင်းဒေသကြီး)နှင့် အိမ်ရာများတည်ဆောက်မည့်မြေနေရာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သက်သက်ဇင်သည် မေ ၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

FAIR & SQUARE Travels and Tours Co.,Ltd.
မြန်မာသင်္ကြန်လောက်ပျော်စရာကောင်းတဲ့ပွဲတော် ကမ္ဘာမှာမရှိပါ .....
'မန္တလေးသင်္ကြန်အထူးအစီအစဉ်'
Special Promotion (၃)ဦး ပယ်လျှင် (၁)ဦး အခမဲ့
- မန္တလေးမြို့၏ လူစည်ကားရာ ကျုံးတောင်ဘက်ခြမ်းမဏ္ဍပ်မှာ ရေတစ်ရက်ပက်မယ် .....
- မေမြို့ တစ်ရက် လည်မယ် ....
- စစ်ကိုင်း ၊ အမရပူရ တစ်ရက်လည်မယ် ......
သုံးညအိပ် လေးရက်ခရီး (အဆင့်မြင့် ခရီးစဉ်)- 160,000/- Ks
ခရီးစဉ်ထွက်ခွာမည့်ရက် - ဧပြီလ (၁၂)ရက် / ဧပြီလ (၁၄)ရက်
Japan, U.S.A, Europe
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

လူထုအခြေပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်း
Brand Name, Logo နှင့် Slogan ပြိုင်ပွဲ ဖိတ်ခေါ်ခြင်း
www.cddmyanmar.blogspot.com နှင့် www.drdmyanmar.org
ပြိုင်ပွဲပိတ်ရက် - ၂၄ မေ၊ ၂၀၁၃
ဆက်သွယ်ရန် - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နေပြည်တော်
အီးမေးလ်- drdmyanmar@gmail.com

နိုင်ငံတကာသတင်း

ဗြိတိန်၏ သံမဏိမေအဖြစ် နာမည်ကျော်ခဲ့သူ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ အနိစ္စရောက်

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ

လန်ဒန် ဧပြီ ၈

"သံမဏိမေ" အဖြစ် ဗြိတိသျှနိုင်ငံရေးလောကကို ဆယ်စုနှစ် နှစ်ခုကြာ သြဇာညောင်းလွှမ်းမိုးနိုင်ခဲ့သူ မာဂရက်သက်ချာသည် လေသင်တုန်းဖြတ်ရောဂါခံစားခဲ့ရပြီးနောက် ယနေ့ကွယ်လွန်သွားပြီဖြစ်ကြောင်း ၄င်း၏မိသားစုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သက်ချာကွယ်လွန်ချိန်တွင် ၄င်း၏အသက်မှာ ၈၇ နှစ်ရှိပြီ ဖြစ်သည်။

ဟောဟောဒိုင်းဒိုင်း ပြောတတ်သည့် မိန်းမကြမ်းကြီးအဖြစ် မီဒီယာများကပုံဖော်လေ့ရှိသူ၊ ဗြိတိန်နိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးချုပ် သက်ချာသည် ကွန်ဆာဗေးတစ်ဗ်စ်များကို ရွေးကောက်ပွဲသုံးကြိမ်တိုင်တိုင် အောင်ပွဲခံနိုင်ရန် ဦးဆောင်မှုပေးနိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ အုပ်ချုပ်နိုင်ခဲ့ရာ ၁၉ ရာစုနှစ်ဦး ကာလများ၏နောက်ပိုင်း ဝန်ကြီးချုပ်များအနက် ရုံးသက်အရှည်ဆုံးသော ဗြိတိန်ဝန်ကြီးချုပ်လည်း ဖြစ်ခဲ့သည်။

မာဂရက်သက်ချာ ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် အကြီးအကျယ် ဝမ်းနည်းကြေကွဲပါကြောင်း၊ မိမိတို့၏မဟာခေါင်းဆောင်၊ ကြီးကျယ်ထင်ရှားသည့် ဝန်ကြီးချုပ်တစ်ဦး၊ ကြီးကျယ်ထင်ရှားသည့် ဗြိတိန်နိုင်ငံသူတစ်ဦး ဆုံးရှုံးသွားခဲ့ရခြင်းဖြစ်ပါကြောင်းဖြင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားသည်။

မာဂရက်သက်ချာသည် ယနေ့နံနက်ပိုင်းက ညင်သာငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ရခြင်းဖြစ်ကြောင်း သက်ချာမိသားစု၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးဖြစ်သူ လော့ဒ်တင်မ်ဘဲလ်က ပြောကြားသည်။ မာဂရက်သက်ချာ၏ ရင်သွေး အမြွှာမောင်နှမဖြစ်သော မတ်ခ်နှင့် ကာရိုးလ်သက်ချာတို့က ၄င်းတို့၏မိခင်သည် လေဖြတ်ဝေဒနာခံစားခဲ့ရပြီးနောက် ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဝမ်းနည်းကြေကွဲစွာ ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟုလည်း ဘဲလ်က ပြောကြားသည်။ အဲလိဇဘတ်ဘုရင်မကြီးကလည်း သက်ချာကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သဝဏ်လွှာတစ်စောင်ကို ၄င်း၏မိသားစုထံ ပေးပို့ခဲ့သည်။

(အမ်အင်န်အေ၊ ရိုက်တာ)

ဆီးရီးယားသည် ဒုတိယအာဖဂန်ဖြစ်လာနိုင် အမေရိကန်ကြည်းတပ် ဗိုလ်ချုပ်ကြီး ပြော

ဝါရှင်တန် ဧပြီ ၈

ဆီးရီးယားနိုင်ငံသည် ဒုတိယအာဖဂန်နစ္စတန်နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း အမေရိကန်ပူးတွဲ စစ်ဘက်အကြီးအကဲ ကြည်းတပ်ဗိုလ်ချုပ်ကြီး မာတင်ဒမ့်ဆေးက ပြောကြားလိုက်ကြောင်း ဧပြီ ၇ ရက်က ပရက်စ်တီဗွီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝါရှင်တန်က ရန်ပုံငွေထူထောင်ပေးထားသည့် အာရပ်ဘာသာစကား ရုပ်မြင်သံကြားချန်နယ် အယ်လ်ဟူရာနှင့် ဧပြီ ၇ ရက်က တွေ့ဆုံမေးမြန်းရာတွင် အမေရိကန်ဗိုလ်ချုပ်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

သေဆုံးခဲ့

ဆီးရီးယားနိုင်ငံတွင် နှစ်ပေါင်းများစွာ ကြာရှည်မည့်ပဋိပက္ခများ ဖြစ်ပွားနေမည်ကို စိုးရိမ်မိကြောင်း အာဖဂန်သို့ မကြေညာဘဲရောက်ရှိနေသည့် ဗိုလ်ချုပ်ကြီး ဒမ့်ဆေးက ပြောသည်။ ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လ ကတည်းက မငြိမ်မသက် စတင်ဖြစ်ပွားခဲ့လျက် အကြမ်းဖက်မှုများအတွင်း စစ်သားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် လူပေါင်းများစွာ သေဆုံးခဲ့ပြီးဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားနေသော အဓိကရုဏ်းများ သည် ပြည်ပမှ အားပေးအားမြှောက်ပြုလုပ်နေ ကြကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်။ နိုင်ငံအတွင်းရှိ စစ်သွေးကြွ တိုက်ခိုက်ရေးသမားအများစုသည် နိုင်ငံခြားသားများဖြစ်ကြသည်ဟု ဆိုသည်။

ထုတ်လွှင့်ခဲ့

ပြည်ပကျောထောက်နောက်ခံပြုသော သူပုန်များက ဆီးရီးယားအစိုးရကို တိုက်ခိုက်ပြီး အာဏာရယူခဲ့လျှင် ဆယ်စုနှစ်များစွာ အရှေ့အလယ်ပိုင်းဒေသသည် မတည်မငြိမ်ဖြစ်နေလိမ့်မည်ဟု ဆီးရီးယားသမ္မတ အာဆတ်က ပြောကြားသည်ကို တူရကီရုပ်မြင်သံကြားမှ မကြာမီက ထုတ်လွှင့်ခဲ့သည်။

(ပရက်စ်တီဗွီ)

ကလေးငယ်များသေဆုံးခဲ့သည့် လေကြောင်းတိုက်မှုကို အာဖဂန်သမ္မတ ကာဇိုင်း ပြင်းထန်စွာဝေဖန်ရှုတ်ချ

ကဘူးလ် ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များလုပ်ဆောင်ခဲ့သည့် သွေးထွက်သံယို လေကြောင်းတိုက်ခိုက်မှုတစ်ခုကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့သည်။

ပြောကြား

ကလေးငယ် ၁၁ ဦးအပါအဝင် အာဖဂန်အရပ်သားများ သေဆုံးခဲ့သည့် အဆိုပါ တိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ် ရှီဂါခရိုင်အတွင်း၌ ဧပြီ ၆ ရက် နှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရအရာရှိများက ဧပြီ ၇ ရက်တွင် ပြောကြားသည်။

ကလေးငယ် ၁၁ ဦး သေဆုံးခဲ့သည်ဆိုသည့် နိုင်ငံတကာအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ကူနာပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုကို သမ္မတကာဇိုင်းက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ကြောင်း ၄င်း၏အစိုးရရုံးက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာတွင် အယ်လ်ခိုင်ဒါသို့မဟုတ်မည်သည့် စစ်သွေးကြွမျှ သေဆုံးခဲ့သည့် သက်သေမရှိခဲ့ကြောင်း၊ အသက်တစ်နှစ်မှ ရှစ်နှစ်အရွယ်ရှိ ကလေးငယ် ၁၁ ဦးသာ သေဆုံးခဲ့ကြောင်း အာဖဂန်ဒေသခံတစ်ဦးက ပြောကြားသည်။

ဧပြီ ၄ ရက်ကလည်း အာဖဂန်အရှေ့ပိုင်း ဂတ်နီပြည်နယ်တွင် အမေရိကန်ဦးဆောင်သော အခြားလေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦးတို့ သေဆုံးခဲ့သည်။ **(ရိုက်တာ)**

တင်မောင်လွင်-စုစည်းသည်

ဘင်္ဂလားဒေ့ရှ် ကလေးတစ်ဦးကြက်ငှက်တုပ်ကွေးဖြင့်သေဆုံး

ဒါကာ ဧပြီ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်းမှ အသက်နှစ်နှစ်အရွယ် ကလေးတစ်ဦးမှာ H5N1 ဗိုင်းရပ်(စ်) ကူးစက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း၊ ယင်းမှာ တောင်အာရှနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးကြောင့် ပထမဆုံး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ထိပ်တန်းကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ဧပြီ ၇ ရက်တွင် ပြောသည်။

ပြောကြား

အဆိုပါကလေးသည် ဒါကာမြို့အရှေ့ဘက် ၉၆ ကီလိုမီတာအကွာ ကွန်မီလာမြို့၌ ယင်းရောဂါဖြစ်ပွားနေသူ ခုနစ်ဦးအနက် တစ်ဦးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

(ဆင်ဟွာ)

အစွန်းရောက်များအား လက်နက်ပေးသူများကို လက်ဘနွန်အစိုးရတပ်များ ချေမှုန်း

လက်ဘနွန် ဧပြီ ၈

လက်ဘနွန်အစိုးရတပ်များက အစွန်းရောက်အုပ်စုများအား လက်နက်ထောက်ပံ့ပေးရန် မှောင်ခိုလုပ်ကိုင်သည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို ဖြိုခွင်းတိုက်ခိုက်ခဲ့ကြောင်း ဧပြီ ၈ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

မိမိတို့လက်ဘနွန်တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်အစွန်းရောက်အုပ်စုများကို လက်နက်မှောင်ခိုဖြန့်ဝေပေးရန် ကြိုးစားနေသည်ဟု သတင်းရရှိခဲ့ကြောင်း ဧပြီ ၇ ရက်က လက်ဘနွန်စစ်တပ် ကြေညာချက်တွင် ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံအနောက်တောင်ပိုင်း ချော့ခရိုင် အိန်းဇာတာ ကျေးရွာ၌ ဧပြီ ၆ ရက်နှောင်းပိုင်းက အစွန်းရောက်များအား လက်နက်ထောက်ပံ့ရန် ကြိုးစားသည့် စစ်ယူနီဖောင်းဝတ်ထားသူတစ်ဦးအား လက်ဘနွန်တပ်ဖွဲ့ဝင်များက ချေမှုန်းလိုက်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဖမ်းဆီးလိုက်

လက်ဘနွန်စစ်တပ်နှင့် လက်နက်ကိုင်သေနတ်သမားများအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း အစိုးရတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

တစ်ကျော့ပြန် ကြက်ငှက်တုပ်ကွေး

မောင်နွေသစ်

တရုတ်နိုင်ငံအရှေ့ပိုင်းမှာ ဖြစ်ပွားနေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါသတင်းဟာ လတ်တလောဖြစ်ပွားနေတဲ့ ထိပ်တန်းရောက် ကျန်းမာရေးသတင်း တစ်ပုဒ်ပါပဲ။ ထူးထူးခြားခြား ဒီတစ်ခါဖြစ်တဲ့ ကြက်ငှက်တုပ်ကွေးက ယခင်ဖြစ်တဲ့ ကြက်ငှက်တုပ်ကွေးနဲ့ မတူပါဘူး။ တရုတ်နိုင်ငံမှာ တစ်ခါမျှမဖြစ်ဖူးသေးတဲ့ ကြက်ငှက်တုပ်ကွေး ရောဂါအသစ်အဆန်းဖြစ်ပါတယ်။ သူ့ကို H7N9 လို့ ခေါ်ကြပါတယ်။ ဒီဗိုင်းရပ်စ်ပိုးကို အရင်တုန်းက တရုတ်နိုင်ငံမှာ မတွေ့ဘူးလို့ ဆိုပါတယ်။ ဒီဗိုင်းရပ်စ်ပိုးဟာ ခိုတွေရောင်းချတဲ့ ဈေးတစ်ဈေးကနေစတင်ကူးစက်တယ်လို့ ပညာရှင်တွေက စမ်းသပ်တွေ့ရှိထားကြပါတယ်။

ဒီH7N9 ဗိုင်းရပ်စ်ဟာ လူအချင်းချင်း ကူးစက်တဲ့အထောက်အထား မတွေ့ရသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ပြောပါသည်။

တရုတ်နိုင်ငံမှာ မတ်လလယ်လောက်ကစပြီးဖြစ်ပွားနေတဲ့ ဒီရောဂါဟာ ဧပြီ ၇ ရက်ညနေပိုင်းအထိ သေဆုံးသူခြောက်ဦးအပါအဝင် လူပေါင်း ၂၀ အထိ ရောဂါကူးစက်ခံထားရတယ်လို့ တရုတ်ကျန်းမာရေးတာဝန်ရှိသူတွေက ပြောပါတယ်။ နောက်ဆုံးကူးစက်ခံရတဲ့ လူနာနှစ်ဦးကတော့ ရှန်ဟိုင်းမြို့က ဖြစ်ပါတယ်။ ကူးစက်ခံရတဲ့ လူနာနှစ်ဦးနဲ့ ထိတွေ့ဆက်ဆံနေတဲ့ လူခြောက်ဦးကိုလည်း ဆေးစစ်ဆေးနေတယ်လို့ ဆိုပါတယ်။

ရှန်ဟိုင်းမြို့မှာ သေဆုံးသူလေးဦး အပါအဝင် H7N9 ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀ ဦးအထိရှိသွားပြီလို့ဆိုပါတယ်။ ရှင်ကျင့်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့သုံးဦးမှာတော့ နှစ်ဦးသေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် အန်ဟွေးပြည်နယ်မှာ တစ်ဦး၊ ကျန်စုပြည်နယ်မှာ ခြောက်ဦးဖြစ်ပွားခဲ့ပါတယ်။ တရုတ်နိုင်ငံ ဟူဟွိုင်းဈေးမှာ ခိုများရောင်းချရာမှ ဗိုင်းရပ်စ်ပိုးကို စတင်တွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်တာဝန်ရှိသူတွေက ဒီဗိုင်းရပ်စ်ကူးစက်ပုံကို သိရှိပြီးတဲ့နောက် အနည်းဆုံး ကြက်ဘဲအကောင် ၂၀၀၀၀ လောက် စတင်သုတ်သင်ခဲ့ပါတယ်။ ရှန်ဟိုင်းမှာရှိတဲ့ ကြက်ဘဲဈေးတွေကိုလည်း ပိတ်ထားလိုက်တဲ့အပြင် အခြားဒေသတွေက တင်သွင်းရောင်းချခြင်းကိုလည်း ပိတ်ပင်ထားပါတယ်။

တရုတ်ရောဂါထိန်းချုပ်ရေး ဗဟိုဌာနက စမ်းသပ်စစ်ဆေးရေးဌာနပေါင်း ၄၀၉ ခု ဖွင့်လှစ်ဆောင်ရွက်နေတယ်လို့ပြောပါတယ်။ တရုတ်ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာနက ဆေးရုံ၊ ဆေးခန်းများ၊ သုတေသန အေဂျင်စီများသို့ လိုအပ်တဲ့ စမ်းသပ်ကိရိယာများနှင့် နည်းပညာများဖြန့်ဝေပေးထားပါတယ်။ ဒီရောဂါအတွက် ဆေးဝါးသစ်တစ်မျိုး အမြန်ဆုံး ထုတ်လုပ်သွားရန်လည်း သဘောထားပြီးဖြစ်ပါတယ်။ ရှန်ဟိုင်းမြို့က ပြည်သူတွေဟာ ဘဲသား၊ ကြက်သား အလွန်စားကြပါတယ်။ ခုတော့ ဒီရောဂါဆိုးကြီးဖြစ်လာတော့ ဘဲတွေ၊ ကြက်တွေကို ထိကိုင်တဲ့သူတောင် မရှိတော့ဘူးလို့ဆိုပါတယ်။

ရှန်ဟိုင်းမှာ ဒီရောဂါဖြစ်ပွားနေချိန်တွင် ဟောင်ကောင်တာဝန်ရှိသူတွေကလည်း သတိပေးမှုတွေ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ အခြားသော ဒေသတွင်းနိုင်ငံတွေကလည်း ဒီကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတာနဲ့ပတ်သက်လို့ တုပ်ကွေးဖြစ်သူများကို အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လာကြပါတယ်။ တရုတ်အစိုးရအနေဖြင့်လည်း ဒီဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး သတင်းအချက်အလက်များ အချိန်မီဖြန့်ဝေပေးဖို့ ကတိပြုပြောဆိုထားပါတယ်။

ယခုဖြစ်ပွားတဲ့ ကြက်ငှက်တုပ်ကွေးဟာ ၂၀၀၃ ခုနှစ်က ဖြစ်ပွားတဲ့ H5N1 နဲ့မတူပါဘူး။ အဲဒီတုန်းက H5N1 ကြောင့် ကမ္ဘာတစ်ဝန်း လူပေါင်း ၃၆၀ လောက်သေဆုံးခဲ့ရပါတယ်။ ယခုဗိုင်းရပ်စ်ကတော့ တိရစ္ဆာန်မှ လူကိုကူးစက်တာဖြစ်ပြီး လူအချင်းချင်းကူးစက်တဲ့ အထောက်အထားမတွေ့ရသေးကြောင်း ဒဗလျူအိတ်ချ်အိုက ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီရောဂါအမြန်ဆုံးထိန်းချုပ်သွားနိုင်ဖို့ အသိ သတိနဲ့ လုပ်ကိုင်သွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာသတင်း

မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်ရန်ပြင်ဆင်နေ

မြောက်ကိုရီးယားနိုင်ငံသည် စတုတ္ထမြောက် နျူကလီးယားစမ်းသပ်ရန် ပြင်ဆင်နေဖွယ်ရှိကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားသည်။ မြောက်ကိုရီးယား နျူကလီးယား အဓိက စမ်းသပ်နေရာတွင် သိသာလှုပ်ရှားသည့် လက္ခဏာများတွေ့ရကြောင်း တောင်ကိုရီးယား ပေါင်းစည်းရေးဝန်ကြီး ရိုခီဂျေးက လွှတ်တော်အမတ်များကို ပြောကြားသည်။ ဖေဖော်ဝါရီ ၁၂ ရက်က မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်နေရာတွင် အလားတူ လှုပ်ရှားမှုများ တွေ့ရကြောင်းလည်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက အတည်ပြု ပြောကြားသည်။ ယင်းသတင်းသည် မြောက်ကိုရီးယားက လွှင့်ခဲ့သော သတင်းပတ်များအတွင်း အမေရိကန်နှင့် တောင်ကိုရီးယားကို တိုက်ခိုက်မည်ဟု သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နှင့်တူရကီပေါင်းပြီး ဆီးရီးယားကို ဖြုတ်ချမည်

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်၏ အစိုးရကို ဖြုတ်ချရန် အမေရိကန်-တူရကီပူးပေါင်းဆောင်ရွက်မှုအပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ချီးကျူးပြောကြားလိုက်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလုအား ဧပြီ ၇ က အစ္စတန်ဘူလ်၌ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် အထက်ပါအတိုင်း ချီးကျူးပြောဆိုလိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့် တူရကီတို့သည် ဆီးရီးယားတွင် ငြိမ်းချမ်းရေးရသည်အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောသည်။ ၎င်းသည် ပင်လယ်ရပ်ခြား ၁၀ ရက် ခရီးစဉ်၏ အဓိကအပိုင်းအဖြစ် တူရကီနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ် ရွေးကောက်ပွဲပြိုင်မည်

ပါကစ္စတန်စစ်ဘက်ခေါင်းဆောင်ဟောင်း ပါဗက်ဇ်မူရှာရက်ဖ်အား လာမည့်လ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးကောက်ပွဲကော်မရှင်က သဘောတူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ်သည် ချစ်ထရယ်ခရိုင်မြောက်ပိုင်းမှ ရွေးကောက်ပွဲဝင်မည်ဟုဆိုသည်။ ၎င်းသည် ပါကစ္စတန်ကို အာဏာသိမ်းခဲ့ပြီးနောက် ကိုးနှစ်ကြာ နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ သူသည် ၂၀၀၇ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ဘင်နာဇာဘူကို လုပ်ကြံခံရမှုတွင် လုံခြုံရေးအပြည့်အဝ မပေးနိုင်မှုဖြင့် စွပ်စွဲခံထားရသည်။ ထို့အပြင် လူဘားခဖောခေါင်းဆောင် နာဝပ်အက်ဘာဘူတီနှင့် ဆက်သွယ်မှုဖြင့်လည်း စွပ်စွဲခံထားရသည်။

မြင့်မောင်စိုး-စုစည်းသည်

သားသည်မိခင်များကိုယ်တိုင်နို့ချိုတိုက်ကျွေးပေး သားအိမ်ကင်ဆာအန္တရာယ်လွန်ကင်းဝေး

မိမိရင်သွေးငယ်များကို အနည်းဆုံး ၁၂ လမျှ ကိုယ်တိုင်နို့ချိုတိုက်ကျွေးခဲ့သော မိခင်များသည် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု နည်းပါးသည်ဟု ဩစတြေးလျရှိ ကာတင်တက္ကသိုလ် သုတေသနဌာန ပညာရှင်တစ်စု၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ယင်းသုတေသနပညာရှင်တစ်စုက နို့ချိုတိုက်ကျွေးမိခင်များတွင် သက်ရောက်မှုရှိနိုင်သော အကျိုးကျေးဇူးရလဒ်တို့ကိုသုတေသနက သရုပ်ခွဲဆန်းစစ်ပြီးနောက် ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုတက္ကသိုလ်မှ သုတေသီများက ဖြစ်ပွားမှုအကဲဖြတ်ထိန်းချုပ်ရေးအရ သုတေသနကို တရုတ်နိုင်ငံ ကျန်ကျို့ပြည်နယ်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က သားအိမ်ကင်ဆာဝေဒနာသည် ၄၉၃ ဦးနှင့် ဆေးရုံတက်မိခင် ၄၇၂ ဦးတို့၏ ကလေးနို့ချိုတိုက်ကျွေးမှုနှင့် နို့ရည်လိုအပ်သည့် လအပိုင်းအခြားတို့၏ အချက်အလက်တို့ကို စုဆောင်းသုတေသနပြုခဲ့သည်။

"သုတေသနအတွက် တရုတ်နိုင်ငံကို ရွေးရတာက လူဦးရေများပြားခြင်းကြောင့်လည်းပါပါတယ်။ ဦးရေများပြားတာကိုပဲ စူးစမ်းလေ့လာဖို့အတွက် သားအိမ်ကင်ဆာဖြစ်ပွားသူများလည်း အရေအတွက်များလို့လည်းဖြစ်ပါတယ်" ဟု ကာတင်တက္ကသိုလ် ကျန်းမာရေးပါမောက္ခကောလင်းဘင်းက ဆိုသည်။

ထိုကိစ္စအပြင် တရုတ်အမျိုးသမီးထုသည် အနောက်တိုင်းသူများနှင့် စာလျှင် နို့ချိုကိုယ်တိုင်တိုက်ကျွေးမှု ပိုမိုသည့်အတွက် ယင်းအချက်သည် စံပြသုတေသန နယ်မြေဖြစ်စေကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

မိခင်ဖြစ်သူ ကိုယ်တိုင်နို့ချိုတိုက်ကျွေးခြင်းသည် သားဥတည်ခြင်းကိုရံခါဆိုသလိုပင် ကြန့်ကြာမှုဖြစ်ပွားစေကြောင်း၊ ယင်းကြောင့်ပင် သားအိမ်ကင်ဆာဖြစ်ပွားမှု လျော့နည်းရခြင်း ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကာတင်တက္ကသိုလ် ထုတ်ပြန်သည့် သုတေသနစာတမ်းတွင် ဖော်ပြသည်။

သိသာစွာလျော့နည်း

ယင်းအဖွဲ့၏ သုတေသနပြုချက်က ထင်ရှားစွာ လက်တွေ့ထုတ်ပြလိုက်နိုင်သည်မှာ လ ၂၀ ကြာ နို့တိုက်ကျွေးသောမိခင်များတွင် သားအိမ်ကင်ဆာဖြစ်ပွားမှု သိသာစွာ လျော့နည်းမှုက ၅၀ ရာခိုင်နှုန်းထိရှိသည်ဟုဆိုသည်။

သဘာဝပေးသောအကျိုးကျေးဇူး

သုတေသနရလဒ်ကြောင့် တစ်ထစ်ချ ပြောနိုင်သည့်အချက်မှာ နို့ချိုတိုက်ကျွေးမှုအချိန်ကြာလေ ကလေးရော လူကြီးပါ များစွာအကျိုးရှိလေဟု သိရသည်။ ၁၂လကြာမျှ နို့ချိုတိုက်ကျွေးမှုသည် ကျန်းမာရေးရလဒ်ကောင်းများ များစွာရရှိစေသော သဘာဝကပေးသည့် အကျိုးကျေးဇူးပါဟု ပါမောက္ခကောလင်းက ပြောကြားခဲ့သည်။

မောင်သံဆင့် – ရေးသားသည်



မြို့ပြလေထုသန့်ရှင်းစေမည့် အစိမ်းရောင်မြို့ပြနံရံများ

အစိမ်းရောင်မြို့ပြနံရံများဆိုသည်မှာ အစိမ်းရောင်နွယ်ပင်များပေါ်များစွာ တွယ်ကပ်ပေါက်ရောက်လျက်ရှိသည့် နံရံကို ဆိုလိုပါသည်။ ယင်းကဲ့သို့ စိမ်းစိမ်းညို့ညို့သက်ရှိနံရံများကို အချို့သော မြို့ကြီးပြကြီးများတွင်မှ တွေ့ရှိရတတ်ပါသည်။ ဥပမာပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အဆိုပါ အစိမ်းရောင်သက်ရှိနံရံများကို မြင်တွေ့ရနိုင်ပါသည်။

အစိမ်းရောင်အပင်များ တွယ်ကပ်ပေါက်ရောက်လျက်ရှိသောနံရံသည် အလှအပအတွက်သာဖြစ်သည်ဟု မဆိုသာချေ။ သို့သော် ၎င်းတွင် ကောင်းကျိုးပြုပေးနိုင်သော အခြားအချက်များရှိနေပါသေးသည်။ ယင်းအဆောက်အအုံတွင် နေထိုင်သူများအား အေးမြမှုကိုပေးနိုင်ရုံသာမက ပြင်ပမှဆူညံသံများကိုပါ လျှော့ချပေးနိုင်စွမ်းသည့်အပြင် အဆောက်အအုံ၏ ခိုင်ခံ့မှုခန့်ထည်မှုစသော ကောင်းကျိုးများကို ဖြစ်စေနိုင်ပါသည်။

ထိုထက်ပို၍ မကြာသေးမီက ခေတ်မီလေ့လာမှုတစ်ခုတွင် အဆိုပါ အစိမ်းရောင်သက်ရှိနံရံက အဆောက်အအုံများကြား လမ်းမြောင်လမ်းကြားများထဲရှိ များပြားလှသော လေထုညစ်ညမ်းမှုပမာဏအား လျှော့ချပေးနိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်ဟု ဆိုထားသည်။ ယင်းလေ့လာမှုသည် ဂျာမနီနိုင်ငံ Karlsruhe သိပ္ပံနည်းပညာသက်မွေးကျောင်းမှ ဇီဝဘူမိဓာတုဗေဒပညာရှင် သောမတ်ပွတ်ချ်နှင့် ၎င်း၏ အဖွဲ့ဝင်များက ကွန်ပျူတာဖန်တီးမှုတစ်ခုဖြင့် အစိမ်းရောင်နံရံများတည်ဆောက်ကာ၊ အမျိုးမျိုးသော အကြောင်းအရာ အချက်အလက်များ ဥပမာလေတိုက်နှုန်းနှင့်အဆောက်အအုံတည်ရှိပုံ စသည်တို့ကို အခြေခံကာ ဓာတုတုံ့ပြန်မှုများကို မှတ်သားအဖြေရှာခဲ့ကြခြင်းဖြစ်သည်။ မော်တော်ကားများမှ ထုတ်လွှတ်သောဓာတ်ငွေ့များ လျှော့ချခြင်းကို နှိုင်းယှဉ်ကာ အစိမ်းရောင်မြို့ပြနံရံသည် လေထုညစ်ညမ်းမှု လျှော့ချရေးကို ဦးတည်ထားသော မဏ္ဍိုင်တစ်ရပ်ဖြစ်လာမည်ဟု သုတေသနစာတမ်းရေးသားသူ ပွတ်ချ်ကဆိုသည်။

"အစိမ်းရောင်မြို့ပြနံရံတွေဟာ ပူအိုက်ညစ်ညမ်းရာနေရာများအတွက် လေထုအရည်အသွေးကောင်းမွန်စေမယ့် ဝိသေသကွဲ တစ်မူထူးဖြေရှင်းနည်းတစ်ရပ်အဖြစ် အစိုးရအနေနဲ့ စီမံကိန်းများမှာ အသုံးချသွားနိုင်မှာပါ " ဟု ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။

မြတ်မွန်ထွေး

ဆောင်းပါး

အပူဒဏ်အန္တရာယ် ကျန်းမာရေးအသိဖြင့် သတိပြုကာကွယ်

တင်ထွင့်(အစိုးရတိုင်းရင်းဆေး)

ယနေ့မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ရာသီဥတုပြောင်းလဲခြင်းကြောင့် လည်းကောင်း၊ လူသားတို့၏ ပယောဂကြောင့်လည်းကောင်း ဖြစ်ပေါ်လာရသည့် ထူးခြား မိုးလေဝသဖြစ်စဉ်များ၊ အစွန်းရောက်မိုးလေဝသဖြစ်စဉ်များနှင့် ဆက်နွှယ်နေကြသည့် သဘာဝဘေးအန္တရာယ်များဖြစ်ကြသော မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းဒီရေတက်ရောက်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း စသည့် ယနေ့ ၂၁ရာစုအတွက် စိန်ခေါ်မှုများကို နိုင်ငံအလိုက် လိုအပ်လျက်ရှိသည့် ပိုမိုကောင်းမွန်သော မိုးလေဝသနှင့်ရာသီဥတု ဝန်ဆောင်မှုများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းစဉ်များကို နိုင်ငံ တကာအဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိသည့်နည်းတူ ယခုရက်ပိုင်းအတွင်း ခံစားလျက်ရှိကြသည့် ရာသီဥတုပူပြင်းမှုဒဏ်ကြောင့် တွေ့ကြုံရနိုင်သည့် ကျန်းမာရေးဆိုင်ရာဂရုပြုသင့်သည့် အချက်များနှင့်စပ်လျဉ်းပြီး သိရှိလိုက်နာကျင့်ကြံဆောင်ရွက်သင့်သည်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အနေဖြင့် ရေးသားတင်ပြမည်ဖြစ်ပါသည်။

ရာသီဥတုပူပြင်းမှုဒဏ်ကြောင့် လူတိုင်း၏ ခန္ဓာကိုယ်အသီးသီးတွင် ချွေးထွက်မှုလွန်ကဲကာ မိတ်နှင့်ယားဖုများထွက်ခြင်း၊ ခန္ဓာကိုယ်အနေဖြင့် အလိုလိုပင်ပန်းနွမ်းနယ်မှုခံစားရခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်းစသည့် ဝေဒနာများခံစားနေကြရသည့်အပြင် ချွေးစေးများထွက်ခြင်း၊ ချွေးများခန်းခြောက်ပြီး ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်း၊ သတိလစ်ခြင်းစသည့် ဆိုးရွားသည့်အဆင့်များသို့ရောက်ရှိလျက် အသက်အန္တရာယ်ကိုပါ ထိခိုက်စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ ထို့ကြောင့် မလိုလားအပ်သည့် အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်ကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိပါသည်။

အပူလွန်ကဲသော နွေရာသီ၌ ချဉ်၊ ငန်၊ စပ် အပူစာများကို များစွာစားသုံးခြင်းမှ ဂရုပြုရှောင်ကြဉ်ရန်လိုပါသည်။ ယင်းသို့ စားသုံးမိပါက အပူလွန်ကဲပြီး ဝမ်းလျှောခြင်း၊ ချွေးထွက်လွန်၍ အင်အားကုန်ခန်းခြင်းများ ဖြစ်တတ်ပါသည်။ တစ်ဖန် ခါးငန်သော (ဝါယောခေါ် လေဓာတ်ကိုဖြစ်စေသော) အရသာရှိသည့် အစားအစာများ စားလွန်ပါကလည်း မီးလောင်ရာလေပင့်သကဲ့သို့ မီးအား(အပူဓာတ်)ပိုမိုတောက်လောင်စေမည်ဖြစ်သည်။ ထို့ကြောင့် ယခုပူအိုက်သော ရာသီဥတုတွင် အပူစာများကို လွန်ကဲစွာစားသောက်ခြင်းနှင့် အအေးစာများကိုလည်း လွန်ကဲစွာစားသောက်ခြင်းတို့မှ ရှောင်ကြဉ်သင့်ပေသည်။ ဥတုနှင့်အညီ စားသုံးသင့်သော အစားအစာမျိုးကို သာဓကအဖြစ် တင်ပြရမည်ဆိုပါက နံနက်ပိုင်း၊ ညနေပိုင်းနှင့်ညပိုင်းအချိန်(အပူချိန်လျော့နည်းသောအချိန်)များတွင် ကော်ဖီနွေးနွေး၊ လက်ဖက်ရည်နွေးနွေး၊ စွပ်ပြုတ်၊ သာကူနွေးနွေး၊ နို့နွေးနွေး၊ ရေနွေးကြမ်း၊ ဟင်းချို၊ ဟင်းခါးနွေးနွေးတို့ကို စားသုံးရန်နှင့်နေ့လယ်ပိုင်း ပူသောအချိန်တွင်ကား ဖရဲသီး၊ သခွားမွှေးသီး၊ စိမ်းစားဥ၊ သင်္ဘောသီးဖျော်ရည်(ရေခဲမပါ)တို့ကို အနည်းငယ်မျှသာ သောက်သင့်ပေသည်။ အခြား စားသုံးသင့်သည့် အစားအစာများမှာ ဆူးပုပ်ရွက်၊ ကုက္ကိုရွက်၊ ခွေးတောက်ရွက်၊ ထနောင်းရွက်၊ ဖျောက်ဆိပ်ရွက်၊ ပိုးစာရွက်၊ ဒန့်သလွန်ရွက်နှင့် အသီး၊ ဥသျှစ်ရွက်နှင့်အသီး၊ ရဲယိုသီးနှင့်အရွက်၊ သင်္ဘောသီးစိမ်းနှင့် အရွက်၊ ချင်း၊ ငရုတ်ကောင်း၊ ခါသား၊ ချိုးသား၊ ဆက်ရက်သား၊ ဆိတ်သား၊ သိုးသား၊ နွားသား၊ ကြက်သား စသည်တို့ဖြစ်ပါသည်။

ပူသောဥတုတွင် မသင့်လျော်ဆုံးအာဟာရသည် ရေခဲဖြစ်ခြင်းကို ဂရုပြုရန်လိုပါသည်။ ရေအေးအေးသောက်လိုပါက သောက်ရေကို သဲအိုး၊ ရေတကောင်းတို့တွင်ထည့်ကာထားပြီး သောက်သုံးသင့်ပါသည်။ ရိုးရိုးရေအေးသည် ဝမ်းမီးကို မထိခိုက်စေသော်လည်း ရေခဲသည်ကား ဝမ်းမီးကို ထိခိုက်စေပါသည်။ "အစိဏ္ဏကံရောဂါမူလံ"ဟုဆိုသည့်အတိုင်း "မကြေကျက်သော ဝမ်းမီးသည် ရောဂါတို့၏ မူလအရင်းအမြစ်ပင်တည်း"ဟု အဓိပ္ပာယ်ပြဆိုပေရာ ကျန်းမာခြင်းအတွက် ဝမ်းမီးမျှတရန် အရေးကြီးသည့်နည်းတူ ရေသောက်သုံးရာတွင်လည်း ဝမ်းမီးမျှတမှုကို မထိခိုက်စေရန် ဂရုပြုရမည်ဖြစ်သည်။

ရေသောက်ခြင်းနှင့်စပ်လျဉ်း၍ ရေသောက်ရာတွင် သန့်ရှင်းသော ရေကောင်းရေသန့်ဖြစ်ရန်လိုအပ်ပြီး သာမန်လူကောင်းတစ်ဦးအနေဖြင့် နေ့စဉ်ရေသန့်ဘူးသုံးဘူးခန့်(တစ်နည်း) ရေ ၇၅ ကျပ်သား (သို့မဟုတ်) တစ်ပိဿာပမာဏခန့် သောက်သုံးသင့်ပါသည်။ နံနက် အိပ်ရာထ မျက်နှာသစ်ပြီးသည်နှင့် တစ်ပြိုင်နက် ညဉ့်သိပ်ရေ နှစ်ဖန်ခွက် (သို့မဟုတ်) ၂၅ ကျပ်သား ပမာဏခန့် သောက်သုံးရပါမည်။ သတိပြုဆင်ခြင်ရန်အချက်မှာ ရေအေးတစ်လှည့်၊ ရေနွေးတစ်လှည့်ဖြစ်စေ၊ တစ်ချိန်တည်းတွင် ရေနွေးနှင့် ရေအေးအပြောင်းအလဲပြု၍ ဖြစ်စေသောက်ခြင်း၊ ထမင်းစားနေစဉ် အလွန်အကျွံရေသောက်ခြင်းတို့ကို မပြုလုပ်ရန် ဂရုပြုရပေမည်။ ရေအေး၏အကျိုးဂုဏ်သတ္တိများမှာ မူးဝေခြင်း၊ တွေဝေမိန်းမောခြင်း၊ အော့အန်ခြင်း၊ အပူဖျားခြင်း၊ စမြင်းထိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စသည့် ဝေဒနာများကို သက်သာစေပြီး ခရီးရှည်သွားသူ၊ သီလဆောက်တည်သူများ၊ ပြင်းထန်စွာလှုပ်ရှားမှုပြုပြီး ရေငတ်သူ၊ ကြောက်ရွံ့ထိတ်လန့်သူ၊ ဒေါသပြင်းထန်စွာဖြစ်ပွားသူများသည် ရေအေးကို သောက်သုံးသင့်ပါသည်။ ထို့အပြင် ရေနွေး၏အကျိုးဂုဏ်သတ္တိများအနေဖြင့် မပူလွန်းသောရေနွေးသည် ဆီးရွှင်စေခြင်း၊ ဝမ်းမီးကို တောက်စေပြီး အစာကိုကြေညက်စေသဖြင့် လည်ချောင်းရှင်းသန့်စေခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးသွက်လက်စေခြင်း၊ သလိပ်၊ လေ၊ ချောင်းဆိုး၊ ပန်းနာ၊ လေနာ၊ အစာမကြေ၊ ကြို့ထိုး၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းသက်၊ နှုတ်မမြိန်၊ လေထိုး၊ ရင်ကျပ်၊ နှာစေးခြင်းစသော ဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။

ရေချိုးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်များပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ယခုအပူချိန်လွန်ကဲသည့် နွေဥတုအခါသမယတွင် အထူးဆင်ခြင်ဂရုပြုရမည်ဖြစ်ပေသည်။ ရေမချိုးမီ ရေကိုဝအောင်တစ်ခွက်သောက်ပြီးနောက် ခြေမျက်စိအောက်မှစတင်၍ ခြေသလုံး၊ ခြေသလုံးမှ ပေါင်၊ ပေါင်မှခါး၊ ခါးမှမျက်နှာအထိ၊ တဖြည်းဖြည်းလောင်းချိုးပေးခြင်းသည် အကောင်းဆုံးရေချိုးနည်းစနစ် အမှန်ပင်ဖြစ်ပေသည်။ ရေချိုးပြီးပါက ခန္ဓာကိုယ်တွင် ရေများခြောက်သွေ့အောင် မျက်နှာသုတ်စောင်ဖြင့်သုတ်ပြီး လေကွယ်ရာနေရာတွင်နေလျက် ရေနွေးပူပူတစ်ခွက်ဖြစ်စေ၊ ကော်ဖီပူပူတစ်ခွက်ဖြစ်စေ၊ ဂျင်း (ချင်း)နှင့် ထန်းလျက်ကို ရေနွေးတွင်ပြုတ်၍ဖြစ်စေ သောက်ပါက အပူငုပ်ခြင်းမှ ကာကွယ်နိုင်ပါသည်။

နွေရာသီကာလတွင် ခေါင်းအုံခေါင်းကိုက်၊ ခေါင်းခဲရောဂါများ၊ အပူဝင်၊ အပူငုပ်ရောဂါ၊ မျက်စိကျိန်း၊ မျက်စိနာရောဂါ၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ရောဂါနှင့် နှာခေါင်းသွေးလျှံခြင်းစသည့် ရောဂါများဖြစ်ပွားလေ့ရှိပါသည်။

(၁)ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ။ ။ ဖြစ်ပွားရသည့်အကြောင်းမှာ များသောအားဖြင့် နေပူ မီးပူလွန်စွာခံခြင်း၊ အချိန်အခါမဲ့ရေချိုးခြင်း၊ လေတိုက်ခြင်းကို အချိန်ကြာမြင့်စွာခံခြင်း၊ အပင်ပန်းခံခြင်း၊ ဆီးဝမ်းချုပ်ခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။

ယင်းရောဂါများဖြစ်ပွားသောအခါ ခန္ဓာကိုယ်၏အပူချိန်များတိုးလာခြင်း၊ သွေးတိုးနှုန်းမြန်လာခြင်း၊ ချွေးငုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးသွားသည့်ပမာဏနည်းခြင်း ကိုယ်လက်အင်္ဂါကိုက်ခဲခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

ယင်းရောဂါမဖြစ်ပွားရေးအတွက် ပြုမူနေထိုင်ရမည့်နည်းလမ်းများမှာ နေပူ မီးပူတို့ကို လွန်ကဲစွာခံစားခြင်းမှ ရှောင်ကြဉ်ရန်၊ အချိန်မှန်မှန်ရေချိုးရန်၊ လေတိုက်ခြင်းကို အချိန်ကြာမြင့်စွာ ခံစားခြင်းမှ ရှောင်ကြဉ်ရန်၊ အပူစာ၊ အအေးစာများကို လွန်ကဲစွာစားသုံးခြင်းမပြုရန်၊ ဆီးဝမ်းတို့ကို မှန်မှန်သွားရေးအတွက် မှန်ကန်စွာပြုပြင်ပေးရန် စသည်တို့ ဖြစ်ပါသည်။

ယင်းရောဂါဖြစ်ပွားပါက ပြုစုကုသရမည့် နည်းလမ်းများမှ ချွေးထွက်စေရေးအတွက် ကွမ်းရွက်နှင့် ထန်းလျက်တို့ကိုပြုတ်ပြီး ယင်းပြုတ်ရည်ပူပူကို သောက်ရန်၊ လေလုံသောအခန်း၌နေရန်၊ အဝတ်ထူထူဝတ်ရန်၊နန္ဒင်းမှိုင်းသို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် ၄၃ (အကင်း ၁၀ပါး)ဆေးကို မှိုင်းခံပြီးရှူရန်၊ ဝမ်းနုတ်ပေးရန်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် -၁၇ (သွေးဆေးနီကြီး)ကို ကွမ်းရွက်ပြုတ်ရည်နှင့် လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက နှစ်ရွေးသား တစ်နေ့လျှင်သုံးကြိမ်နှုန်းဖြင့် သုံးရက်တိုက်ပေးရန်နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅ (မတဲမြင်းမိုရ်ကုန်းဆေး) ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသား တစ်နေ့လျှင် သုံးကြိမ်နှုန်းဖြင့် သုံးရက်တိုက်ပေးရန်တို့ ဖြစ်ပါသည်။

(၂)အပူဝင်၊ အပူငုပ်ရောဂါ။ ။ ဖြစ်ပွားရသည့်အကြောင်းများမှာ အအေးမိခြင်း၊ ရေချိုးမှားခြင်း၊ ဆီးနှင့်ဝမ်းတို့အချုပ်ခံခြင်း၊ အအေးသောအစာများကို လွန်ကဲစွာစားသုံးခြင်း၊ အေးသောဥတုနှင့် ကြုံကြိုက်ခြင်းစသည်တို့ကြောင့်ဖြစ်ပြီး ယင်းရောဂါဖြစ်ပွားသည့်အခါ ခန္ဓာကိုယ်အပူချိန်မညီမျှခြင်း၊ (ထက်၊ အောက်တစ်ခြမ်း စသည်တို့တွင် ပူခြင်း၊အေးခြင်းနှစ်မျိုးတွေ့ရတတ်သည်။) လေးလံထိုင်းမှိုင်းခြင်း၊ ချွေးငုပ်ခြင်း၊ နှာရည်မျက်ရည်ယိုခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူခြင်း၊ ဝမ်းချုပ်ခြင်း စသည့် လက္ခဏာများတွေ့ရှိရတတ်ပါသည်။

ယင်းရောဂါဖြစ်ပွားသည့်အခါ ကုသရမည့်နည်းလမ်းများမှာ အအေးမမိစေရန်၊ ရေချိုးမမှားရန်၊ ဆီးဝမ်းအချုပ်မခံရန်၊ အေးသောအစာများကို လွန်ကဲစွာ စားသုံးခြင်းမပြုရန် စသည်တို့ကို ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ပြီး ခေါင်းအုံ၊ ခေါင်းကိုက်ရောဂါကို ပြုစုကုသသည့်နည်းတူ ကုသပေးရမည်ဖြစ်ပါသည်။ ထို့အပြင် နံနက်နှင့်နေ့တို့တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီကြီး)ကို ထန်းလျက်ပြုတ်ရည်နှင့် တိုက်ပေးရန်၊ ညနေတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅(မတဲမြင်းမိုရ်ကုန်းဆေး) ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့် တိုက်၍ ညတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉ (ဆီးဒူလာဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသားကို ရေအေးနှင့် တိုက်ပေးရန်ဖြစ်သည်။

(၃)မျက်စိကျိန်း၊ မျက်စိနာခြင်းဖြစ်ရခြင်းအကြောင်းမှာ။ ။ အပူမိခြင်း၊ အပူဝင်ခြင်း၊ နေပူမီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ အောက်ပိုင်းခန္ဓာကိုယ်များ အအေးမိခြင်းစသော အကြောင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ယင်းရောဂါဝေဒနာ၏ ဖြစ်ဆဲလက္ခဏာများအဖြစ် မျက်စိများကျိန်းခြင်း၊ မျက်သားများနီခြင်း၊ မျက်ရည်များယိုခြင်း၊ မျက်ရိုးများကိုက်ခြင်း၊ အလင်းရောင် မကြည့်လိုခြင်း(ကြောက်ခြင်း)၊ အလင်းမဲ့သောနေရာ၌ နေလိုခြင်းစသည်တို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ မဖြစ်ပွားအောင် ပြုမူနေထိုင်ရန် နည်းလမ်းများမှာ နေပူ၊ မီးပူတို့မှ ရှောင်ကြဉ်ရန်၊ အချိန်မဲ့ ခန္ဓာကိုယ်အောက်ပိုင်း ရေမထိစေရန်နှင့် ဆီး၊ ဝမ်းတို့ကို မှန်စွာပြုပြင်ပေးရန်တို့ဖြစ်ပါသည်။ ပြုစုကုသနည်းများမှာ မန်ကျည်းခေါက်ကိုသွေး၍ နဖူးကိုလိမ်းရန်၊ ဆင်တုံးမနွယ်နှင့်ဆားကိုသွေး၍ ဖြစ်စေ၊ ဆီးဖြူသီးနှင့်ဆားကိုသွေး၍ဖြစ်စေ၊ မျက်စိကိုကွင်းရန် ငှက်ပျောသီး ဖီးကြမ်းပျော့ပျော့ကိုစားရန်၊ နံနက်တွင် နွားနို့ကိုဆားငန်ငန်ခတ်၍ သောက်ရန်၊ ညတွင်မန်ကျည်းဖျော်ရည်ကို ဆားငန်ငန်ခတ်ပြီးသောက်ရန်၊ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာလောင်းပြီးမှသစ်ရန်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကန်းဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသားကိုလည်းကောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက နှစ်ရွေးသားကိုလည်းကောင်း သောက်စေပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃(အကင်း ၁၀ ပါးဆေး)ကို လိမ်းပေးရန်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ယဉ်ကျေးမှုဆိုင်ရာဟောပြောပွဲကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါက်တာခင်ဆွေမြင့် ရေးသားပြုစုသော "မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှု" အကြောင်းကို ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ရီရီစန်းက ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသွယ်သွယ်နွဲ့ ရေးသားပြုစုသော "မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံအကြောင်းနှင့် ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ်"စာတမ်းကို အထက (၂၂)မှ ဆရာမ ဒေါ်အေးမိုးအောင်က ဖတ်ကြားတင်ပြသည်။

တက်ရောက်

ယခု ပြုလုပ်သည့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲတွင် မြန်မာအမျိုးသမီးများ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ရေးအတွက် ခေတ်အဆက်ဆက် ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုများကို ပရိုဂျက်တာ ပါဝါပွိုင့်များဖြင့် ရှင်းလင်းပြသခဲ့ပြီး ဟောပြောပွဲသို့ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

သားဖွားခန်း ဝန်ဆောင်မှုပေးသူများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း ဝန်ဆောင်မှုပေးသူများ အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ဧပြီ ၂ ရက် နံနက်က ဒဂုံမြို့နယ် ရှင်စောပုလမ်း လွှတ်တော်ရုံးဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက အမှာစကားပြောကြားပြီးအသင်းခွဲ ၆၈ ၏အသင်းသား အသိအမှတ်ပြု ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များသို့ သန့်ရှင်းသော တစ်ခါသုံးမွေးဖွားရေးကိရိယာ(Clean Deliver Kit) နှင့် ယူနီဆက်ဖ်မှထုတ်ဝေသော ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားကလေးငယ်များလိုက်နာဆောင်ရွက်ရမည့် အချက်(၇)ချက်ပါ ပိုစတာကားချပ်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲမှ အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်ခင်အေးနွယ်က ပေးအပ်သည်။ ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်း ပြုပြင်ရန်အတွက် အလှူငွေကျပ် ခုနစ်သိန်းနှင့် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်း ပြုပြင်ရန် အလှူငွေကျပ်ငါးသိန်းတို့ကို ပေးအပ်သည်။ သားဖွားခန်းဝန်ဆောင်မှုပေးသူများ အရည်အသွေးမြှင့် သင်တန်းသို့ သားဖွားခန်း ၂၂ခန်းမှ သင်တန်းသူ ၂၃ ဦး တက်ရောက်ခဲ့ကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦးအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် UNDP တို့ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များ၊ တရားစီရင်ရေးမူဝါဒနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဦးဆောင်၍ တရားရုံးအဆင့်ဆင့်သည် တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှု အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၊ UNDP ၏ ၂၀၁၃-၂၀၁၅ ခုနှစ် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင် ပါဝင်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ထိရောက်သည့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် UNDP တို့ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်ဟန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်းအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင်(အမှတ်-၂၀)၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်က ဌာနဆိုင်ရာပေးသွင်းငွေများကို အထူးအစီအစဉ်ဖြင့် လက်ခံဆောင်ရွက်ပေးမည်

နေပြည်တော် ဧပြီ ၈

၂၀၁၃ ခုနှစ် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်၊ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်နှင့် စက်သုံးဆီ အရောင်းဆိုင်များ၏ ရောင်းရငွေများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့က ကောက်ခံရရှိသော လျှပ်စစ်မီတာခများ အဆင်ပြေလွယ်ကူစွာပေးသွင်းနိုင်ရေးအတွက် နှစ်သစ်ကူး ရုံးပိတ်ရက်များဖြစ်သော ဧပြီ ၁၄၊ ၁၇ နှင့် ၂၀ ရက်နေ့များတွင် အထူးအစီအစဉ်အဖြစ် ဘဏ်များဖွင့်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လက်ခံဆောင်ရွက်

ဤသို့ ဆောင်ရွက်ပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ဘဏ်ခွဲ (၃) ရန်ကုန်မြို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက် ဘဏ်ခွဲ (၁) မန္တလေးမြို့တွင်လည်းကောင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဟိုတယ်နှင့်ခရီးသွားပညာရပ်ဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အသိအမှတ်ပြု Star Resources ဟိုတယ်သင်တန်းကျောင်းဟိုတယ်ဝန်ဆောင်မှု ပညာရပ်ဆိုင်ရာသင်တန်းများဆင်းပွဲကို ဧပြီ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသိန်း၊ ကျောင်းအုပ်ကြီး ဒေါ်နေရည်အောင်၊ ဒုတိယ ကျောင်းအုပ်ဆရာဦးအောင်မြစိုးနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းနည်းပြများက ထူးချွန်သင်တန်းသား သင်တန်းသူများ၊ သင်တန်းများမှ သင်တန်းသား သင်တန်းသူ ၅၆၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အင်းစိန်စော်ဘွားကြီးကုန်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၈

ဧပြီ ၇ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် လေဆိပ်လမ်း ခြံဝင်းတစ်ခုအတွင်း၌ မီးလောင်နေကြောင်း ဖုန်းသတင်းပေးပို့ချက်အရ အင်းစိန်မြို့နယ် မီးသတ်စခန်းမှ ယာဉ်လေးစီး၊ မရမ်းကုန်းမြို့နယ်မှ တစ်စီး၊ ဌာနချုပ်မှ သုံးစီး၊ လေဆိပ်မီးသတ်မှ တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ်ကိုးစီး၊ ကွပ်ကဲမှုယာဉ်သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၅ မိနစ်၌ မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ခြံအတွင်း အမှိုက်နှင့် ရွှေပေါ်စာပုံများပေါ်သို့ မီးသွေးမီးကြွင်းမီးကျန်များပုံထားခဲ့ရာမှ စတင်မီးလောင်ခဲ့ပြီး ဆုံးရှုံးမှုအနည်းငယ်သာရှိခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့သူအား အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာမှ စုံစမ်းဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ကိုကြီးတင်

ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းအတွက် ခရီးသည်တင်ကားကြီးများ လမ်းလွှဲမောင်းနှင်ရန်သတ်မှတ်

၁။ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေလျှော့ရန်အတွက် ခုံးကျော်တံတားများကို တည်ဆောက်လျက်ရှိသည်။ ဘုရင့်နောင်လမ်းဆုံ၌ ဘုရင့်နောင်ခုံးကျော်တံတားလုပ်ငန်းများကို အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အပိုင်းလေးနေရာဖြစ်သည့် သမိုင်းဘူတာရုံလမ်း(အရှေ့ဘက်)၌ လမ်းလယ်အား နေရာယူ၍ ဆောင်ရွက်ရမည်ဖြစ်သည်။

၂။ ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ရာတွင် ခရီးသည်တင်ယာဉ် (ကားကြီး) ဘတ်စ်ကားလိုင်းများအား လမ်းလွှဲမှ မောင်းနှင်စေပြီး ခရီးသည်တင်ယာဉ် (ကားလတ်)၊ ကိုယ်ပိုင်ယာဉ်နှင့် Taxi များကိုသာ အဆိုပါလမ်းပေါ်မှ ဖြတ်သန်းခွင့်ပြုပေးမည်ဖြစ်ပါသည်။

၃။ လမ်းလွှဲမှမောင်းနှင်ရမည့် ခရီးသည်တင်ယာဉ် (ကားကြီး) ဘတ်စ်ကားလိုင်းများ အသုံးမပြုရသည့် လမ်းကြောင်းမှာ ၂၀၁၃ ခုနှစ်၊ ဧပြီ ၈ ရက်မှစတင်၍ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) မထသ (၃၆) အနီ ယာဉ် လိုင်းမှ တစ်စီး၊ အနောက်ပိုင်းခရိုင် (၃၃၃)ယာဉ်လိုင်းမှ ၂၆ စီး၊ မထသ (၄၈) အထူးယာဉ်လိုင်းမှ ၂၁ စီး၊ မထသ (၂၀၂) အထူးယာဉ်လိုင်းမှ ခုနစ်စီး၊ ရွှေဧည့်သည် ယာဉ်လိုင်း (၂၈) စီး၊ စုစုပေါင်း ၈၃ စီးသည် အင်းစိန်-ပေါက် တောဝလမ်းဆုံ၊ ဘုရင့်နောင်လမ်း၊ ၄င်းမှ စက်မှု ဆေးဝါးလမ်း၊ ဗဟိုလမ်း၊ ကြို့ကုန်းလမ်းဆုံ၊ ရန်ကုန်-အင်းစိန်လမ်းမကြီးအတိုင်း သမိုင်းလမ်းဆုံသို့ အသွားအပြန် အသုံးပြုရမည်ဖြစ်ပါသည်။

(ခ) ပါရမီ (၁၇၆) ယာဉ်လိုင်းမှ အစီး ၃၀ သည် ဘုရင့်နောင်တံတား၊ ဘုရင့်နောင်လမ်းဆုံ၊ ဘုရင့်နောင်လမ်း၊ ပါရမီလမ်း၊ ရန်ကုန်-အင်းစိန်လမ်းမကြီးအတိုင်း သမိုင်းလမ်းဆုံသို့ အသွားအပြန် အသုံးပြုရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ

ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းပေါ်ကျော်တက်

နေပြည်တော် ဧပြီ ၈

ဧပြီ ၇ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ပဏ္ဍိတလမ်းဆုံရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနီး လမ်းဘေး ပလက်ဖောင်းမြက်ခင်းပြင်ပေါ်သို့ ယာဉ်တစ်စီး အရှိန်လွန်ကျော်တက်ရောက်ရှိနေကြောင်း သတင်းအရ ဥတ္တရသီရိမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး မြင့်လေးသွားရောက်စစ်ဆေးရာ အင်ကြင်းပန်းအဝိုင်းဘက်မှ ကုမုဒြာကြာပန်းအဝိုင်းဘက်သို့ (ယာဉ်မောင်း/ယာဉ်အမှတ်စုံစမ်းဆဲ) မောင်းနှင်လာသည့် နီဆန်းမတ် ခဲရောင်ယာဉ်မှာ ရှေ့ယာဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ပလက်ဖောင်းပေါ်သို့ ကျော်တက်သွားကာ ရှေ့ယာဘက်ဘီးပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ယာဉ်မောင်း(စုံစမ်းဆဲ)မှာ ယာဉ်ကို အခင်းဖြစ်အရပ်တွင် ထားရှိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် နေပြည်တော် ယာဉ်မှုစစ်ဌာနမှ အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနား၌ နှုတ်ခွန်းဆက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ခြားတွင် အဆင့်မြင့်ပညာများ သင်ကြားနိုင်အောင် စီစဉ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံခြားက နာမည်ကြီး တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပညာသင်ကြားခွင့်ရရန် မိမိကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်တွင်းမှာလည်း အဆင့်မြင့်တက္ကသိုလ် ပညာရပ်များ သင်ကြားနိုင်အောင် အမေရိကန်နိုင်ငံက ဂျွန်ဟော့ကင်းတက္ကသိုလ်၊ ဂျပန်နိုင်ငံက နာဂိုယာတက္ကသိုလ်၊ ဩစတြေးလျနိုင်ငံက အမျိုးသားတက္ကသိုလ် စသည့် တက္ကသိုလ်များနှင့် ဒိုကနေ့ချိတ်ဆက်ဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့နိုင်ငံမှာ ရေခံမြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ သားငါး၊ သတ္တုစသည့် သဘာဝအရင်းအမြစ်များ ရှိကြောင်း၊ စားရေရိက္ခာအတွက် စိုက်ပျိုးထုတ်လုပ်နိုင်သော လယ်ယာမြေများရှိကြောင်း၊ သင့်တင့်မျှတသော ရာသီဥတုရှိကြောင်း၊ ပတ်ဝန်း

❖ ***ရှေ့ဖုံးမှ***

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များနှင့် ကင်းထောက်လူငယ်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို မိမိအပါအဝင် အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် တက်ရောက်အားပေးဂုဏ်ပြုကြသည့်အတွက် မောင်တို့မယ်တို့အတွက် ထူးခြားသောနေ့တစ်နေ့၊ မင်္ဂလာရှိသော နေ့တစ်နေ့ ဖြစ်ပါကြောင်း။

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသောဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအနက် အချို့သည်တစ်ချိန်က မောင်တို့မယ်တို့လိုပဲ ဘက်စုံထူးချွန်ခဲ့ကြသူများ၊ လူရည်ချွန်ဆုကို အကြိမ်ကြိမ် ဆွတ်ခူးရရှိခဲ့ကြသူများ အချို့ပါဝင်ကြပါကြောင်း၊ ယင်းပုဂ္ဂိုလ်များသည် တစ်ချိန်က မောင်တို့မယ်တို့လိုပဲ ကျောင်းသူကျောင်းသားတွေဖြစ်ခဲ့ကြပြီး ယခုအချိန်တွင် နိုင်ငံ့တာဝန်တွေကို ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်နေကြပြီဖြစ်ကြောင်း၊ ယနေ့နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်၊ဦးဆောင်နိုင်ငံဖြစ်ရန်၊ နိုင်ငံများကလေးစားရသော ဂုဏ်သိက္ခာရှိသော နိုင်ငံဖြစ်ရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးကဏ္ဍတွေမှာ အပြိုင်အဆိုင်ကြိုးစားနေကြသည့် အချိန်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် သူတို့၏နိုင်ငံ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးဆက်သစ် လူတော်လူကောင်းလူငယ်များကိုစဉ်ဆက်မပြတ် လေ့ကျင့်မွေးမြူပြီး နိုင်ငံတာဝန်တွေကို ပခုံးလွှဲပြောင်း တာဝန်ယူဆောင်ရွက်သွားစေသည့်အတွက် သူတို့နိုင်ငံများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည်ကိုတွေ့ကြရမည် ဖြစ်ကြောင်း၊ ယနေ့ ထိပ်တန်းရောက်နေသော မိမိတို့ရဲ့အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံသည် မကြာခင်ကာလကပင် သူတို့၏ ပဉ္စမမျိုးဆက်ခေါင်းဆောင်များကို ပခုံးလွှဲပြောင်းပေးပြီး သူတို့နိုင်ငံကို ယခုအခါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် စတင်ထူထောင်နေကြပြီဖြစ်ကြောင်း။

မောင်တို့မယ်တို့သည် တစ်ချိန်မှာ ကိုယ့်နိုင်ငံ၏တာဝန်တွေကို ပခုံးလွှဲပြောင်း တာဝန်ယူကြရမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်သည် မောင်တို့မယ်တို့၏ လက်ထဲမှာရှိနေကြောင်း၊ နိုင်ငံ၏ အနာဂတ်ကောင်းကျိုး ဆိုးကျိုးသည်လည်း မောင်တို့မယ်တို့၏ အရည်အချင်းပေါ်တွင် မူတည်နေကြောင်း၊ အရည်အချင်းဆိုရာတွင် ကျောင်းစာတစ်ခုတည်း တော်နေ တတ်နေရုံနှင့်မပြီးကြောင်း၊ ကိုယ်သင်ယူသည့် အတတ်ပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်ရမည်၊ စည်းကမ်းရှိရမည်၊ ကိုယ့်ကျင့်တရား၊ အကျင့်စာရိတ္တကောင်းရမည်၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရမည်၊ မြင့်မြတ်သောစိတ်ထားမွေးမြူပြီး တိုင်းပြည်နှင့် လူမျိုးကိုချစ်သော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိဖို့လိုကြောင်း။

ဘက်စုံထူးချွန် မောင်မယ်များ ပီပီဘက်စုံတော်အောင်၊ ကောင်းအောင် ကြိုးစားကြရမည်၊ သာမန်ကြိုးစားရုံနဲ့ မပြီးကြောင်း၊ ထူးချွန်အောင် ကြိုးစားရမည်။ သို့မှသာ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရသော မျိုးဆက်သစ်များဖြစ်လာမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့အစိုးရသစ်လက်ထက်တွင် အဋ္ဌမတန်းကနေပြီး ဒသမတန်းအထိ ဘက်စုံပညာထူးချွန်လူငယ်စုစုပေါင်း ၅၁၀ ဦး စတင်ရွေးချယ်နိုင်ခဲ့ကြောင်း၊ တက္ကသိုလ် အသီးသီးမှာရှိသော ထူးချွန်သည့် လူငယ်မောင်မယ်များကိုလည်း ရွေးချယ်သွားရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဲဒီအထဲကမှ အတော်ဆုံး အကောင်းဆုံးလူငယ်များကို နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အပန်းဖြေစခန်းအလိုက် ဘက်စုံပညာ ထူးချွန် လူငယ်များက အမှတ်တရလက်ဆောင်များ ဂါရဝပြု ပေးအပ်စဉ်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် UNDP တို့အကြား နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့အကြား နိုင်ငံဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့်အာရှပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Ajay Chhibber၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် UNDP ကိုယ်စား မြန်မာနိုင်ငံရှိ UNDP နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Toyli N.Kurbanov တို့က နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ Country Programme Action Plan အရ UNDP သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမေရိကန်ဒေါ်လာသန်း ၁၅၀ကို အကူအညီပေးအပ်မည် ဖြစ်ပြီး ပထမမဏ္ဍိုင်ဖြစ်သည့် စဉ်ဆက်မပြတ် လူ့အဖွဲ့အစည်းဆိုင်ရာ အလုံးစုံဖွံ့ဖြိုးမှု၊ ထိရောက်သော ဒေသတွင်း အုပ်ချုပ်မှုတို့အတွက် အမေရိကန်ဒေါ်လာ ၅၉ သန်း၊ ဒုတိယမဏ္ဍိုင်ဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်နှင့် သဘာဝဘေးအန္တရာယ်စွန့်စားရမှုလျှော့ကျရေးတို့အတွက် အမေရိကန်ဒေါ်လာ ၄၆ သန်းနှင့် တတိယမဏ္ဍိုင်ဖြစ်သည့် ဒီမိုကရေစီ အုပ်ချုပ်မှုနှင့် ထိရောက်သော ဖွံ့ဖြိုးမှုတို့အတွက် အမေရိကန်ဒေါ်လာ ၄၅ သန်းတို့ကို ခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း။

ယခုပေးအပ်သော အစီအစဉ်သည် မြန်မာနိုင်ငံက ၁၉၉၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၉ နှစ်ကြာ လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Human Development Initiative- HDI) ကိုသာ ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန်မှစ၍ Normal Country Status ကို ပြန်လည်ရရှိခဲ့သဖြင့်ပေးအပ်ခြင်းဖြစ်ပြီး ဖော်ပြပါမဏ္ဍိုင်(၃)ခုကို ချဉ်းကပ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် UNDP တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရေးအစီအမံများ ရေးဆွဲအကောင်

နေပြည်တော် မေ ၈

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ်ရှိ ဓာတုကင်းလွတ်သစ် စံပြစိုက်ခင်းရှိ သခွား၊ သခွားမွေး၊ ဖရဲ၊ ဖရုံ၊ ကြက်ဟင်းခါး၊ ခရမ်းချဉ်၊ ခရမ်း၊ သ ငရုတ်သီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြေ ဝန်ကြီး ဦးမြင့်လှိုင်သည် Japan International Cooperation Agency Hashi Gu Chi၊ Dr. Moto Yoshi Hikasa တို့နှင့် မေ ၈ ရက် နံန ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သက်တမ်းတို ရက်(၁၀၀)ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းနှင့် ပုလဲသွယ်စပ်မျိုးစပါးများ ပေါင်စနစ်ဖြင့်ပျိုးထောင်၍ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်နေသည့် စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနီးရှိ ဧက(၁၀၀) မျိုးစေ့ထုတ်စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း အဖိုလိုင်း-R နှင့် အမလိုင်း၏ -A စပါးပင်များ **(အပေါ်ယာပုံ)**၊ ချိုင်းကျေးရွာအနီး တောင်သူပညာပေး မြေပဲစိုက်ခင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဓာတုကင်းလွတ် ငှက်ပျောနှင့် ကျွဲကောသီးရောနှော စိုက်ခင်းများနှင့် ဟိုတယ်ဇုန်အနီး၌ စက်မှုလယ်ယာမြေစနစ်နွေစပါးစိုက်ဧက(၃၀၀၀) စိုက်ကွင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရာသီအလိုက် အဓိကစိုက်ပျိုးသည့် ဆန်စပါးနှင့် သီးနှံများကို ရေရှည်ခိုင်မာသည့် ဂျပန်နိုင်ငံ ဈေးကွက်သို့ စဉ်ဆက်မပြတ် ရောင်းချနိုင်ရေးအတွက်

ပြည်တွင်းသတင်း

ကျင်မှာ လူဦးရေများပြားပြီး ကြီးမားသော ဈေးကွက်ကြီးများရှိကြောင်း၊ မိမိတို့ လိုအပ်နေသည်မှာ အရင်းအနှီး၊ နည်းပညာနှင့်လူသားစွမ်းရည် အရင်းအမြစ်များ လိုအပ်နေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဒီ့မျှော်မှန်းသလို ဝင်ရောက်လာရင် အရင်းအနှီးတွေရလာမည်၊ နည်းပညာတွေရလာမည်၊ လူသားစွမ်းရည် အရင်းအမြစ်ဖြစ်သည့် မောင်တို့မယ်တို့ကဲ့သို့ ဘက်စုံပညာထူးချွန်သော လူငယ်များ အများကြီး မွေးရမည်၊ ဘယ်ကမွေးပေးမလဲဆိုရင် မိမိတို့ရဲ့ပညာရေးကမွေးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရဲ့ ပညာရေးကို တကယ်တတ်ကျွမ်းပြီး နည်းနည်း လေ့ကျင့်ပေးရုံနှင့် လုပ်ငန်းခွင်ကို တန်းဝင်လို့ရနိုင်သည့် ပညာရေးဖြစ်အောင် အဆင့်မြှင့်တင်ရမည်ဖြစ်ကြောင်း။

နောက်တစ်ခုက ကင်းထောက်လူငယ်များဖြစ်ကြောင်း၊ ယနေ့ဆိုရင် အလယ်တန်းအဆင့်ကျောင်းကျောင်းသားကျောင်းသူ ၂၀၀၀ကို ကင်းထောက်လူငယ်အဖြစ် ဖွဲ့စည်းပြီး နိုင်ငံတကာက ကင်းထောက်လူငယ်များနှင့် တန်းတူရည်တူလိုက်နိုင်ရန် မိမိတို့လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်များသည် မောင်တို့မယ်တို့ပြီးလျှင် နိုင်ငံအတွက် ဒုတိယမျိုးဆက်သစ်များ ဖြစ်ရမည်ဖြစ်ကြောင်း၊ ယခုကတည်းက စိတ်ဓာတ်ခိုင်မာအောင်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းအောင်၊အခက်အခဲတွေကို ကျော်လွှားနိုင်အောင် လူမှုဝန်ထမ်းစိတ်ဓာတ်၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုသော စိတ်ဓာတ်၊ စည်းလုံးညီညွတ်စွာနေထိုင်တတ်သော စိတ်ဓာတ်များကို ငယ်စဉ်ကတည်းက လေ့ကျင့်မွေးမြူပေးသွားရန်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အပါအဝင် ယခုလူငယ်တွေဟာ တစ်ချိန်တွင် အရည်အချင်းပြည့်ဝသော နိုင်ငံ့ခေါင်းဆောင်များဖြစ်လာရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်ကြောင်း၊ သက်တမ်းနုနယ်သေးသည့်အတွက် မိမိတို့နိုင်ငံမှာ ဒီမိုကရေစီအတွေ့အကြုံနှင့်ဒီမိုကရေစီအလေ့အကျင့်နည်းသေးကြောင်း၊ နိုင်ငံတိုင်းမှာ တရားဥပဒေဆိုတာ ရှိကြောင်း၊ နိုင်ငံသားတိုင်းသည် တရားဥပဒေကို လေးစားရကြောင်း၊ လိုက်နာရကြောင်း၊ တရားဥပဒေကို မျက်ကွယ်ပြုပြီး လူအုပ်စုဖွဲ့ကာ အနိုင်အထက် ပြုကျင့်မှုများသည် အကြမ်းဖက်ရမ်းကားမှုတွေသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီမဆန်သော ပြုကျင့်မှုသာဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့သည် ကျောင်းသားဘဝကတည်းက ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကို သင်ကြားရမည်။ လေ့လာမှတ်သားပြီးလက်တွေ့ကျင့်ကြံ အားထုတ်ပြုလုပ်ရမည်။ ကျောင်းများတွင် ကျောင်းကောင်စီများ ဖွဲ့စည်းထားကြောင်း၊ ကျောင်းကောင်စီများကတစ်ဆင့် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများနှင့်အတူ ဒီမိုကရေစီ၏တန်ဖိုးကို သိရှိနားလည်ပြီး အများကိုမထိခိုက်စေသော လွတ်လပ်မှုကို ကျောင်းသားဘဝကတည်းက ရယူတတ်သည့် အလေ့အကျင့်ရအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မောင်တို့မယ်တို့သည် တိုင်းပြည်၏ အနာဂတ်မျိုးဆက်သစ်များ ဖြစ်ကြောင်း၊ တိုင်းပြည်၏အနာဂတ်ကောင်းကျိုးဆိုးကျိုးများသည် မောင်တို့မယ်တို့အပေါ်တွင် အများကြီး မူတည်နေကြောင်း၊ ယနေ့ နိုင်ငံတိုင်းသည် ကိုယ့်တိုင်းပြည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်ပညာတတ်များ လူငယ်လူကောင်းလူတော်များကို အပြိုင်အဆိုင်မွေးမြူနေကြကြောင်း၊ မောင်တို့မယ်တို့အား လူကောင်းလူတော်တွေဖြစ်အောင် ပြုစုပျိုးထောင် ပေးနေခြင်းသည် တိုင်းပြည်အတွက် ဖြစ်သည်ဆိုသည်ကို သဘောပေါက်နားလည်ခံယူပြီး တော်သည်ထက် ပိုတော်အောင်၊ ကောင်းသည်ထက် ပိုကောင်းအောင် ကြိုးစားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးက ယခု ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များ ရွေးချယ်ဂုဏ်ပြုခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂံအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်းနှင့် ငွေဆောင် အပန်းဖြေစခန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ်များက တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ နေပြည်တော် ပျဉ်းမနား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားတစ်ဦးက 'ဇော်က' အကဖြင့် ကပြဖျော်ဖြေခြင်း၊ ကင်းထောက်လူငယ်များက တစ်ခန်းရပ်ပြဇာတ်များဖြင့် ဖျော်ဖြေခြင်း၊ နေပြည်တော် ပျဉ်းမနား အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူလေးများက 'အက'ဖြင့် ကပြဖျော်ဖြေခြင်း စသည်ဖြင့် တင်ဆက် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ အပန်းဖြေစခန်းအလိုက် ဘက်စုံပညာ ထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များက အမှတ်တရလက်ဆောင်များကို ဂါရဝပြုပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဘက်စုံပညာထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဘက်စုံပညာထူးချွန်လူငယ်များ ရွေးချယ်ရသည့်ရည်ရွယ်ချက်များမှာ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သောအကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့်စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့်ဒေသန္တရဗဟုသုတများ ရရှိလာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ စံပြနမူနာလူငယ်များ ပေါ်ထွန်းလာစေရန်တို့ ဖြစ်ကြောင်း သိရသည်။

အလားတူ ကင်းထောက်လူငယ်များ ရွေးချယ်ရသည့် ရည်ရွယ်ချက်များမှာ ကင်းထောက်လူငယ်အဖွဲ့သည် နိုင်ငံရေးမစွက် လူမှုဝန်ထမ်းသက်သက်မျှသာ ဖြစ်စေရေးကို ဦးတည် လေ့ကျင့်ပေးရန်၊ လူငယ်တို့ကို တာဝန်သိသော နိုင်ငံ့သားကောင်းဖြစ်စေရန်၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်စေရန်၊ မိမိကိုယ်ကို အားကိုးတတ်စေရန်၊ အမိန့်နာခံတတ်ရန်နှင့် သတင်းအမှန်ရရှိရေး ကြည့်ရှုလေ့လာစူးစမ်းတတ်စေရန်၊ လူသားအချင်းချင်း ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိကာ အများအကျိုးဆောင်ရွက်တတ်သည့် နိုင်ငံ့သားကောင်း ဖြစ်လာစေရန်၊ တာဝန်သိမှုနှင့်လွတ်လပ်မှုကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်ပြီး လူသားပီသသော လူအဖြစ် မိမိကိုယ်ကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်း ရှိစေရန်တို့ဖြစ်ကြောင်း သိရှိရသည်။

ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံ့သားကောင်း အခြေခံကောင်းများကို ပုံသွင်းလေ့ကျင့်ပေးနိုင်ရန်အတွက် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၁၇၀ စီဖြင့် စုစုပေါင်း၅၁၀ကို ရွေးချယ်ခဲ့ကြောင်း၊ အလားတူ ဆဋ္ဌမတန်း ကျောင်းသားကျောင်းသူ ၂၀၀၀ အား ကင်းထောက်လူငယ်များအဖြစ်ဖွဲ့စည်းကာ ကင်းစိတ်ခေါင်းဆောင်နှင့် ဒုတိယကင်းစိတ်ခေါင်းဆောင်လူငယ်မောင်မယ် ၄၈၀ တို့ကို နေပြည်တော် စုပေါင်းစခန်းတွင် လေ့ကျင့်ပေးနေကြောင်း၊ ယနေ့တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားတွင် အဆိုပါ ဘက်စုံပညာထူးချွန်လူငယ် ၅၁၀နှင့် စခန်းသွင်းလေ့ကျင့်ပေးနေသည့် ကင်းထောက်လူငယ် ၄၈၀ စုစုပေါင်း လူငယ်၉၉၀ တို့အား ဂုဏ်ပြုသည့်အခမ်းအနား ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံပညာထူးချွန် လူငယ်များနှင့် ကင်းထောက်လူငယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

... ဘက်စုံပညာ ထူးချွန်လူငယ်များနှင့် ကင်းထောက် ...ပ်စဉ်။

(သတင်းစဉ်)

...ပျိုးရေးကဏ္ဍများ ...ရေးဆွဲအကောင်အထည်ဖော်

... ဧပြီ ၈

...်ရှိ ဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ...၊ ခရမ်းချဉ်၊ ခရမ်း၊ သဘော်၊ ပြောင်းချို၊ ငရုတ်ချိုနှင့် ...စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ...ooperation Agency (JICA) မှ Dr. Kosei ...နှင့် ဧပြီ ၈ ရက် နံနက် ၇ နာရီတွင် သွားရောက်

...ဇာသီရိမြို့နယ် ...ရှိ ဧက(၁၀၀) ...၌ ပုလဲသွယ် ...ဖိုလိုင်း-R နှင့် ...စပါးပင်များ ...ကျေးရွာအနီး ...မြေပဲစိုက်ခင်း၊ ...ပ်ငန်း၊ ဓာတု ...င့် ကွဲကောသီး ...နှင့် ဟိုတယ် ...ယ်ယာမြေစနစ် ...၀၀) စိုက်ကွင်း ...ည့်ရှုစစ်ဆေးပြီး ...က ရာသီ ...ပျိုးသည့် ဆန် ...ရေရှည်ခိုင်မာ ...ဈေးကွက်သို့ စဉ် ...နိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး အစီအမံများကို ရေးဆွဲ အကောင်အထည်ဖော်ရေး၊ ဂျပန်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်နှင့် စိုက်ပျိုးရေးပို့ကုန်များအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အသွေးများ ပြည့်မီကိုက်ညီရေးအတွက် နည်းပညာပူးပေါင်းဖလှယ်ခြင်းအပါအဝင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပုဂ္ဂလိကကုမ္ပဏီများ၊ စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူများ နီးကပ်စွာပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၉-၄-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
၇း၅၀ ခါသကြံန်အဆိုအကများ
၈း၀၀ ပြည်တွင်းသတင်း+နိုင်ငံတကာသတင်း
၈း၂၀ SEA Games ဇာတ်လမ်းတို **တစ်ချိန်ကမှတ်တမ်း**
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၂၀ ဖန်တီးမှုရဲ့လျှို့ဝှက်ချက်
၁၀း၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၁း၀၀ ရယ်စရာတစ်ကွက်စာ
၁၂း၀၀ ပြည်တွင်းသတင်း+နိုင်ငံတကာသတင်း+မိုးလေဝသသတင်း
၁၂း၂၅ ဗီဒီယိုဇာတ်လမ်း **ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း** (ပထမပိုင်း) လွင်မိုး၊ ဇင်ဝိုင်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ညိုမင်းလွင်)
၁၃း၀၀ ပြည်တွင်းသတင်း
၁၃း၁၅ ဗီဒီယိုဇာတ်လမ်း **ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း** (ဒုတိယပိုင်း)
၁၄း၀၀ ပြည်တွင်းသတင်း
၁၄း၁၅ ဗီဒီယိုဇာတ်လမ်း **ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း** (တတိယပိုင်း)
၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၁၅ အိန္ဒိယရုပ်ရှင် **မီးလျှံကြားကအလွဲများ**(ဇာတ်သိမ်း)

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု)(မြန်မာစာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ SEA Games Go For Gold (ဘော်လီဘော)
၁၈း၀၀ ပြည်တွင်းသတင်း+မိုးလေဝသသတင်း
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း+နိုင်ငံတကာသတင်း+မိုးလေဝသသတင်း
၂၁း၀၀ ပြည်တွင်းသတင်း+နိုင်ငံတကာသတင်း
- **တည်ထောင်ပြုမယ်ပြည်ထောင်စု**
- Channel
အိန္ဒိယရုပ်ရှင် အချစ်ပြေးလမ်း (အပိုင်း-၁)

ကိုရီးယား-မြန်မာ ရထားပို့ဆောင်ရေးလုပ်ငန်းညှိနှိုင်း၊ ကုန်စည်အမြန်ပို့ဆောင်မှု၊ ဆိုးလ်မြေအောက်ရထားနှင့် မြန်နှုန်းမြင့်ရထားပြေးဆွဲမှုလေ့လာ

နေပြည်တော် ဧပြီ ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဧပြီ ၂ ရက်မှ ၅ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ ဆေဂျွန်မြို့၊ ဒေဂျွန်မြို့၊ ချန်ဝမ်မြို့နှင့် ဘူဆန်မြို့တို့သို့ သွားရောက်၍ ကုန်စည်အမြန်ပို့ဆောင်မှု၊ ခရီးသည်ပို့ဆောင်မှုနှင့် ရထားလုပ်ငန်း၊ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုလေ့လာခဲ့သည်။

ကိုရီးယား ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယား အမျိုးသားလွှတ်တော် အမျိုးသားကော်မတီဥက္ကဋ္ဌ Mr. Kim Jung- Hoon နှင့် ကိုရီးယားနိုင်ငံ ကုန်းလမ်း၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီး Mr. Suh Seoung-Hwan တို့ကို သီးခြားစီတွေ့ဆုံ၍ ကိုရီးယား-မြန်မာနှစ်နိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်းများ ပူးတွဲဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့ပြင် ဒေဝူးအင်တာနေရှင်နယ် Goyang အမြန်ရထားပြုပြင်ရေးစက်ရုံ၊ CJ ကိုရီးယားအမြန်ပို့ဆောင်ရေးလုပ်ငန်း၊ ကိုရီးယားရထားကွန်ရက်အာဏာပိုင်၊ KORAIL ရထားပို့ဆောင်ရေးလုပ်ငန်း၊ Hyundai Ratem ရထားတွဲထုတ်လုပ်ရေးစက်ရုံ၊ Busan Bus Terminal၊ Dohwa အင်ဂျင်နီယာလုပ်ငန်းဌာန၊ Soo Sung အင်ဂျင်နီယာလုပ်ငန်းဌာန၊ Shibundang DX Line မြေအောက် ရထားလိုင်းတို့ကို လေ့လာကြည့်ရှု၍(**အောက်ပုံ**) တာဝန်ရှိသူများနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ချင်းတိုင်းရင်းသားကလေးငယ်များ ရှင်သာမဏေနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ပခုက္ကူ ဧပြီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ တိလောကာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာကြသော ချင်းတိုင်းရင်းသားကလေးများအား သာမဏေနှင့် သီလရှင်ဝတ်ပွဲအခမ်းအနားနှင့် ဗုဒ္ဓဘာသာသာသနာ အဆုံးအမခံယူပွဲကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပ၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် တက်ရောက်ပြီး ချင်းတိုင်းရင်းသား ၆၃ ဦးတို့အား ဗုဒ္ဓအဆုံးအမခံယူခြင်း အထိမ်းအမှတ်အဖြစ် ဗုဒ္ဓရုပ်ပွားတော်များ၊ ဘုရားပုံတော်ပါ လည်ဆွဲများ၊ အဝတ်အထည်လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်တိုက်) မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအရိယဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ တိလောကာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသက ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာကြသော ချင်းတိုင်းရင်းသား တိုင်းရင်းသူများအား သရဏဂုံပေးခြင်း၊ သရဏဂုံအကြောင်းသိကောင်းစရာ တရားတော်များ ဟောကြားခဲ့ပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ချင်းတိုင်းရင်းသား တိုင်းရင်းသူများမှာ မင်းတပ်မြို့နှင့် ၂၅ မိုင်အကွာ ခွီးရိန်ရွာမှဖြစ်ပြီး ဗုဒ္ဓအဆုံးအမ ကြည်ညိုခံယူသည့်အပြင် ချင်းရိုးရာတေးသံသာ အဆိုအကများနှင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) နေဦးမောင်**

မန္တလေးမြို့တွင် ရေကစားမဏ္ဍပ်များကြောင့် ကျုံးပတ်လည်ရှိ သစ်ပင်များ ပျက်စီးဆုံးရှုံးနိုင်

မန္တလေး ဧပြီ ၈

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အောက်ပါအဓိကလမ်းမကြီးများ၏ ပလက်ဖောင်း၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ လမ်းမြေများအတွင်း ကျူးကျော်၍ လမ်းဘေး ဈေးရောင်းချခြင်း၊ ဆိုင်တည်ခင်းရောင်းချခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက ဒဏ်ငွေကျပ် ၃၀၀၀၀(သုံးသောင်းတိတိ) ဒဏ်တပ်ရိုက်မည့်အပြင် ရောင်းချသည့်ပစ္စည်းများ သိမ်းဆည်းခြင်းခံရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ထုတ်ပြန်ထားသည်။ "မန္တလေးမြို့မှာ သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲမယ့် ရေကစားမဏ္ဍပ်တွေက အကြမ်းထည် တည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်၊ မဏ္ဍပ်တွေကို အလှဆင်ရာမှာ ယခင်ခေတ်တွေကလို မြန်မာ့ရိုးရာပန်းချီကို အသုံးမပြုတော့ဘဲ စပွန်ဆာပေးတဲ့ ကုမ္ပဏီတွေရဲ့ အမှတ်တံဆိပ်တွေကိုသာ ဗီနိုင်းနဲ့ ချိတ်ဆွဲထားတာဟာ နှစ်အတော်ကြာနေပြီဖြစ်ပါတယ်။ မဏ္ဍပ်တချို့ဆိုရင် သူတို့ရဲ့မဏ္ဍပ်နဲ့မလွတ်တဲ့သစ်ပင်၊သစ်ကိုင်းတွေကို ညအချိန်မှာတရားမဝင်ခုတ်နေမှုကိုတွေ့နေရပါတယ်၊ အခုလို စည်းကမ်းမဲ့ သစ်ပင်ခုတ်တာကို မထိန်းသိမ်းရင် မန္တလေးကျုံးပတ်လည်မှာရှိတဲ့ သစ်ပင်တွေ ဆုံးရှုံးပျက်စီးနိုင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ ယခုနှစ် သင်္ကြန်ပွဲတော်တွင် ကျုံးပတ်လည်၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေလို၍ ၆၆ လမ်းတွင် ၁၂ လမ်းမှ ၂၆ လမ်းအတွင်း တောင်မှမြောက်သို့ လည်းကောင်း၊ ကျုံးအနောက်ဘက်လမ်း ၈၀၊ ၁၂လမ်းမှ ၂၆ လမ်းအတွင်း တောင်မှမြောက်သို့လည်းကောင်း၊ ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းမှ လမ်း ၈၀ အတွင်း အနောက်မှ အရှေ့သို့လည်းကောင်း၊ ကျုံး မြောက်ဘက် ၁၂ လမ်း၊ ၆၆ လမ်းမှ လမ်း ၈၀ အတွင်း အရှေ့မှ အနောက်သို့ လည်းကောင်း ဧပြီ ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ဧပြီ ၁၆ ရက် ည ၁၂နာရီ အထိ တစ်လမ်းမောင်း စနစ်ဖြင့်သာ မောင်းနှင်ကြရန် ထုတ်ပြန်ကြေညာထား သည်။ **(ဝ၄ဝ)**

မြို့နယ်သမဝါယမဝန်ထမ်း၊ ဒါရိုက်တာစွမ်းဆောင်ရည်ဆုများ ပေးအပ်

မန္တလေး ဧပြီ ၈

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမှုဆောင်ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားမှု ဆုပေးအပ်ပွဲကို ဧပြီ ၆ ရက် ညနေ ၄ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ချမ်းမြေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၌ ကျင်းပသည်။

အဆိုပါ ဆုပေးအပ်ပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာနအရာရှိ ဦးကျော်ဆန်းလင်း၊ အသင်းဒါရိုက်တာဥက္ကဋ္ဌ ဦးဘကြည်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းကိုင်တာဝန်ခံ ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဦးကျော်ဆန်းလင်းက သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းသားများ ယုံကြည်လာရေးအတွက် အမှုဆောင်ဝန်ထမ်းများ၏ စွမ်းစွမ်းတမံအကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအတွက် ဝမ်းသာဂုဏ်ယူကြောင်းပြောကြားပြီး အသင်းဒါရိုက်တာဥက္ကဋ္ဌက ဝန်ထမ်းများသည် တနင်္ဂနွေနေ့မှအပ နေ့စဉ်ဖွင့်လှစ်ပြီး အသင်းဆိုင်ရာလုပ်ငန်းများအတွက် ရိုးသားကြိုးစားခြင်း၊ အမှုဆောင်များအနေဖြင့်လည်း တာဝန်သိသိ ကြိုးကြပ်ဆောင်ရွက်ပေးခြင်းအတွက် စွမ်းဆောင်ရည်ဆု ပေးရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသင်းဒါရိုက်တာဥက္ကဋ္ဌ အမှုဆောင်စွမ်းဆောင်ရည်ဆုကို အဖွဲ့ဝင်ဦးအောင်သန်းအားလည်းကောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်ဆုကို ဝန်ထမ်းများအားလည်းကောင်း ပေးအပ်ခဲ့ပြီး ဝန်ထမ်းများကိုယ်စား အရောင်းတာဝန်ခံ ဒေါ်တင်မာရီက ကျေးဇူးတင်စကားပြောကြားသည်။ ဒါရိုက်တာအဖွဲ့ စွမ်းဆောင်ဆုအဖြစ် တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှင့် ဝန်ထမ်းများဆုကို လစာ၏ တစ်ဆခွဲ စွမ်းဆောင်ရည်ဂုဏ်ပြုဆု ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၆)**

စာပေမြင့်မှ လူမျိုးတင့်မည်

မဟာသင်္ကြန်အကြို အညာရေလှူပွဲ မုံရွာမြို့၌ ကျင်းပ

မုံရွာ ဧပြီ ၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော မုံရွာမြို့ရှိ ရေစည်လှည်းလက်တွန်းအဖွဲ့သားများ၏ တစ်ခုတည်းသော စုပေါင်းအညာရေလှူပွဲကို ယခုနှစ်တွင် (၁၃)ကြိမ်မြောက်အဖြစ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ဆားလင်းကြီးမြို့နယ် ထနောင်းကုန်းကျေးရွာ မိဘမဲ့ပရဟိတကျောင်းသို့ ဧပြီ ၁၂ ရက်တွင် လှူဒါန်းပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ရေလှူခဲ့တာတော့ ၂၅ နှစ်ရှိပါပြီ။ ငွေပဒေသာပင်ရော ရေပါတွဲလှူတာ ယခုကြိမ်ရောဆိုရင် (၁၃)ကြိမ်မြောက်ပါ။ တကယ်ကို သောက်သုံးရေရောဝတ္ထုငွေပါ လိုအပ်နေတဲ့ကျောင်းတွေမှာ ချွေးနည်းစာလေးတွေ စုပြီးလှူကြတာဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေနဲ့ စီးပွားရှာပြီး တစ်နှစ်တာကာလလုံးမှာ ခုလိုချင်းတွင်းမြစ်ရေနဲ့စုပေါင်းပြီး ကုသိုလ်ဒါနပြုရတာ အင်မတန်ဝမ်းသာမိပါတယ်။ ချင်းတွင်းမြစ်ကြီးက ကျွန်တော်တို့အတွက် ကုသိုလ်မြစ်ကြီးတစ်စင်းပါ"ဟု ရေစည်လှည်းသမားတစ်ဦးက ပြောကြားသည်။

ယခုနှစ်တွင် သွားရောက်လှူဒါန်းမည့် ကျောင်းမှာယမန်နှစ်ကလည်း ကျောင်းဆောင်တည်ဆောက်နိုင်ရန် ရေလှူပွဲအဖွဲ့က ငွေကျပ် ၁၉ သိန်းငါးသောင်းလှူဒါန်းခဲ့သော ကျောင်းလည်းဖြစ်သည်။

မုံရွာမြို့တွင် ရေစည်လှည်းပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး မဟာသင်္ကြန်အကြိုနေ့ မတိုင်မီရက်၌ မြို့တွင်းလှည့်လည်ကြပြီး သတ်မှတ်ရာကျောင်းသို့ ချင်းတွင်းမြစ်ကို ကူး၍သွားရောက်လှူဒါန်းကြမည်ဖြစ်ပြီး မုံရွာမြို့ပေါ်ရှိ နွေရာသီတွင် ရေအခက်အခဲရှိသော ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့လည်း အချိန်မရွေး အခမဲ့ရေကုသိုလ်ဒါနပြုနေကြောင်း ရေစည်လှည်းသမားများထံမှ သိရသည်။ **(အောက်ပုံ)** **အံ့ကြီးမောင်**

သင်္ကြန်ပွဲတော်အတွင်း ၂၄ နာရီကယ်ဆယ်ရေးလုပ်ငန်းများ နိဗ္ဗာန်သုခအသင်း (မန္တလေး) ဝန်ဆောင်မှုပေးမည်

မန္တလေး ဧပြီ ၈

မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ် ထန်းတောကျောင်းတိုက်အတွင်းတွင် တည်ထောင်ထားသော နိဗ္ဗာန်သုခအသင်း(မန္တလေး) သည် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ရက်များအတွင်း လက်ရှိဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများကို ရပ်နားမည်မဟုတ်ဘဲ ၂၄ နာရီပတ်လုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသော နာရေးကိစ္စများ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်မတော်တဆထိခိုက်မှုများကို ဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ ရေပြင်မြေပြင်အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်သွေးလှူဒါန်းခြင်းနှင့် အောက်စီဂျင်အိုးများ အခမဲ့ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးလှမောင်ကပြောကြားသည်။

"ကျွန်တော် အသင်းစတင်တည်ထောင်ကတည်းက သင်္ကြန်ပွဲတော်ရက်အတွင်းမှာ ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုအားလုံးကို ဒေသခံပြည်သူများအား ၂၄ နာရီပတ်လုံး အခမဲ့ဆောင်ရွက်ပေးနေပါတယ်။ အသင်းသား အသင်းသူများက သင်္ကြန်ရက်အတွင်းမှာ အသင်းကသတ်မှတ်ပေးထားတဲ့ အသင်းတာဝန်များကို စနစ်တကျ စည်းကမ်းရှိစွာ ကုသိုလ်ဖြစ်ထမ်းဆောင်ပေးနေလို့ နှစ်စဉ် ယခုလိုအောင်မြင်စွာဝန်ဆောင်မှုပေးနိုင်တာဖြစ်ပါတယ်။ အရင်နှစ်သင်္ကြန်ပွဲတော်တွေမှာ မတော်တဆထိခိုက်ဒဏ်ရာရရှိသူတွေ၊ ခိုက်ရန်ဖြစ်ပွားပြီး ဒဏ်ရာရရှိသူတွေကို ဆေးရုံပို့ပေးရတာ၊ ကျုံးနှင့် ဧရာဝတီမြစ်အတွင်း ရေနစ်လို့ ဆယ်ယူပြီးဆေးရုံပို့တာတွေ ဆောင်ရွက်ပေးခဲ့ရပါတယ်။ အရေးပေါ် ကိစ္စတွေနဲ့ ကြုံတွေ့လို့ အကူအညီတောင်းခံလိုရင် ဖုန်း-၀၂-၆၈၉၆၆၊ ၀၉-၆၅၀၀၇၅၂ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ကုန်းတန်းကြီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

မိတ္ထီလာ ဧပြီ ၈

မိတ္ထီလာမြို့နယ် ဇီးပင်ကုန်းကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာတွင် ဧပြီ ၄ ရက် ညနေ ၄ နာရီခွဲက တောင်သူဦးတင်အောင် (၄၇ နှစ်)၏ နေအိမ် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားသဖြင့် ဦးတင်အောင်၏ လေးပင်ပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံး၊ အိမ်နီးချင်းများဖြစ်သော ဦးကြံခင်၏ လေးပင်ပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံးနှင့် ဦးသန်းဝင်း၏ လေးပင်ပတ်လည် သွပ်မိုးထရံကာ နေအိမ်တစ်လုံး စုစုပေါင်းနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။ မီးလောင်မှုကြောင့် ငွေကျပ် သိန်း ၂၀ ကျော်ဖိုး မီးလောင်ဆုံးရှုံးပျက်စီးသွားပြီး ၃၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့သည်။ မီးလောင်မှုကို ရှမ်းမငယ် ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(ဝ၁၂)**

အင်းတော်၌ဆယ်ဘီးကားနှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူသေဆုံး

အင်းတော် ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် ဧပြီ ၅ရက်ညနေ ၄နာရီက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၄၀/၂ နှင့် ၁၄၀/၃ အကြား အောင်မေတ္တာရပ်ကွက်တွင် မိုးညှင်းမှ မန္တလေးသို့ အသွား NISSAN ဆယ်ဘီးကားနှင့် မျက်နှာချင်းဆိုင်မှ ဂျာလင်းဆိုင်ကယ်စီးနင်းလာသူတို့ လမ်းလုမောင်းနှင်ရာမှ တိုက်မိရာ ဆိုင်ကယ်စီးနင်းလာသူမှာဒဏ်ရာများရရှိ၍ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြပြီး ယာဉ်မောင်းနှစ်ဦးအားယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ကြပ်ကြီးစိုင်းယူအောင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းတော်ရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။ အဆိုပါ ဆိုင်ကယ်စီးနင်းလာသူမှာ ရရှိဒဏ်ရာများဖြင့် ဆေးရုံသို့ရောက်ပြီး ည ၇ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားသဖြင့် ပုဒ်မ ၃၀၄ (က)ဖြင့် ပြောင်းလဲအရေးယူထားကြောင်း သိရသည်။ "အခုလိုမျိုး အသက်အန္တရာယ် တွေ့ကြုံနိုင်လို့ ကျွန်တော်တို့အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြဖို့ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလကနေ ဧပြီ ၄ ရက်အထိ မော်တော်ယာဉ် ၁၅၄ စီး၊ ဆိုင်ကယ် ၅၂၁ စီး၊ ထော်လာဂျီ ၃၁ စီးနဲ့ သုံးဘီးဆိုင်ကယ် ၂၃ စီးတို့ကို စည်းကမ်းပျက်ယာဉ်များအဖြစ် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဆိုင်ကယ်စီးရင် ဦးထုပ်မဆောင်းတဲ့သူတွေများတယ်။ ဒီလောက်ပညာပေး အရေးယူဆောင်ရွက်နေတာတောင် အချို့ဝန်ထမ်းတွေ ပြည်သူတွေက နားမလည်ကြဘူး။ ကျွန်တော်တို့က စီးနင်းတဲ့သူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းအောင်လို့ ပြောပြပေးတာပါ"ဟု အဆိုပါယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့သည်။ **ကျော်သီဟ**

တောင်တွင်းကြီး၌ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဆင်း

တောင်တွင်းကြီး ဧပြီ ၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာတွင် မြတ်မင်္ဂလာနွေရာသီအခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ပွဲကို ဧပြီ ၅ နက် နံနက် ၉ နာရီက ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုက အမှာစကားပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးကော်မတီ ဦးထွန်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့်စကားပြော စွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(နိုင်ဝင်း)

မန်း၌ ယာဉ်ကြောပိတ်ဆို့မှုများကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

မန္တလေး ဧပြီ ၈

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်တည်ရှိရာ ၂၆ လမ်း၊ နာရီစင် ၈၄ လမ်းဆုံမှ ၂၇ လမ်း၊ ၂၈လမ်း မန်းမြန်မာပလာဇာ ၂၅ ထပ်ဈေးချိုတော်ဧရိယာပတ်လည်တွင် ဈေးရောင်းသူ၊ ဈေးဝယ်သူများ၏ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ကြာရှည်ရပ်ထားခြင်းကြောင့် ယာဉ်ကြောရှုပ်ထွေးပြီး သွားလာမှုခက်ခဲခြင်း၊ ယာဉ်အန္တရာယ်မကြာခဏဖြစ်ပေါ်နေမှုတို့ကို ကာကွယ်တားဆီးသည့်အနေဖြင့် ဈေးချိုတော်ဧရိယာပတ်လည်၌ ယာဉ်မရပ်ရနယ်မြေသတ်မှတ်၍ ယာဉ်ကြောပိတ်ဆို့ခြင်း မရှိစေရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်မန္တလေးမြို့တွင်းယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီတို့က ပူးပေါင်းရှင်းလင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီအောက်တွင် အများပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေး၊ စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် မြို့တွင်းပြေးယာဉ်အသင်းပေါင်း ၄၃ သင်းတို့မှ ယာဉ်စီးရေ ၈၃၃ စီး၊ နေ့စဉ်ပြေးဆွဲစီးရေ ၅၅၀ မှ ၆၀၀ ကြားရှိပြီး တစ်နေ့လျှင် ခေါက်ရေ ၁၃၀၀ ခန့် ပြေးဆွဲကာ အများပြည်သူများ ၅၀၀၀၀ ကျော်အား လိုရာခရီးသို့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **(၀၄၀)**

မိတ္ထီလာမြို့ဒုက္ခသည်များအတွက် ငွေနှင့်ပစ္စည်းများ အဆက်မပြတ်လှူဒါန်း

မိတ္ထီလာ ဧပြီ ၈

မိတ္ထီလာမြို့ဒုက္ခသည်များအတွက် အလှူရှင်၊ စေတနာရှင်၊ အသင်းအဖွဲ့များ၊ ဆရာတော်သံဃာတော်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ တစ်ဦးချင်းအလှူရှင်များက မိတ္ထီလာမြို့ ဆက်သွယ်ရေးညှိရိပ်သာရှိ အလှူငွေနှင့် ပစ္စည်းလက်ခံဌာနသို့ နေ့စဉ်အဆက်မပြတ် လာရောက်လှူဒါန်းနေကြသည်။

လှူဒါန်း

ယနေ့အထိ လာရောက်လှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများမှာ အလှူငွေကျပ် ၁၀၂၂၃၅၀၀၀၊ ခေါက်ဆွဲထုပ် ၁၂၀၂၅၆ ထုပ်၊ မုန့်မျိုးစုံ ၁၆၁၀၃ ထုပ်၊ အချိုရည် ၆၁၇၆ ဘူး၊ အဝတ်အထည် ၂၈၈၄ ထုပ်၊ ဆန်အိတ် ၆၄၇၆ အိတ်၊ ဆီ ၁၆၇၆ ပိဿာ၊ ပဲအိတ် ၂၆၇ အိတ်၊ ပန်းကန်၊ ဇွန်း၊ ဒန်အိုး၊ ဇလုံ၊ ကြက်ဥ၊ ရေခွက်၊ စောင် ၂၁၉၃ ထည်၊ ခြင်ထောင် ၁၉၀၁ လုံးနှင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် သွားတိုက်ဆေး၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ငါးသေတ္တာဘူး၊ လက်ဖက်ခြောက်၊ ကြက်သွန်၊ ဦးထုပ်၊ အမဲသား ၄၂၅ ပိဿာ၊ ဆေးမျိုးစုံ၊ ဆန်ခေါက်ဆွဲ၊ ရေသန့်ဘူး၊ ကော်ဖီမစ်ထုပ်များ နေ့စဉ်လာရောက်လှူဒါန်းနေကြသည်။ **(၀၁၂)**

ကုန်တင်ယာဉ်မဝင်ရသည့်လမ်းများ မန္တလေးမြို့၌ သတ်မှတ်ထား

မန္တလေး ဧပြီ ၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြည်ကြီးမင်္ဂလာအဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းကို မတ် ၁၃ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ကော်မတီနယ်နိမိတ်အတွင်း သုံးတန်နှင့်အထက်ယာဉ်များ မဝင်ရလမ်းကြောင်းများ သတ်မှတ်အသိပေးခဲ့ကြောင်း မတ် ၁၆ ရက်မှ စတင်၍ အဆိုပါ လမ်းကြောင်းများအတွင်း ဝင်ရောက်လာသော သုံးတန်နှင့်အထက်ယာဉ်များကို ဒဏ်ငွေတပ်ရိုက်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ တရားစွဲဆိုအရေးယူခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အချို့သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများသည် ဖြတ်သန်းသွားလာရန်အတွက်သာ ခွင့်ပြုထားသောလမ်းကြောင်းများ၌အချိန်ကြာမြင့်စွာရပ်တန့်၍ ကုန်အတင်အချ ပြုလုပ်ခြင်း၊ ခေါက်တိုယာဉ်များနှင့် ကုန်ကဲ့ခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ အများပြည်သူသွား လမ်းမပေါ်တွင် အနှောင့်အယှက်ဖြစ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ သုံးတန်နှင့်အထက် ယာဉ်များသည် ကော်မတီ နယ်နိမိတ်အတွင်း ခွင့်ပြုထားသော လမ်းကြောင်းများပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်တန့်ခြင်း၊ ကုန်အတင်အချပြုလုပ်ခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ကုန်တင်ယာဉ်၊ ခေါက်တိုယာဉ်များ၏ ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးနိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကုန်တင်ယာဉ်များ ရပ်နားစခန်း(ပြည်ကြီးမင်္ဂလာ) အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၂ ရက် က စတင်ဖွင့်လှစ်ပြီး ဖြစ်ကြောင်း၊ ကုန်တင်ယာဉ်ကြီးများ၊ ခေါက်တိုယာဉ်များ၊ ကုန်စည်ဂိတ်များ၊ ကုန်စည်ပို့ဆောင်ရေးအသင်းများသည် ကုန်တင်ယာဉ်နှင့်ခေါက်တိုယာဉ်၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီသို့ လာရောက်မှတ်ပုံတင်ကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

တင်မောင်(မန္တလေး)

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဧပြီ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမှန်တကယ် အသုံးပြုရန် လိုအပ်လျက်ရှိသော တောင်သူများအား ဖမ်းဆီးရမိထားသည့် ကျွဲ ၁၅ ကောင်နှင့် နွား ၁၉ ကောင်အား မဲနှိုက်ရောင်းချရာ မဲပေါက်သူ တောင်သူများ ကျွဲ၊ နွားများကို ဝယ်ယူသွားကြစဉ်။

(ကျော်သီဟ)

တောင်သာမြို့၌ မီးလောင်မှုဖြစ်ပွား

တောင်သာ ဧပြီ ၈

တောင်သာမြို့ အမှတ်(၂) ရပ်ကွက် မြို့မရပ်၌ ဧပြီ ၈ ရက် နံနက် ၈ နာရီ ၃၅ မိနစ်က ဒေါ်ရင်ရွှေနေထိုင်ရာ သွပ်မိုး၊ ထရံကာ နှစ်ထပ်ကြက်သွန်ဂိုဒေါင်မှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ ထန်းရွက်မိုး၊ ထရံကာတစ်လုံး၊ အလုပ်သမားဂိုဒေါင်တစ်လုံး စုစုပေါင်းသုံးလုံး မီးလောင်ကျွမ်းခဲ့ရသည်။ တောင်သာမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တောင်သာရဲစခန်းက တရားခံဒေါ်ရင်ရွှေကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

လင်းလက်ကြယ်(တောင်သာ)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

Zin Htet Construction Material Trading Co.,Ltd. သည် SCG Cement (Thailand) က ချီးမြှင့်သော အရှေ့တောင်အာရှ၏ 'Top Dealer Award (2012)' ရောင်းအားအကောင်းဆုံး '**ပထမ**'ဆုကို ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အနာဂတ်စီးပွားရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း လှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သိန်းကမ္ဘာ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ရွှေအိမ်စံ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
အောင်သုခ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ဆုဗွေတန် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
မင်းစည် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ပြည်တွင်းသတင်း

စွမ်းအင်ဝန်ကြီးဌာန၌ ယဉ်ကျေးမှုရေးရာဟောပြောပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုအပါအဝင် ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်၍ ယဉ်ကျေးမှုရေးရာဟောပြောပွဲအခမ်းအနားကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး စွမ်းအင်ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်စိုးဝတ်ရည်က အမှာစကားပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်အေးအေးကြွယ်က မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်း သိမှတ်ဖွယ်ရာများစာတမ်းကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်အေးအေးခိုင်က ယဉ်ကျေးမှုနယ်ချဲ့ခြင်း အန္တရာယ်စာတမ်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး စွမ်းအင်ဝန်ကြီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်သူဇာမြင့်က ဧပြီ ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဒေါ်ခင်ဆွေမြင့်(မြန်မာစာ)၏ အချစ်သင်္ကြန် လွမ်းသင်္ကြန် ဆောင်းပါးကို ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ အဖွဲ့ဝင်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၂၈၆ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားသားခရီးသည်များ မြဝတီသို့ လာရောက်လည်ပတ်

မြဝတီ ဧပြီ ၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ထိုင်းနိုင်ငံ Trans Asia Route Co.,Ltd. ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသား ၅၁ ဦးနှင့် မလေးရှားနိုင်ငံသားခရီးသည် တစ်ဦးတို့သည် ဧပြီ ၅ ရက်က မဲဆောက်-မြဝတီနယ်စပ်မှ မော်တော်ဆိုင်ကယ် ၁၆ စီး၊ မော်တော်ယာဉ် ၁၃ စီးတို့ဖြင့် လာရောက်ခဲ့ပြီး မြဝတီ-ကျိုက်ထို-နေပြည်တော်-အင်းလေး-ပုဂံ-ပြည်-ရန်ကုန်-မော်လမြိုင် မြဝတီလမ်းကြောင်းအတိုင်း ခရီးစဉ်တာဝန်ခံ ဆက်သွယ်ဆက်ဆံရေးအရာရှိ ဒေါ်ဆက်ဆက်ဝင်း၊ ဧည့်လမ်းညွှန် ဦးဌေးအောင်နှင့် ဒေါ်နန်းဇင်မျိုးအောင်တို့ လိုက်ပါလျက် သွားရောက်လည်ပတ်ကာ ဧပြီ ၁၆ ရက်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဟု သိရသည်။

အဆိုပါ ခရီးစဉ်နှင့်ပတ်သက်၍ ဒုတိယသမ္မတထံက ခွင့်ပြုချက် ရယူထားပြီး လက်ဝဲ၊ လက်ယာလမ်းကြောင်း မောင်းစနစ် မတူညီသည့်အတွက် သေချာစွာကြီးကြပ်ရန်နှင့် ရန်ကုန်မြို့တော်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုသည့် နေရာများအား ဖြတ်သန်းသွားလာခွင့် မပြုမိရန်နှင့် နိုင်ငံခြားသားများ၏ ပြည်တွင်းခရီးသွားမှုခရီးစဉ်အတွင်း အုပ်ချုပ်မှုနှင့် လုံခြုံမှုအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စောင့်ကြပ်ကြည့်ရှု ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

ရန်ကုန်တက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ် ဒီပလိုမာသင်တန်းများ

ယနေ့ကမ္ဘာကြီး၌ နိုင်ငံအသီးသီးတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနယ်ပယ်အသီးသီးတွင် ထိပ်တန်းအဆင့်သို့ရောက်ရှိရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိနေကြပေသည်။ မျက်မှောက်ခေတ်သည်လည်း ပညာခေတ်သို့ ရောက်ရှိနေပြီဖြစ်ပေရာ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မြင့်မားသောနည်းပညာများကို အခြေတည်ကာ တိုးတက်ဖွံ့ဖြိုးသည့်နိုင်ငံများဖြစ်လာရန် ကြိုးပမ်းလျက်ရှိနေကြသည်။

ရှေးယခင်ကာလများက သဘာဝသယံဇာတသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါသော အရင်းအမြစ်ဖြစ်ခဲ့သော်လည်း ယခုမျက်မှောက်ခေတ်တွင်မူ လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးမောင်းနှင်အားဖြစ်လာသည်ကို တွေ့ရှိကြရပေသည်။ ဂျပန်၊ စင်ကာပူ စသောနိုင်ငံများသည် သယံဇာတနည်းပါးသောနိုင်ငံများဖြစ်ကြသော်လည်း လူ့စွမ်းအားအရင်းအမြစ်များကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများ ဖြစ်လာကြရပေသည်။

အရှေ့တောင်အာရှတွင် အစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်သည်လည်း လူ့စွမ်းအားအရင်းအမြစ်ဌာန (Human Resources Department) ထူထောင်ကာ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည်မှာ ဆယ်စုနှစ်တစ်ခု ကျော်လာခဲ့ပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန် ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖွင့်လှစ်လျက်ရှိရာ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရများအတွက် ကုန်ထုတ်ဓာတုဗေဒဒီပလိုမာသင်တန်း၊ ရူပဗေဒဘွဲ့ရများအတွက် အသုံးချရူပဗေဒဒီပလိုမာသင်တန်းနှင့် အခြားဘွဲ့ရများအတွက် အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာသင်တန်း၊ အသုံးချစိတ်ပညာဒီပလိုမာသင်တန်း၊ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း၊ စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာသင်တန်း၊ မနုဿဗေဒ ဒီပလိုမာသင်တန်း၊ လူမှုရေးဘွဲ့လွန် ဒီပလိုမာသင်တန်းများဖြစ်ကြသည်။ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဌာနမှလည်း နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာသင်တန်း၊ ဘွဲ့လွန်ကွန်ပျူတာ ဒီပလိုမာသင်တန်း၊ အရှေ့တိုင်းပညာ ဒီပလိုမာသင်တန်း၊ စီးပွားရေးလုပ်ငန်းဥပဒေ ဒီပလိုမာသင်တန်း၊ ပင်လယ်ရေကြောင်းဥပဒေ ဒီပလိုမာသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိနေသည်။

သင်တန်းများအားလုံးသည် နံနက် ၇ နာရီမှ ၉ နာရီအထိ နေ့စဉ်တက်ရသော သင်တန်းများဖြစ်ကြပြီး သင်တန်းကာလမှာ ကိုးလဖြစ်သည်။ သင်တန်းပြီးဆုံး စာမေးပွဲအောင်မြင်သူများကို ရန်ကုန်တက္ကသိုလ်မှ ဒီပလိုမာဘွဲ့များ နှစ်စဉ်အပ်နှင်းလျက်ရှိသည်။

နှစ်စဉ် ဧပြီလ နောက်ဆုံးပတ်နှင့် မေလ ပထမပတ်များတွင် သတင်းစာများမှ သင်တန်းသားများ ခေါ်ယူလျက်ရှိသည်။ သင်တန်းတက်ရောက်လိုကြသူများသည် ဝင်ခွင့်စာမေးပွဲများကို ဖြေဆိုကြရပြီး အောင်မြင်သူများကို မိမိတို့လျှောက်ထားသော သက်ဆိုင်ရာသင်တန်းအသီးသီးတွင် တက်ရောက်ခွင့်ပြုသည်။

ဒီပလိုမာသင်တန်းအောင်မြင်ပြီးသူများထဲမှ ထူးချွန်သင်တန်းသားများကို အချို့သော ဘာသာရပ်များတွင် မဟာသိပ္ပံ၊ မဟာဝိဇ္ဇာသင်တန်းများကို ဆက်လက်တက်ရောက်စေလျက်ရှိသည်။

အသက်အရွယ်ကန့်သတ်ချက်မရှိဘဲ စိတ်ဝင်စားသော ဘွဲ့ရအရင်းအမြစ်များကို ရန်ကုန်တက္ကသိုလ်မှ ကြိုဆိုလျက်ရှိနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဘွဲ့ရလူငယ်များ အများအပြားတက်ရောက်ကာ မိမိတို့၏ အရည်အသွေးကို မြှင့်တင်လျက်ရှိနေကြသည်မှာ နိုင်ငံတော်အတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားများဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုသည်။

(ဝင်းကိုဇော်)

သင်္ကြန်ကာလ ယာဉ်စီးခများ ပိုမိုကောက်ခံမှု ထိရောက်စွာအရေးယူမည်ဟု မျှော်လင့်

ရန်ကုန် ဧပြီ ၈

သင်္ကြန်ပွဲတော်ရက်အတွင်း ပြေးဆွဲသော ခရီးသည်တင် မြို့တွင်းယာဉ်လိုင်းအချို့ သတ်မှတ်ကားခနှုန်းထက် ပိုမိုကောက်ခံခြင်းမပြုရန်၊ ပွဲတော်ပိတ်ရက်မတိုင်မီ အဝေးပြေး ခရီးသည်တင်ကားခလက်မှတ်များ ပုံမှန်သတ်မှတ်ဈေးနှုန်းတိုင်း ရောင်းချရန် သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသော်လည်း နှစ်စဉ်လိုက်နာမှုအားနည်းသဖြင့် ခရီးသွားများ သင်္ကြန်ပွဲတော်ပိတ်ရက်အတွင်း ငွေကြေးကုန်ကျမှုများပြားပြီး အခက်အခဲများ ဖြစ်လေ့ရှိကြောင်း ခရီးသွားများမှ ဆိုသည်။

၂၀၁၃ ခုနှစ်သည် အစိုးရသစ်လက်ထက်တွင် အကျင့်ပျက်မှုများစတင် အရေးယူဆောင်ရွက်သည့်ကာလဖြစ်ရာ ၂၀၁၃ ခုနှစ်သင်္ကြန်ကာလ ခရီးသည်များသွားလာမှုတွင် ပုံမှန်နှစ်စဉ်တွေ့ကြုံနေကျ ကားခနှုန်းထားများ ပိုမိုပေးနေရခြင်းမှ ကင်းဝေးအောင် သက်ဆိုင်ရာမှ ပွင့်လင်းမြင်သာစွာ အရေးယူဆောင်ရွက်ပေးနိုင်မည်ဟု ခရီးသည်များမှ မျှော်လင့်နေကြကြောင်း သိရသည်။

မိမိတို့ထုတ်ပြန်ထားသော စည်းကမ်းများအပေါ် မိမိတို့အဖွဲ့အစည်းမှ ယာဉ်လုပ်သားများ လိုက်နာမှုရှိရန် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ခြင်းသည် ခရီးသွား အများပြည်သူအပေါ် ကောင်းမွန်သော အလုပ်အကျွေးပြုဝန်ဆောင်ခြင်းဖြစ်ရုံမက ယာဉ်လိုင်းအဖွဲ့အစည်းအပေါ် အများပြည်သူမှ ယုံကြည်အားကိုးလိုစိတ်များ ပေါ်ပေါက်လာနိုင်ရာ လာမည့်သင်္ကြန်ကာလအတွင်း အဝေးပြေးနှင့် မြို့တွင်း ခရီးသည်တင်ယာဉ်များ၏ ကားခသတ်မှတ်ချက်အပေါ် သက်ဆိုင်ရာ၏ ညွှန်ကြားချက်အတိုင်းလိုက်နာမှုရှိ မရှိ စောင့်ကြည့်ခြင်းဖြင့် စည်းကမ်းရှိ မရှိကို ခရီးသွားများမှ မျက်မြင်တွေ့ကြုံရမည်ဟု ဆိုသည်။ **(ခင်ဆိုင်)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
Set-top Box များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည်ဖြစ်၍ လိုအပ်သော DVB-T2 Set-top Box များကို နိုင်ငံခြားသုံးငွေ USD ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) **DVB-T2 Set-top Box(Free to Air) 1,000,000 Nos.**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၁၃ရက်မှစတင်၍ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးဖွင့်ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅



မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်(ဖျက်သိမ်းဆဲ)
အအေးခန်းနှင့် ရေခဲစက်ရုံရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်ပိုင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ စီလမ်း၌ တည်ရှိသောအအေးခန်းနှင့် ရေခဲစက်ရုံ (Running Condition)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ဝယ်ယူလိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အအေးခန်းနှင့် ရေခဲစက်ရုံနှင့် ပတ်သက်သောအခြေခံအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အသေးစိတ်ပစ္စည်းစာရင်းကို တင်ဒါလျှောက်လွှာဝယ်ယူသည့်အချိန်တွင် ပူးတွဲပေးပါမည်။

- -Main Factory Building (140'x138')
- -Two-Storeyed Office Building (48'x38')
- -Water Ground Tank (20,000 gals)(8'6" High)
- -Water Overhead Tank (7,000 gals) (38' 6" High)
- -Diesel Oil Storage Tank (10,000 gals) 120, H-12'
- -Generator (Running Engine 198kw) (2 Units)
- -Compressor (4 Units)
- -Waste Water Treatment Plant
- -Contact Freezer (648 KG)
- -Air Blast Freezer (2 Units)
- -Cold Store Room (150 MT)
- -Godown (90'x30')

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) **နေ့ရက်** - ၉-၄-၂၀၁၃ ရက်မှ ၂၆-၄-၂၀၁၃ ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၃း၃၀ နာရီအထိ
(ဂ) **နေရာ** - အမှတ် ၂၁(G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဃ) **တင်ဒါလျှောက်လွှာတစ်စောင်နှုန်း** - ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)
(င) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ် ၂၁(G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(စ) **မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်စက်ရုံနေရာ** - စီလမ်း၊ ကန်ကြီးရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။
(ဆ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၉-၄-၂၀၁၃ ရက် နံနက် ၁၀ နာရီ
(ဇ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၄-၂၀၁၃ ရက် နံနက် ၁၀း၃၀ နာရီ
(ဈ) **ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်** - ၀၁-၅၂၆၃၂၇(ဒေါ်ခင်စုဌေး)
၀၉-၇၃၂၄၄၂၂၅ (ဦးသန်းအောင်)
၀၉-၅၀၁၆၄၇၃ (ဦးသီဟ)
၀၁-၅၄၅၃၆၄ (Mr. Fu Yan Ho)

လေလံတင်ရောင်းချရေးအဖွဲ့



အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ငဖဲမြို့နယ်တွင် စခန်းဖွင့်ပွဲကျင်းပ

ငဖဲ ဧပြီ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မတ် ၃၀ ရက်က ၂၀၁၃ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုစခန်းဖွင့်ပွဲ အခမ်းအနားကို အထကငဖဲတွင် ကျင်းပရာ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်၊ ပညာရေးသုတေသနညွှန်ကြားရေးမှူး ဦးလှဝင်းနှင့်တာဝန်ရှိသူများ၊ မကွေးတက္ကသိုလ်မှ ဆရာဆရာမများ၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ် ပါမောက္ခချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းပညာလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုအေးက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်အားပေးကျောင်းသူ မခင်မာဝင်း၊ မဟာဝိဇ္ဇာ ဘွဲ့၊ ပထဝီက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ အဆိုပါ အခမ်းအနားတွင် တက္ကသိုလ်မှ ကြီးကြပ်သူဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၆၀ တို့သည် အခြေခံစာတတ်မြောက်ရေး သင်ကြားမည့် ကျေးရွာ ၃၀ သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းရင်းသားရိုးရာအဆင်များ အရောင်းသွက်နေသည့် တောင်ငူမြို့မှ လက်ရက်ကန်းလုပ်ငန်း

တောင်ငူ ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ရက်ကန်းချည်ထည်လုပ်ငန်းများကြောင့် ဒေသခံအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိပြီး ယခုနှစ်ပိုင်းအတွင်း တိုင်းရင်းသားရိုးရာအဆင်ချည်ထည်များ အရောင်းသွက်လျက်ရှိကြောင်း ကျောက်တံခါးမြို့နယ် လက်ရက်ကန်းရုံ ချည်ထည်လုပ်ငန်းရှင်များထံမှ သိရသည်။

“တချို့က စက်ရက်ကန်းချည်ထည်ကို မကြိုက်ကြတော့ အန်တီတို့ဆီက လက်ရက်ကန်းချည်ထည်ကိုပဲ မှာယူကြတာများတယ်။ လောလောဆယ်တော့ ရဝမ်၊ ကရင်၊ ကချင်၊ ချင်း၊ ကယားတိုင်းရင်းသား ရိုးရာအဆင်တွေ ပိုပြီးအရောင်းသွက်ပါတယ်” ဟု ရတနာမင်း လက်ရက်ကန်းချည်ထည် လုပ်ငန်းရှင် ဒေါ်ကြည်မြင့်က ပြောကြားသည်။

ကျောက်တံခါးမြို့နယ်တွင် အိမ်တွင်းလုပ်ငန်း လက်ရက်ကန်းစင်ပေါင်း ၃၀၀ ဝန်းကျင်ခန့်ရှိပြီး အိမ်နေရင်း ဝင်ငွေရှာနိုင်သော လက်ရက်ကန်းလုပ်ငန်းတွင် လုပ်ကိုင်ကြသောအမျိုးသမီးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ ဝန်းကျင်ခန့်ရရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ဝန်းကျင်ခန့်က သမဝါယမဦးစီးဌာန၏ မိသားစုအိမ်တွင်း လုပ်ငန်းအဖြစ် သမချည်ထည်စီမံကိန်းမှ စတင်လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် တစ်နိုင်ငံလုံးသို့ ဖြန့်ချိနိုင်သော လက်ရက်ကန်းချည်ထည်လုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအခါတွင် တိုင်းရင်းသားရိုးရာ အဆင်များမှာ အရောင်းသွက်လျက်ရှိကြောင်း လုပ်ငန်းရှင်ထံမှ သိရသည်။ **(၁၂၃)**

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များ ပြည်ပခရီးသွားများစိတ်ဝင်စား

စစ်ကိုင်း ဧပြီ ၈

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများသည် ယခုအချိန်အခါတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အလှူကြီးများ စဉ်ဆက်မပြတ်လှူဒါန်းနေကြသည်။ ညောင်ကုန်းကျေးရွာမှ အလှူကြီးတစ်ခုသည် မြို့ပေါ်ရပ်ကွက်များရှိ ဆွေမျိုးသားချင်းအိမ်များသို့ ကန်တော့ခြင်း၊ မိရိုးဖလာနတ်များပူဇော်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အလှူလှည့် အတန်းကြီးတွင်ပါဝင်သော ရွှေလှည်းယာဉ်နှင့် နွားများကို တန်ဆာဆင်ပေးပြီး နားသများတင်ဆောင်ကာ အဆိုပါအလှူလှည့်အတန်းကြီးသို့ ပြည်ပခရီးသွားတစ်ဦးက စိတ်ဝင်တစား မှတ်တမ်းတင်ကင်မရာကြီးဖြင့် ရိုက်ကူးရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

“ပြည်ပခရီးသွားအဖွဲ့တွေမပြောနဲ့ ကျွန်မတို့ ရပ်ကွက်ကလူတွေတောင် အလှူတန်းကြီးများလှည့်လာရင် အိမ်ရှေ့ ထွက်ကြည့်ရတာ အမောပဲ။ အဓိကကတော့ သူတို့တွေလို လှူတန်းချင်တဲ့စိတ်တွေပေါက်လာတယ်လေ။ တခြားသူတွေလည်း ကျွန်မလိုခံစားမိမှာပါ။ ဒီရွှေလှည်းယာဉ်တွေက ဘယ်သူတွေပဲလှူလှူ မြန်မာ့ရိုးရာဓလေ့အနေနဲ့ ပါဝင်နေမှာပါ။ ဒါကြောင့် အလှူကြီးပေးနိုင်အောင် ကျွန်မလည်း ကြိုးစားပြီး လုပ်ငန်းများလုပ်နေပါတယ်” ဟု နန်းဦးမြို့သစ်ရပ်အနောက်ပိုင်းမှ မစိုးစိုးအေးက ပြောကြားခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ခရိုင် ပြန်/ဆက်)**

ကသာမြို့ အမှတ် ၉ရပ်ကွက်တွင် တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်း

ကသာ ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အပိုင်း ၃ ဘုရားသုံးဆူလမ်းတွင် ဧပြီ ၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် တောမီးမှ တစ်ဆင့် မီးကူးစက်၍ အနီးချောက်ကမ်းပါးရှိ ဦးဖိုးသား၏ သက်ငယ်မိုး၊ ထရံကာ၊ တစ်ထပ်သုံးခန်း နှစ်ခန်း အဆောက်အအုံအား မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးသည် အိမ်အနီးရှိ ခြံချင်းကပ်လျက် ဦးသန်းအောင်၏ သွပ်မိုး၊ ထရံကာ၊ တစ်ထပ်သုံးခန်းနှစ်ခန်း အဆောက်အအုံအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဆုံးရှုံးခဲ့

အဆိုပါ မီးလောင်ကျွမ်းရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားနှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားကြောင်းသိရသည်။ မီးလောင်ကျွမ်းမှုကြောင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

အားကစားသတင်းပဒေသာ

မောင်ကျော်

မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ပထမရရှိသော မေဆုလွင်၊ ဒုတိယရရှိသော မေဆက်လွင် (ရန်ကုန်) နှင့် စုစုလှိုင်(ဧရာဝတီ) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာဘိလိယက်နှင့်စနူကာအားကစားအဖွဲ့ အိန္ဒိယသို့ထွက်ခွာ

ဧပြီ ၁ ရက်မှ ၈ ရက်အထိ အိန္ဒိယနိုင်ငံ Indore မြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲနှင့် (၁၄) ကြိမ်မြောက် အသက် ၂၁ နှစ်အောက် အာရှစနူကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ ဘိလိယက်နှင့်စနူကာအားကစားအဖွဲ့သည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော 4th Karatedo Japan Cup Championship 2013 ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။ ဂျပန်ကုန်သည်ကြီးများအသင်း-ရန်ကုန်-JCCY က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်တစ်ခုစီဖြင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသော ကျော်ကျော်ထွန်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)နှင့် ရွှေတံဆိပ်သုံးခုဖြင့် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိသော မိုင်အိုလီဗာယင်းဝါ့ထောင်းလွယ်(အားကစားဝန်ကြီးဌာန) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ခြင်းလုံးအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

JAPAN နိုင်ငံတွင် မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ ကျင်းပခဲ့သော အာဆီယံဂျပန်နှစ် (၄၀)ပြည့်အထိမ်းအမှတ်ASEAN SPORTS CARAVAN အခမ်းအနားသို့သွားရောက်၍ သရုပ်ပြခတ်ကစားခဲ့ရာရိုးရာခြင်းလုံးအားကစားသမားများ ဧပြီ ၅ ရက်က ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

တင်းနစ်ပြိုင်ပွဲ ကျင်းပရေးသတင်းစာရှင်းလင်းပွဲကျင်းပ

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (TFM) နှင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ 2013 Davis Cup by BNP Paribas, Asia/ Oceania Zone Group III&IV တင်းနစ်ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း Central Hotel ၌ ကျင်းပသည်။ 2103 Davis Cup by BNP Paribas, Asia/Oceania Zone Group IV တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ Group IV တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၅ ရက် အထိလည်းကောင်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဦးစည်သူအေးအောင်(Managing Director Asia Hi-Tech Group Co., Ltd.) နှင့် မဟေမာန်ကြည်သာတို့၏ ၉-၄-၂၀၁၃ရက်တွင် ကျရောက်သော ဒုတိယမြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု(ရတုအဆက်ဆက်)တိုင်အောင် ချစ်သော သမီးလေးနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Asia Hi-Tech Group မှဒါရိုက်တာများနှင့် ဝန်ထမ်းများ

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၈

ဦးစိုင်းကျော်ထင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးအောင်ဇော်ဝင်း၊ ဦးစိုးညွန့်၊ ဦးစိန်ထွန်းတို့နှင့်အတူ ဧပြီ ၈ ရက်က မန္တလေးတိုင်းဒေသကြီး ရွှေမန်းတောင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 No. 3 ဘောလုံးကို Honma Iron No.7 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၄ ကိုက်အကွာရှိ ကျင်းအမှတ် ၆ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(ဦးကျော်တင့်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

အမည်မှန်

ဦးဂျန်မာလဒွဲ၏သမီး မမာမာထွန်း၏ အမည်မှန်မှာ မခေါ်နဆန့် ၁/မကန(နိုင်) ၁၃၉၄၈၂ ဖြစ်ပါသည်။

မခေါ်နဆန့်

ပျောက်ဆုံးကြောင်း

ကျွန်မ မဘရဏီ ၁၂/သဃက(နိုင်) ၁၇၂၄၀၇၏ နိုင်ငံကူးလက်မှတ် အမှတ် ၇၇၃၆၂၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၇၁၂၀၉

နိုင်ငံတကာအားကစားသတင်း

ယူရိုပါလိဂ်ကွာတားဖိုင်နယ်မှာ စပါးတို့နိုင်ပွဲရနိုင်ပါ့မလား

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်တွေကို ဧပြီ ၁၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်တာမို့ ဘေဆယ်နှင့်စပါး၊ လာဇီယိုနဲ့ဖီနာဘာချီတို့ အသက်ရှူမှားမတတ် ကစားကြမှာဖြစ်ပါတယ်။ အရေးကြီးတဲ့ အဆုံးအဖြတ်ပွဲစဉ်တွေဖြစ်တာမို့ အမှားလည်းခံမှာမဟုတ်တဲ့အတွက် ဖောင်ဖျက်ကိန်းနဲ့ အပြင်းအထန်ယှဉ်ပြိုင်ကြမယ့် မြင်ကွင်းကို ရင်သပ်ရှုမောဖွယ်ရာ အားပေးကြရဦးမှာဖြစ်ပါတယ်။

ဘေဆယ်နှင့် စပါး

ယူရိုပါလိဂ် ပွဲစဉ်တစ်လျှောက် ထက်မြက်ပြတ်သားတဲ့ ခြေစွမ်းမပြနိုင်ခဲ့ပေမယ့် ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့တာမို့ ဘေဆယ်ဟာ ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်ကလပ် ဘေဆယ်ဟာ စပို့တင်းလစ္စဘွန်းကို အိမ်ကွင်းမှာ သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူထားတဲ့ ခြေစွမ်းရှိတာမို့ စပါးတို့ သတိထားကစားရပါလိမ့်မယ်။ ဘေဆယ်ဟာ တိုက်စစ်အား မထက်မြက်ပေမယ့် အသင်းလိုက်ကစားအားကောင်းတာမို့ ရလဒ်ကိုကောင်းအောင် ပုံဖော်နိုင်တာဖြစ်ပါတယ်။ ဘေဆယ်ဟာ ဒီနှစ်ယူရိုပါလိဂ်၌ ၁၀ ပွဲ ကစားပြီးချိန်မှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးထားတဲ့ ရလဒ်တွေနဲ့ ဖြတ်သန်းလာခဲ့တာ ဖြစ်ပါတယ်။ စပါးတို့ကတော့ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ကစားအားကောင်းတာမို့ ဘေဆယ်တို့ထက်တော့ အားသာမှုရှိတာ အမှန်ပါပဲ။ စပါးဟာ အင်တာမီလန်ကို သုံးဂိုးပြတ်နဲ့ အိမ်ကွင်းမှာ အနိုင်ယူထားခဲ့ပေမယ့် အဝေးကွင်းမှာ အင်တာမီလန်ကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ရလဒ်တွေအရ အဝေးကွင်းခြေစွမ်းက စပါးပရိသတ်တွေအတွက် ရင်ပူစရာအခြေအနေပါပဲ။ ဒါပေမယ့် ခြေစွမ်းပိုင်းမှာ ဘေဆယ်ထက်စာရင် ယုံကြည်မှု ပိုများရတဲ့ အနေအထားမို့ ဒီပွဲရလဒ်က ညီမျှခြင်းလည်း ဖြစ်သွားနိုင်ပါတယ်။

လာဇီယိုနှင့် ဖီနာဘာချီ

လာဇီယိုကွင်းမှာ ဖီနာဘာချီတို့ ရင်ဆိုင်ရမယ့်ပွဲပါပဲ။ လာဇီယိုဟာ အိမ်ကွင်းမှာ ခြေစွာတာမို့ ဖီနာဘာချီတို့ အမြင့်ဆုံးမှန်းနိုင်တာက သရေရလဒ်လောက်ပဲဖြစ်နိုင်ပါတယ်။ ဒီနှစ် ယူရိုပါလိဂ်ပွဲစဉ်တွေမှာ လာဇီယိုဟာ အိမ်ကွင်းရှုံးပွဲမရှိခဲ့ပါဘူး။ အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းအားမြင့်ကစားတက်တဲ့ လာဇီယိုတို့ ဒီပွဲမှာ နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ဖီနာဘာချီဟာ တစ်ခါတစ်ရံ အဝေးကွင်းမှာ မမျှော်လင့်ဘဲခြေစွမ်းပြတတ်တာကို လာဇီယိုတို့ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် တူရကီကလပ် ဖီနာဘာချီရဲ့ တိုက်စစ်မှူးတွေဟာ အဆုံးသတ်ပိုင်းတွေမှာ မသေချာတတ်တာမို့ ဖီနာဘာချီကို ယုံကြည်စိတ်ချရဖို့ ခက်နေပါတယ်။ အီတလီကလပ် လာဇီယိုရဲ့စွမ်းဆောင်မှုကို ဒီပွဲမှာ သံသယကင်းကင်းနဲ့ အားပေးရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

တောင်ကိုရီးယား ဂေါက်သီးမယ် ဖလားဆွတ်ခူး

တောင်ကိုရီးယားဂေါက်သီး အားကစားမယ် အင်ဘီးပတ်စ်သည် ကယ်လီဖိုးနီးယား၌ ကျင်းပသည့် ခရက်နာဘစ္စကို ချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ပြီး ဖလားဆွတ်ခူးသွားသည်။ ၂၀၀၈ ခုနှစ် ယူအက်စ်အိုးပင်းချန်ပီယံ အင်ဘီးပတ်စ်သည် နောက်ဆုံးနေ့တွင် သုံးချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံတည်းသူဆိုရီယွန်ယူက ၁၁ချက်လျော့ရိုက်ပြီး ဒုတိယရခဲ့သည်။

မန်စီးတီး ဖလားမျှော်လင့်နေဆဲဖြစ်

မန်စီးတီးအသင်းအနေဖြင့် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားများအတွက် စိန်ခေါ်နိုင်ဆဲရှိကြောင်း နည်းပြရော်ဘတ်တိုမန်ချီနီက ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်နှင့်ချန်ပီယံလိဂ်ဖလားများအတွက် ကစားသမားကောင်းများ ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း မန်ချီနီက ပြောသည်။ မိမိတို့အသင်းသည် ထိပ်တန်းအသင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုနှစ်ရာသီ၌ ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူက အမှတ်ဖြတ်ထား၍ မန်စီးတီးတို့ ဖလားမျှော်လင့်ချက်နှင့် ဝေးနေရသည်။

ဆီရီနာဝီလျံ ဗိုလ်လုပွဲတက်

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနား၌ ကျင်းပသော ဖန်ဖလီဆာကယ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဆီရီနာဝီလျံက အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ၎င်းတို့ညီအစ်မသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတွင်ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။ သူသည် ဗိုလ်လုပွဲတွင် ဆားဘီးယားမှ ယန်ကိုဗစ်နှင့် တွေ့မည်ဖြစ်သည်။ ဆီရီနာသည် ယင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ပါက တတိယအကြိမ်မြောက် ဖန်မလီဆာကယ်ဖလား ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ဆန်းဒါးလန်းနည်းပြသစ် ပထမဆုံး ရှုံးပွဲကြုံ

ချယ်လ်ဆီးနှင့်ဆန်းဒါးလန်းတို့ ဧပြီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဆန်းဒါးလန်းနည်းပြသစ် ပေါ်လိုဒီကာနီယို ပထမဆုံးအသင်းကို စတင်ကိုင်တွယ်သည့် ပြိုင်ပွဲဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီးရော ဆန်းဒါးလန်းပါ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ကြသည်။ ဒုတိယပိုင်းတွင် အီဗာနိုဗစ်က ချယ်လ်ဆီးအတွက် အနိုင်ဂိုးသွင်းယူပေးလိုက်နိုင်သဖြင့် ချယ်လ်ဆီးတို့အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ စပါးနှင့်အဲဗာတန်တို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီသရေကျသွားသဖြင့် စပါးတို့ ချန်ပီယံလိဂ်နေရာမျှော်လင့်ချက် ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

- ဆန်းဒါးလန်းအသင်းအောင်မြင်မှုရရန် အချိန်လိုအပ်ကြောင်း နည်းပြသစ် ဒီကာနီယိုက ပြောကြားသည်။
- လာမည့်နွေရာသီ၌ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးသမားအသစ်ခေါ်ယူမည်ဖြစ်ကြောင်း၊ လက်ရှိဂိုးသမား ဘတ်ဖွန်ကိုအသင်းမှ ထွက်ခွာခွင့်ပြုရန် စီစဉ်နေကြောင်း မီဒီယာများက ဖော်ပြသည်။
- ယခုနှစ်ဘောလုံးရာသီအတွက် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ဆွာရက်ဇ်ရသင့်ကြောင်း စပါးတိုက်စစ်မှူး ဒီဖိုးက ပြောကြားသည်။
- မာလာဂါအသင်းမှ ကွင်းလယ်ကစားသမား တူလာလန်က လာမည့်ဘောလုံးရာသီတွင် အသင်းသစ်သို့ ပြောင်းရွှေ့ရန်စီစဉ်နေကြောင်း မီဒီယာများက ဖော်ပြသည်။
- မန်ယူတိုက်စစ်မှူး ဗန်ပါစီကို ပီအက်စ်ဂျီက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မီဒီယာများက ဖော်ပြသည်။
- မာဆေးလ်နည်းပြ အီလီဘောက်က လာမည့်နွေရာသီတွင် ဘောလုံးသမားသစ်များဝယ်ယူရန် လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးအသင်းသည် မိမိတာဝန်ယူခဲ့သည့်ကာလအတွင်း ထူးခြားသောအောင်မြင်မှုများရရှိခဲ့ခြင်းမှာ ငြင်း၍မရသော မှတ်တိုင်များဖြစ်ကြောင်း နည်းပြမန်ချီနီက ပြောကြားသည်။
- လီဗာပူးဂိုးသမား ရေနာကို လာမည့်နွေရာသီတွင် လီဗာပူး၏ ပထမဦးစားပေးဂိုးသမားအဖြစ် ဆက်လက်တာဝန်ပေးမည်ဖြစ်ကြောင်း နည်းပြရော်ဂျားက ပြောကြားသည်။
- အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဖယ်လ်ကာအိုကို ချယ်လ်ဆီးက ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- စပါးတိုက်စစ်မှူး ဒီဖိုးသည် ကြွက်သားဒဏ်ရာကြောင့် ပွဲစဉ်အချို့နှင့်လွဲချော်မည်ဖြစ်သည်။
- ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် တံကောက်ကြောဒဏ်ရာရရှိနေသဖြင့် ချန်ပီယံလိဂ် ဒုတိယအကျော့၌ပါဝင်ရန် မဆုံးဖြတ်နိုင်သေးကြောင်း ဆရာဝန်များက ပြောကြားသည်။
- ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားများအဖြစ် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဖယ်လ်ကာအိုရရှိနိုင်ကြောင်း မီဒီယာများက ဖော်ပြသည်။

မောင်ချစ်ကြည်

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းအတွက် တင်ဒါပုံစံများ ဝယ်ယူအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

သီလဝါဆိပ်ကမ်းဒေသ မြေကွက်အမှတ်(၃)အား BOT စနစ်ဖြင့် ၄ားရမ်းပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရန် ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်၊ သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် USD 500 နှုန်းဖြင့် ၁၀-၄-၂၀၁၃ရက်နှင့် ၁၁-၄-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်၊ မြေညီထပ်ရှိ စာရင်းဌာနတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၂၅၃၃၅၈၊ ၀၁-၃၈၇၁၁၆ Ext- ၃၀၃သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ လူနေရပ်ကွက်(ကံဘဲ့)၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၈၃/က၊ မြေအကျယ်အဝန်း (ပေ၉၀×ပေ၅၀)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၂၀ဟုခေါ်တွင်သည့် တစ်ထပ်အုပ်ညှပ်နေအိမ်နှင့် ဥပဒေရေးရာအကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိ မြေအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးမောင်မောင်လတ် ၁၂/မဂတ(နိုင်)၀၄၇၁၃၁နှင့် ဇနီး ဒေါ်သန်းသန်းဆွေ(ခ)ဒေါ်မြင့်မြင့် ၁၂/မဂတ(နိုင်)၀၄၇၆၀၂တို့က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ မြန်မာသံရုံးတွင် လွှဲအပ်ပေးသည့် ၁၂-၁၂-၂၀၁၂ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၈/၂၀၁၂ရသူ ဦးသောင်းမြင့်လတ် ၁၂/မဂတ(နိုင်)၀၀၂၆၂၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ဆွေ B.A(Law), LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)
အမှတ်-၁၆၃(လေးလွှာ)၊ ၃၈လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကော်ကျင်းဟော် (ဘ)ဦးကော်စက်ရှိ ၁၃/လရန(နိုင်)၀၈၉၁၂၃ ၏ မြန်မာနိုင်ငံကူးလက်မှတ် ၅၉၉၈၉၁ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၅၂၆၁၈၂၃

ဖခင်အမည်မှန်

နေပြည်တော်၊တပ်ကုန်းမြို့၊အထက-၂၊ သတ္တမတန်း(C)မှ မောင်အောင်ကျော်ကျော်ဆင့်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင်စိုး ၆/ကစန(နိုင်)၀၉၆၂၉၄ ဖြစ်ပါသည်။

ဦးသန်းလှိုင်စိုး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကိုကိုအောင်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် A-245225 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၇၃၇၆၉

အမည်ပြောင်း

နေပြည်တော် ဇေယျာသီရိ၊ အလက(ခွဲ) ခေတ်အေးကျေးရွာ၊ အင်းသာကျေးရွာနေ ဦးသာဒုတ်၏သမီး မဘိုမအား မစန္ဒာအေးဟု ပြောင်းလဲခေါ်ပါရန်။

မစန္ဒာအေး

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၈က/၉၆၄၀၊ Toyota Corolla KE.74, S/W (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးကံဌေး ၅/ပလဘ(နိုင်)၀၅၈၇၂၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ရန်ကုန်(မြောက်ပိုင်း) အင်းစိန်မြို့

မော်လမြိုင်နှင့်ဝန်းကျင်သတင်း

မြန်မာနိုင်ငံ၌ မည်သည့်ဘာသာမဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိ

မော်လမြိုင် ဧပြီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ် ပြည်နယ်သာသနာ့ ဗိမာန်၌ ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီက ဂိုဏ်းပေါင်းစုံ ဘာသာရေး အစည်းအဝေးကျင်းပရာ အခမ်းအနားသို့ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကောသလ္လ (ဂန္ထဝါစကပဏ္ဍိတ ဒီဃနိကာယကော ဝိဒ)ဆရာတော်ပါ ရှစ်ပါး၊ မွန်ပြည် နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့နယ်သံဃ နာယက ဆရာတော်များ၊ အစ္စလာမ် ဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန် ဘာသာခေါင်းဆောင်များ၊ မြို့မိမြို့ဖ များ၊ ဖိတ်ကြားထားသည့် ဧည့်သည် များ၊ သတင်းမီဒီယာများ တက်ရောက် ကြသည်။

ရှေးဦးစွာ အစိုးရအဖွဲ့ဝင် ဗမာ တိုင်းရင်းသားဝန်ကြီးက လျှောက် ထားရာတွင် ဘာသာကြီးလေးရပ်မှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဖိတ်ကြားသင့်သော တာဝန်များနှင့်တွေ့ဆုံစေပြီး မွန်ပြည် နယ်အတွင်းဖြစ်ပေါ်နေသော ကော လာဟလနှင့် အမုန်းပွားစိတ်၊ သံသယ စိတ်၊ ပပျောက်စေရန် လျှောက်ထားစေ ခြင်းဖြစ်ကြောင်း ၊ ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ သာမန်ဈေးရောင်းဝယ် ရာမှ ခိုက်ရန်ဖြစ်ပွားပြီး လူစုလူဝေး ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် ဘာသာရေး၊ လူမျိုးရေးမုန်းတီးမှုများ ဖန်တီးကာ အခြားတိုင်းဒေသကြီးနှင့် မြို့နယ်များသို့ ကူးစက်ခဲ့ပါကြောင်း၊ ယနေ့အထိ မြို့နယ် ၁၅ မြို့နယ်တွင် အကြမ်းဖက်မှု ၁၆၃ ကြိမ်၊ သေဆုံးသူ ၄၃ဦး၊ ဒဏ်ရာရသူ ၈၆ ဦးကို အိုးအိမ် ဈေးဆိုင်အဆောက်အအုံ ၁၃၅၅လုံး၊ ယာဉ်မျိုးစုံ ၃၉ စီး ပျက်စီးဆုံးရှုံးကာ လူဦးရေ ၁၁၃၇၆ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ကာ ကယ်ဆယ်ရေးစခန်း ခြောက်ခုတွင် လူဦးရေ ၉၀၆၅ ဦး အား ကူညီစောင့်ရှောက်ပေးခဲ့ပါ ကြောင်း၊ ယင်းဖြစ်စဉ်တွင် ပြစ်မှု ကျူးလွန်သူတရားခံ ၆၈ဦးကို ဖမ်းဆီး ရမိပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလူစု လူဝေးအကြမ်းဖက်မှုများကြောင့် ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ထိန်းသိမ်းခဲ့ရ ပြီး နိုင်ငံတော်သမ္မတက တိုင်းပြည် သို့ မိန့်ခွန်းပြောကြားခဲ့ရကြောင်း လျှောက်ထားခဲ့သည်။

လက်ရှိမွန်ပြည်နယ် အခြေအနေ မှာ အေးချမ်းတည်ငြိမ်လျက်ရှိသော် လည်း ပြင်ပမှ ဝင်ရောက်လာသော ဘာသာရေး၊ လူမျိုးရေးမုန်းတီးမှုများ၊ ကောလာဟလသတင်းများကြောင့် အစ္စလာမ်ဘာသာဝင်များအကြား စိုးရိမ်ကြောင့်ကြမှုများ ရှိပါကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့ အုပ် ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများ ကလည်း သတင်းအခြေအမြစ်များ ကိုစိစစ်ပြီး လိုအပ်သလိုစောင့်ရှောက် မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကလည်း ပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသော လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးအတွက် အစွန်းတရားများကို ရှောင်ရှားပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပွားများစေလိုကြောင်း လျှောက်ထား အပ်ပါကြောင်း လျှောက်ထားခဲ့ သည်။

ဆက်လက်ပြီး မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ္လ(ဂန္ထဝါစက ပဏ္ဍိတ ဒီဃနိကာယကောဝိဒ)က အဖွင့် သြဝါဒကထာမြွက်ကြားတော်မူပြီး ပြည်နယ်သာသနာရေးအသင်း အဖွဲ့ များ၊ မြို့မိမြို့ဖများက တင်ပြလျှောက် ထားသည်။ ပထမဦးစွာ အစ္စလာမ် ဘာသာရေးအဖွဲ့များကိုယ်စားလှယ် အစ္စလာမ်သာသနာရေးရာကောင်စီ ဌာနချုပ် ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် အစ္စလာမ်ဘာသာ သာသနာရေးရာ ကောင်စီနာယက အစ္စလာမ်ဓမ္မ သတ်မှူး အလ်ဟာဂျ်မောင်လာနာ ဆရာဦးအုန်းသောင်း၊ ခရစ်ယာန် ဘာသာရေးအဖွဲ့များကိုယ်စား မွန် ပြည်နယ် မော်လမြိုင်မြို့ ခရစ်ယာန် အသင်းတော်မှ ရုံးအဖွဲ့မှူး ဦးကျော် ညွန့်၊ မွန်ပြည်နယ် ဟိန္ဒူဘာသာရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်အေး၊ မြို့မိ မြို့ဖများကိုယ်စား မွန်ပြည်နယ် သာသနာ့ နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာထိန်းဝင်းတို့က အသီးသီး လျှောက်ထားတင်ပြကြသည်။ ဆက် လက်၍ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်များ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း(မော်လမြိုင်)

မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပ

မော်လမြိုင် ဧပြီ ၈

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (တတိယနေ့) ကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်၊ မော်လ မြိုင်မြို့၊ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ ဥပဒေကြမ်းများအတည် ပြုခြင်း၊ ဥပဒေပြင်ဆင်ချက်အား မှတ်တမ်းတင်ခြင်း၊ မွန်ပြည်နယ် လွှတ်တော် ရေးရာကော်မတီ ငါးခုဖွဲ့စည်းခြင်းအား အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းဖွင့်

မြဝတီ ဧပြီ ၈

ကရင်ပြည်နယ် မြဝတီမြို့ ဝေ့ရှမ်းကျေးရွာ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်က မြဝတီ မြို့နယ် ဝေ့ရှမ်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းဖွင့်ပွဲအခမ်းအနား ကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ငွေက အမှာစကားပြောကြားခြင်း၊ ပြည်သူလူထုကိုယ်စားလှယ် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် ပြည်နယ်သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးထိန်ဝင်းက စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြဝတီ ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား စုဆောင်းငွေပေးအပ်

မော်လမြိုင် ဧပြီ ၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အောက်လမ်း မကြီး မြို့နယ်မော်တော်ယာဉ် လိုင်း ပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီရုံးတွင် ဧပြီ ၄ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့နယ် မော် တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီရုံးမှ ၂၀၁၂/ ၂၀၁၃ (ဘဏ္ဍာရေးနှစ်) ယာဉ်ပိုင်ရှင် /ယာဉ်မောင်း/ယာဉ်နောက်လိုက်များ အား စုဆောင်းငွေရာနှုန်းပြည့်ပေး အပ်ခြင်းအခမ်းအနား ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မော်တော် ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်နှင့် ကော်မတီဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံမှ ယာဉ် ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ် နောက်လိုက်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မော် တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ လိုင်းပေါင်းစုံ ပြေးဆွဲလျက်ရှိသော ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အား တစ်နေ့လျှင် ယာဉ်ပိုင်ရှင် တစ်ဦးလျှင် ကျပ် ၁၀၀၊ ယာဉ်မောင်း တစ်ဦးလျှင် ကျပ် ၅၀၊ ယာဉ်နောက် လိုက်တစ်ဦးလျှင် ကျပ် ၅၀ ဖြင့် စုစု ပေါင်း ၁၂၂၉ ဦးကို ၂၀၁၂-၂၀၁၃ (ဘဏ္ဍာရေးနှစ်) အတွက် တစ်နှစ်စာ ဧပြီ ၄ ရက်မှ ၂၄ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ နေ့စဉ်ပေးအပ်သွားမည်ဖြစ်ပြီး ဧပြီ ၅ ရက် စုဆောင်းငွေထုတ်ပေးသော ယာဉ်ပိုင်ရှင် ၃၇ ဦး၊ ယာဉ်မောင်း ၈၈ ဦး၊ ယာဉ်နောက်လိုက် ၆၉ ဦး စုစုပေါင်း ၁၉၄ ဦးအတွက် ထုတ် ပေးငွေပေါင်း ၃၇၄၈၆၀၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။

တင်ထွန်း(မော်လမြိုင်)

မော်လမြိုင်မြို့မှ ချောင်းဆုံမြို့နယ်သို့ လွယ်ကူစွာသွားနိုင်

ချောင်းဆုံ ဧပြီ ၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကော့မွတ်ပွန်ကျေးရွာ ကုလားတန်း ရပ်ကွက်မှ မော်လမြိုင်သို့ စက်သမ္ဗန် ပြေးဆွဲခြင်းနှင့် မြေနီလမ်း ကွန်ကရစ် တံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပြောကြား

အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က တက် ရောက်ဖွင့်လှစ်အမှာစကားပြောကြား သည်။ ကွန်ကရစ်တံတားတာဝန်ခံ ဦးဝင်းမြင့်က တံတားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော့မွတ်ပွန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လှ ကကျေးဇူးတင်စကားပြောကြားသည်။

ချောင်းဆုံမြို့နယ် ကော့မွတ်ပွန် ကျေးရွာလမ်းပိုင်းကို ပေ ၂၂၀၀ မြေနီလမ်းခင်းခြင်း၊ မြစ်ဆိပ်တွင် ၁၆၅ ပေရှိ ကွန်ကရစ်တံတားတည် ဆောက်ခြင်းလုပ်ငန်းကို ရှစ်လခန့် ကြာမြင့်ခဲ့သည်။ ကော့မွတ်ပွန်မှ မော်လမြိုင်သို့ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ စက်တပ်သမ္ဗန် ၁၃ စင်း ပြေးဆွဲမည်ဟု သိရှိရသည်။ စက်တပ် သမ္ဗန်တစ်စင်းတွင် သက်ကယ်အင်္ကျီ သုံးထည်ပါရှိပြီး တစ်စင်း၏ တန်ဖိုး မှာ ငွေကျပ် ၁၄ သိန်းခန့်ရှိသည်။

မော်လမြိုင်မြို့မှ ချောင်းဆုံမြို့ နယ်သို့ ကုန်စည်စီးဆင်းမှုမြန်ဆန် ခြင်း၊ အချိန်အားဖြင့် ၅ မိနစ်အတွင်း လွယ်ကူစွာသွားလာနိုင်ခြင်း၊ လူတစ် ဦးလျှင်ငွေကျပ် ၃၀၀၊ ဆိုင်ကယ် တစ်စီးတင်ခ ငွေကျပ် ၆၀၀ ခန့်ကုန် ကျမည်ဟု သိရသည်။

အဆိုပါ လုပ်ငန်းများကို ကျေးရွာ သူကျေးရွာသားများနှင့် လုပ်ငန်း ရှင်များက အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ငွေကျပ်သိန်း ၅၀၀ ခန့်အကုန်အကျခံကာ ဆောင် ရွက်ခဲ့သည်။ သုံးနှစ်ခန့် ဆောင်ရွက် ပြီးပါက မြို့နယ်စည်ပင်သာယာရေး သို့ လွှဲပြောင်းပေးရမည်ဟု သတင်း ရရှိသည်။ **(၁၀၈)**

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။
(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။
(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။
(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှကူညီဆောင်ရွက်ကြပါ။

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ-အရှင်သူမြတ် သင်္ကြန် (၇)ရက် တရားစခန်းပွဲဖွင့်လှစ်မည်

ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ သာသနာပြု နယ်လှည့် ဓမ္မကထိက၊ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ် ကိုယ်တိုင်ဦးဆောင်၍ သင်္ကြန်တွင်း (၇)ရက် ဝိပဿနာတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၁၈-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရား စခန်းဝင်လိုသော ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် လိုသူများ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။ **(ယောဂီ တစ်ထောင် တိတိသာ လက်ခံပါမည်။)** ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၂၁၁၀၃၀၅၊ ၀၉-၅၀၀၀၄၇၄၊ ၀၉-၇၃၂၁၄၁၅၀၊ ၀၉-၄၂၅၃၁၁၉၉၉၊ ၀၁-၇၀၈၄၀၃


ထန်းတပင်ကျောင်းတိုက် သင်္ကြန်တွင်းခုနစ်ရက်
အထူးတရားစခန်းပွဲ
[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၇၂၄၅ Timulti Pumpose MB 4x2 RHD ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်လွင် ၁၂/မဂတ(နိုင်)၀၀၀၁၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၂၂၃၆၂ Honda Dream MC နှင့် ၆ယ/၇၇၅၄၆ Honda Wave MC ယာဉ်လက်ဝယ်ရှိသူ ဦးလာဇာရ ၁၃/ကတန(နိုင်)၀၁၂၀၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာ သည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။ **ကညန(တွဲဖက်ပြည်နယ်ရုံး)၊ ကျိုင်းတုံ**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၈၃၀၄ ဟွန်ဒါ ဒရင်း(မ်) ND 125 M ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၁၀/ကမရ(နိုင်)၀၉၉၇၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါ က ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၈၁၂၊ မြေကွက်တည်နေရာ အမှတ် ၈၁၂၊ (၁၃၀)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးစိုးမြင့်အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးစိုးမြင့် ၁၀/မလမ(နိုင်)၀၆၁၃၉၄ ကိုယ်တိုင် ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပုံစံများ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၉၄၅၊ မြေကွက်တည်နေရာ အမှတ် ၉၄၅၊ (၁၃၀)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးသန်းမောင်အမည်ပေါက် မြေချပါမစ်မြေအား အမည် ပေါက် ဦးသန်းမောင် ၁၂/လမန(နိုင်)၀၇၀၅၂၆က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဝန်ခံချက်ပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် ၁၄၉၊ မြေဧရိယာ ၀ဒသမ ၀၈၂၉ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသန်းဇော် (ဘ) ဦးပေါက်ကျော် အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ် ရရှိပိုင်ဆိုင်ထားသူ ဦးသန်းဇော် (ဘ) ဦးပေါက်ကျော်က အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင် ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှုဝင်ကျွင်း ၁၃/ကလတ(နိုင်)၀၃၈၀၀၀
မြို့သစ်အမှတ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၄၃၀၁၅၈၈၈၊ ၀၉-၄၉၂၀၂၆၉၉

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတွင် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ဒုတိယဦးစီးမှူး(စီမံ-၁) ရာထူး(၈)နေရာ လစ်လပ်နေပါ၍ ဖြည့်စွက်ခန့်ထားရန် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဥပဒေဘွဲ့(LL.M)(သို့မဟုတ်)ဥပဒေဘွဲ့(LL.B)ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ၃၀-၄-၂၀၁၃ ရက်တွင် အသက်(၂၇)နှစ်၊ အစိုးရဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက်မကျော်စေရ။
(ဃ) ခန့်အပ်ခြင်းခံရပါက အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် ကတိစာချုပ် ချုပ်ဆို၍ တာဝန်ထမ်းဆောင်ရမည်။
(င) တာဝန်ကျရာ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူသည် ဌာနမှကျင်းပပြုလုပ်မည့် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ၃၀-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

(က) ပညာအရည်အချင်း ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)၊
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (အစိုးရဝန်ထမ်းဖြစ်ပါက မလိုအပ်ပါ)၊
(စ) ဝင်ကြေးငွေကျပ် ၅၀၀/- ပေးသွင်းသည့် ချလန်မူရင်း။

၄။ ဝန်ထမ်းများသည် မိမိတို့၏ လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှတစ်ဆင့် ၃၀-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ ရုံးအမှတ်(၅၁)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ပေးပို့ရမည်။ (ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေ ကျပ် ၅၀၀/-ကို အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ငွေထုတ်စာရင်း အမှတ် MD-011564 သို့ လျှောက်ထားသူသည် မိမိနှင့် နီးစပ်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် ပေးသွင်းရမည်။

၆။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၁၈-၅-၂၀၁၃ ရက်(စနေနေ့)နှင့် ၁၉-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့) တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၃-၅-၂၀၁၃ ရက်မှစ၍ ၁၇-၅-၂၀၁၃ ရက်အထိ နောက်ဆုံးထားပြီး ရုံးချိန်အတွင်း အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဖြေဆိုရမည့်အချိန်နှင့် နေရာများကို သိရှိနိုင်ရန် ဖော်ပြထားမည်ဖြစ်ပါသည်။

၇။ သတ်မှတ်ချိန်အတွင်း ရောက်ရှိလာခြင်းမရှိသည့် လျှောက်လွှာများနှင့် မမှန်မကန်ဖြည့်စွက်ထားကြောင်း စိစစ်တွေ့ရှိရသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အကြောင်းအရာများကို သိရှိလိုပါက **ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၁၄၅၊ ၀၆၇-၄၃၀၁၄၆ တွင် စုံစမ်းနိုင်ပါသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ website www.mol. gov.mm တွင် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာပုံစံနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းပုံစံတို့အားလည်းကောင်း၊ စာမေးပွဲရေးဖြေ အချိန်ဇယား၊ နေရာ၊ ခုံအမှတ်တို့အားလည်းကောင်း၊ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းအားလည်းကောင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ညောင်ပင်ဝိုင်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ဝိုင်း၊ မြေကွက်အမှတ် ၇၆၊ မြေကွက်တည်နေရာအမှတ် ၇၆၊ ညောင်ပင်ဝိုင်းကွက်သစ်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ရှိ ဦးသန်းမြင့်(ဘ)ဦးမောင်ကို ၉/ပမန(နိုင်)၁၀၈၆၅၈ အမည်ဖြင့် ပိုင်ဆိုင်သော မြေကွက်အမည်ပြောင်းမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည် ပြောင်းမိန့် မိတ္တူ၊ တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် စသည့် အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပြောင်းမိန့် မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၈-၄-၂၀၁၃ရက်နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (-)၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၁၈၁၃၊ ဇရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးသန်းအောင် အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးသန်းအောင် ၁၂/ဥကမ (နိုင်)၁၃၂၄၁၅ (ဘ) ဦးမောင်ရှိန်မှ မြေကွက်နေရာ(ယာယီ)ချထားသည့်လက်မှတ်မူရင်းပျောက်ဆုံး၍ မြေကွက်နေရာ (ယာယီ)ချထားသည့်လက်မှတ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(-)၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၃၁၈၁၁)၊ ဇရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်သူသူဝင်း အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဒေါ်သူသူဝင်း ၁၂/ဒဂမ (နိုင်)၀၀၆၅၁၂ (ဘ) ဦးထွန်းဝင်းမှ မြေကွက်နေရာ (ယာယီ)ချထားသည့် လက်မှတ်မူရင်းပျောက်ဆုံး၍ မြေကွက်နေရာ (ယာယီ)ချထားသည့် လက်မှတ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၊ ဗိုလ်ချုပ်စက်ကန်အမှတ်(၃)မှ အနက် ၃ ဒသမ၅ ပေ၊ မြေကျင်းပေါင်း ၃၀၄၅၁ ကျင်း တူးဖော်၍ မြေကြီးရယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံပြုလုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**	-	၂၄-၄-၂၀၁၃ ရက်မှ ၆-၅-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**	-	(က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ခ) ဘဏ္ဍာရေးဌာန၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)၊ သန်လျင်မြို့
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**	-	၆-၅-၂၀၁၃ ရက် (တနင်္လာနေ့)
အချိန်နှင့်နေရာ	-	၁၂:၀၀ နာရီ၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်	-	၆-၅-၂၀၁၃ ရက်၊ ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

Vacancy(For Local Service Only)

1. FISCA Security & Communication Co.,Ltd. Yangon requires qualified persons to fill the following positions-

(1) CEO **Male(1)Post**
Graduate/Minimum 5 years experience in related post fluent in english (reading, writting and speaking). Preference will be given to DMA holder (Age 50 years and above)

(2) Chief Accountant **Female(1)Post**
B.Com/CPA/LCCI-III, 3 years experience. Able to manage Account Department. Can provide annual and monthly report as will as profit and loss account.

(3) General Manager(IT) **Male(1)Post**
B.E(IT), B.C.Sc, Fluent in English(Reading withing and Speaking) (Age 50 Years and above) 5 Years Experience in IT.

(4) Auto CAD Technician **Male(2)Posts**
2 years experience in Auto CAD.

(5) Software Project Manager **Male/Female(2)Posts**
Any graduate with 2 years experience on software project and PM skills. Programming Skills in Java, .net, SQL database etc and some knowledge of Enterprise applications.

(6) Software Developers **Male/Female(5)Posts**
Univ. Degree hold or certificate holder in software development with skills in Java or .Net, SQL. 1+years of experience.

(7) Banking Solution/Equipment sales Manager **Male/Female(2)Posts**
2 years of experience on sales with good network in banking industry and knowledge of banking business. Good communication and MS office skills. Good English speaking ability, preferably with college degree.

(8) Project Manager(Marketing) **Male(2)Posts**
Gratuate/Minimum 5 years experience in Marketing. Fluent in English.(Reading, Writting and Speaking)

(9) Planning Manager(Marketing) **Female(1)Post**
Any Graduate, Prefer DMA holder, well experience using Microsoft office and marketing plan for marketing Team minimum (5) Years experience. Age (25-40) Years Old.

(10) Secretary(Admin) **Male/Female(1)Post**
(Admin)Computer ကျွမ်းကျင်သူ
အင်္ဂလိပ်/တရုတ်စကားပြောဆိုရေးသားနိုင်သူဦးစားပေးမည်။

(11) Secretary (Engineer) **Male/female(1)Post**
B.E(EC)/ B.E (IT)/ B.C.Sc
Microsoft Office/ Excel/ Photo Shop/ Auto CAD
တတ်ကျွမ်းသူ
English Speaking/ Tying တတ်ကျွမ်းပြီး Second Language တတ်ကျွမ်းသူဦးစားပေးမည်။

(12) Microsoft Office & Excel Specialist **Male/Female(2)Post**
Graduate. Knowledge of Computer, Office Work and accounting. 2 years experience.

2. The Intrested candidates can send application with CV, testimonials, labour card copy, NRC card copy, criminal clearance, recent color photo and other related document to the FISCA Security & Communication Co.,Ltd. 9-Mile, No(101, 102) FISCA, Ph No.(650665/653456), Mayangone Tsp address not later then (10.5.2013)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃ဘီ၁၊ မြေကွက်အမှတ် ၅၇၃စီ/၁-၂ ၊ မြေကွက်တည်နေရာ အမှတ်၆(က)၊ နတ်မောက်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ် ဦးကိုကိုကြီး ၁၂/တမန(နိုင်)၀၈၀၉၃၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကိုကိုကြီးနှင့် ဇနီးဒေါ်လှရီ ကွယ်လွန်သဖြင့် ၁။ ဦးအောင်သင်း ၁၂/တမန (နိုင်)၀၉၀၈၄၀၊ ၂။ ဒေါ်ခင်လှဝေ ၁၂/တမန(နိုင်)၀၈၀၉၄၁၊ ၃။ ဒေါ်သန်းသန်း ၁၂/တမန(နိုင်)၀၈၀၉၄၄၊၄။ ဒေါ်သင်းသင်းယု ၁၂/တမန(နိုင်)၀၀၉၄၅၀၊ ၅။ ဦးဝင်းလွင် ၁၂/ပဇတ(နိုင်)၀၀၉၄၂၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန



သိန်းတိုးအောင်

အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုလုပ်ငန်းမှ ဒဂုံမြောက်/တောင်/အရှေ့ပိုင်းနှင့် ဒဂုံဆိပ်ကမ်း ပါမစ်မြေကွက်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်လိုပါသည်။ အကျိုးဆောင်ခပေးရန် မလိုပါ။ ဖုန်း-၀၉-၄၄၈၀၂၄၃၄၃

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ဇမ္ဗူသီရိမြို့နယ်နေ ကျွန်မ ဒေါ်ခင်ညွန့် ၉/မကန(နိုင်)၀၄၀၆၄၁ က ဦးမိုးဇော်သူ ၉/မတရ(နိုင်) ၁၀၇၁၀၄ သို့ ၃၁-၁၂-၂၀၁၀ ရက်က ပေးအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ဤကြေညာသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

ဒေါ်ခင်ညွန့်
၉/မကန(နိုင်)၀၄၀၆၄၁

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ဇမ္ဗူသီရိမြို့နယ်နေ ကျွန်မ ဒေါ်ယုဝေတိုး ၇/မလန(နိုင်)၀၂၉၃၃၅ က ဦးမိုးဇော်သူ ၉/မတရ(နိုင်) ၁၀၇၁၀၄ သို့ ၃၁-၁၂-၂၀၁၀ ရက်က ပေးအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ဤကြေညာသည့် ရက်မှစ၍ ပြန်လည် ရုပ်သိမ်းပါသည်။

ဒေါ်ယုဝေတိုး
၇/မလန(နိုင်)၀၂၉၃၃၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၁၅၅၆၊မြေကွက်တည်နေရာ အမှတ်(၁၅၅၆)၊ ၁၄၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမြသောင်း ၁၂/ဒဂန(နိုင်)၀၁၁၆၀၆ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးမြသောင်းမှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/သမိုင်း၊ မြေကွက်အမှတ် ၂၄/က၄-A၊မြေကွက်တည်နေရာ အမှတ်(၃)၊ ယိုးဒယားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးတင်အောင်အမည်ပေါက် မြေပိုင်မြေ (လ/န မြို့မြေ)မြေအား အမည်ပေါက် ဦးတင်အောင်ကွယ်လွန်သဖြင့် ဒေါ်ခင်လှ ၁၂/မရက(နိုင်)၀၆၂၇၀၄ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်၆၄၊မြေကွက် တည်နေရာ အမှတ် ၆၄၊ (၈)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသောင်းရင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းရင်(ဖခင်)နှင့် ဒေါ်စိန်ရင် (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်စုစု ၇/ပမန(နိုင်) ၁၃၄၀၀၁၊ ဦးစိန်ဝင်း ၇/ပမန(နိုင်)၀၅၂၂၉၀တို့ ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၈၄၂၈/၁၂ ရရှိသူ ဒေါ်အေးအေးသန်း ၁၂/ဒပန(နိုင်)၀၁၉၄၃၈ က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၃ ခုနှစ် ရဟန်းခံရှင်ပြု ဇောတိက သင်္ကန်း၊ ပရိက္ခရာရှစ်ပါးဈေးနှုန်း

ရန်ကုန်မြို့ရှိ ဇောတိက သင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

www.zawtika.com

ဖောက်သည်မျှတ်ပြုပြီးလို့ ဇောတိက သင်္ကန်း

HOT - LINE
01-370792

ဇောတိကအမှတ်တံဆိပ်ပါ သင်္ကန်း၊ ပရိက္ခရာများ၏ ဈေးနှုန်းဖြစ်ပါသည်။ (ပုံသေဈေးနှုန်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဗီဇနည်းပညာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာနှင့် မဟာသိပ္ပံဗီဇနည်းပညာဘွဲ့သင်တန်းများကို ဖွင့်လှစ်ရန်ရှိပါသည်။

(က) M.E. (Civil)
(ခ) M.E. (Mechanical)
(ဂ) M.E. (Electrical Power)
(ဃ) M.E. (Electronic)
(င) M.E. (Information Technology)
(စ) M.E. (Mechatronic)
(ဆ) M.E. (Chemical)
(ဇ) M.E. (Nuclear)
(ဈ) M.Arch (Architecture)
(ည) M.S. (Bio-Technology)

၂။ မဟာအင်ဂျင်နီယာနှင့် မဟာသိပ္ပံဗီဇနည်းပညာဘွဲ့သင်တန်းများ၌ တက်ရောက်ပညာသင်ကြားလိုသူများအတွက် ဝင်ခွင့်စာမေးပွဲကျင်းပမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ၂၀၁၃ခုနှစ် ဧပြီ ၈ရက် (တနင်္လာနေ့)မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ မုံရွာ၊ကလေး၊ ပခုက္ကူ၊ မကွေး)များနှင့် အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ စစ်ကိုင်း၊ မြင်းခြံ)များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့်သိပ္ပံဘွဲ့ (ဗီဇနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဗီဇနည်းပညာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) အောက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ၊ စစ်တွေ၊ ပုသိမ်၊ မအူပင်)များမှ သိပ္ပံဘွဲ့ (ဗီဇနည်းပညာ)ရရှိပြီး မဟာသိပ္ပံဗီဇနည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဃ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာ ဘွဲ့နှင့် သိပ္ပံဘွဲ့(ဗီဇနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဗီဇနည်းပညာဘွဲ့သင်တန်းများသို့ တက်ရာက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်များမှ ထောက်ခံချက် (မူရင်းနှင့် မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ လျှောက်လွှာများကို ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့သို့ ကိုယ်တိုင်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ ဝင်ခွင့်စာမေးပွဲကိုဖြေဆိုကြရမည်။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာ ခုံအမှတ်နှင့်တကွ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ၂၀၁၃ ခုနှစ် မေ ၃ ရက် (သောကြာနေ့)ထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ ရက် (တနင်္လာနေ့)	(က) အင်္ဂလိပ်စာ	၉ နာရီမှ ၁၂ နာရီ
၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့)	(ခ) သက်ဆိုင်ရာဘာသာရပ်	၉ နာရီမှ ၁၂ နာရီ

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)၊ စာမေးပွဲဖြေဆိုဝင်ခွင့်ကတ်ပြား တစ်ပါတည်း ယူဆောင်လာရမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်။ မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဗီဇနည်းပညာသင်တန်းများသို့ တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၂၀ ရက် (တနင်္လာနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ထုတ်ပြန်ကြေညာပေးမည်။ ၂၂-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပါမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက် ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၁။ လူတွေ့အောင်မြင်သူများ၏ အောင်စာရင်းကို ၃၁-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ် ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်တွင်စတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်ရန်ရှိပါသည်။

(က) Ph. D. (Civil)
(ခ) Ph. D. (Mechanical)
(ဂ) Ph. D. (Electrical Power)
(ဃ) Ph. D. (Electronic)
(င) Ph. D.. (Information Technology)
(စ) Ph. D. (Mechatronic)
(ဆ) Ph. D. (Chemical)
(ဇ) Ph. D. (Nuclear)
(ဈ) Ph. D. (Architecture)
(ည) Ph. D. (Bio-Technology)

၂။ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများ၌ တက်ရောက်ပညာသင်ကြားလိုသူများအတွက် ဝင်ခွင့်စာမေးပွဲကျင်းပမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ၂၀၁၃ခုနှစ် ဧပြီ ၈ရက် (တနင်္လာနေ့)မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

(က) လျှောက်ထားသူနှင့်၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ မုံရွာ၊ကလေး၊ ပခုက္ကူ၊ မကွေး)များနှင့် အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ စစ်ကိုင်း၊ မြင်းခြံ)များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ (ဗီဇနည်းပညာ)ရရှိပြီး အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဂ) အောက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ၊ စစ်တွေ၊ ပုသိမ်၊ မအူပင်)များမှ မဟာသိပ္ပံဘွဲ့ (ဗီဇနည်းပညာ)ရရှိပြီး ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။
(ဃ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် (မူရင်းနှင့် မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့(ဗီဇနည်းပညာ)ရရှိပြီး အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများသို့ တက်ရာက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်များမှ ထောက်ခံချက် (မူရင်းနှင့် မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ လျှောက်လွှာများကို ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့သို့ ကိုယ်တိုင်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ ဝင်ခွင့်စာမေးပွဲကိုဖြေဆိုကြရမည်။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာခုံအမှတ်နှင့်တကွ မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ၂၀၁၃ ခုနှစ် မေ ၃ ရက် (သောကြာနေ့)ထက် နောက်မကျစေဘဲထုတ်ပြန်ကြေညာပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ရက် (တနင်္လာနေ့)	(က) အင်္ဂလိပ်စာ	၉ နာရီမှ ၁၂ နာရီ
၇-၅-၂၀၁၃ရက် (အင်္ဂါနေ့)	(ခ) သက်ဆိုင်ရာဘာသာရပ်	၉ နာရီမှ ၁၂ နာရီ

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)၊ စာမေးပွဲဖြေဆိုဝင်ခွင့်ကတ်ပြား တစ်ပါတည်း ယူဆောင်လာရမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်။ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗီဇနည်းပညာပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၂၀ ရက် (တနင်္လာနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၌ ထုတ်ပြန်ကြေညာပေးမည်။ ၂၂-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပါမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၁။ လူတွေ့အောင်မြင်သူများ၏ အောင်စာရင်းကို ၃၁-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

OASIS

ကားရောင်းမည်(သို့)အပ်ကားနှင့်လဲမည်
Nissan Atlas ဒီဇယ်ကား
၈က/၄၊ထောင်ကျော်
ညှိနှိုင်းဈေး ကျပ်သိန်း ၇၀။
ဖုန်း-၀၉-၅၁၃၅၈၇၅၊ ၀၉-၄၃၁၂၇၇၄၀၊
၀၉-၄၉၂၆၈၅၁၂

အမည်ဖြည့်စွက်ခေါ်ပါရန်
ရသေ့တောင်မြို့၊ ချောင်းဝရပ်ကွက်၊ ပညာသုခလမ်းနေ ဦးစံသာကျော်၏ သမီး ဝင်းဝင်းကျော် ၁၁/ရသတ(နိုင်)၀၆၈၅၆၀ အား ဝင်းဝင်းလှိုင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ ဝင်းဝင်းလှိုင်(ခ)ဝင်းဝင်းကျော်

ကြော်ငြာ

မိဖုရားစောမွန်လှ တည်ထားကိုးကွယ်သော မြတဘက်စေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် တင်လှူခြင်းဖိတ်ကြားလွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်တွင်တည်ရှိသော မိဖုရားစောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတဘက်စေတီတော်မြတ်ကြီးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် ပြန်လည်ပြုပြင်ရန်လိုအပ်လာပါသဖြင့် နဂါးကိုးကောင်ဆရာတော်မှဦးဆောင်၍ မန္တလေးမြို့၊ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက် **ရွှေဝါဝင်းကျောင်း**ဆရာတော် ဦးသာသနာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဝိစိတ္တာဘိဝံသ၊ တိုင်းဒေသကြီးဒုဥက္ကဋ္ဌ ဦးသုနန္ဒဆရာတော်များ၏ သြဝါဒကိုခံယူ၍ ခုနစ်ရက်သား သမီး အပေါင်း၏ အလှူဒါနတို့ဖြင့် ပြန်လည်တည်ထားကိုးကွယ်သော မိဖုရားစောမွန်လှ မြတဘက်စေတီတော်မြတ်ကြီးအား (၁၃၇၅ ခုနှစ် ဦးတန်ခူးလဆန်း ၇ရက် နှစ်ဆန်း ၁ရက်နေ့)၊ ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။

ဘုရားအစ်မ စောမွန်လှ၊ မြနန်းနွယ်၊ နဂါးမယ်တော်ကြီးတို့နှင့် ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်အားလုံး သိုက်သိုက်ဝန်းဝန်း၊ စုံစုံညီညီဖြင့် ကြွရောက်ပြီး ကုသိုလ်တော် အတူဆင်နွဲကြပါရန် မေတ္တာရှေ့ထား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့်
အကျိုးတောင်ဆောင်အဖွဲ့
ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၃၀၇၂၉၁၀

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈/၆၁)၊ မြေကွက်အမှတ်(၂၆၈+၂၆၉) ဦးချစ်အေး(အေဒီ-၀၃၃၈၀၅) အမည်ပေါက် မြေကွက်သည် နိုင်ငံတော်စီမံကိန်းမြေအတွင်း ပါဝင်သွားသဖြင့် ပြန်လည်အစားထိုးချထားပေးသည့် ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် (၄၁၉+၄၂၀)အား ဝယ်ယူထားသူ ဦးသန့်ဇင် ၁၂/မရက(နိုင်) ၀၁၁၄၈၂နှင့် ဦးမြင့်ဆွေ ၁၂/ဥကတ (နိုင်) ၀၃၈၁၅၂အမည်ဖြင့် မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမြင့်မော်- ဒေါ်မြိုင်မြိုင်ခင် တို့၏မိခင် ဒေါ်တင်ရီသည် ၁-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုကဲ့သို့ ဝမ်းနည်းကြေကွဲရပါသည်။

တင်မောင်ကြည်- အေးကေခိုင်
ဖိုးလပြည့်၊ ဖိုးလမင်း၊ ဟတ်ချီပိုး

ASIA KING 01-387973, 09-43114301, 09-420115717
April 5,11,12,13,17

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၇၀
ကွယ်လွန်သူ ဦးအောင်မော်လွင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်နွယ်နီစိုး — **လျှောက်သူ**

အမှတ် (အေ-၂)မွန်မြတ်မေတ္တာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်နွယ်နီစိုးက ကွယ်လွန်သူ ဦးအောင်မော်လွင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအောင်မော်လွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်မော်လွင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဧပြီ ၂၅ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်နေ့)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နွယ်နီစိုး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

[နော်အက်ဂနက်(စ်)]
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

(၂)နှစ်ပြည့်အလွမ်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဗိုလ်မှူးကြီးဇေယျကျော်ထင်သိန်းညွန့်
ဒုတိယဝန်ကြီး(ငြိမ်း)ကုန်သွယ်ရေးဝန်ကြီးဌာန
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
(၉-၄-၂၀၁၁မှ ၉-၄-၂၀၁၃)

အိုကြွယ်ဘဝဖြင့် ကွယ်လွန်ခါနီး ကိုရင်ကြီးနဲ့ အန်တီမူသည် အန်ကယ်ကြီးရဲ့ ကျေးဇူးရှင်လို့ ပြောသွားခဲ့သလို အန်ကယ်ကြီးသည် အန်တီမူရဲ့ ကျေးဇူးရှင်နဲ့ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့ပါတယ်လို့ ဘုရားရှင်ရှေ့မှာ နေ့စဉ် ဘုရားရှိခိုးတိုင်း လျှောက်ထားခဲ့ပါတယ်။

ရည်စူးပြီး လှူဒါန်းပေးနေသော ကုသိုလ်ကောင်းမှုများကို မြင့်မြတ်သော ဘုံဘဝမှ သာခုခေါ်ဆိုပြီး ဒုက္ခဆင်းရဲချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

(ထိတ်လန့်သောသံဝေဂများနဲ့)
ကျန်ရစ်သူ ချစ်ဇနီး ဒေါ်မူမူဆွေ
(မြစန္ဒာရတနာ)

ယာဉ်မောင်းနှစ်ဦးအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားမည်)

ယာဉ်မောင်းလိုင်စင်(င)လိုင်စင်ရှိရမည်။ (၂)တန်ယာဉ်နှင့် ပုံးကားများမောင်းနှင်နိုင်ရမည်။ အသက်(၃၅-၄၅)နှစ်အတွင်း၊ ကျန်းမာရေးကောင်းမွန်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်တတ်သူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းနှင့်အထက်ဘွဲ့ရများ ဦးစားပေးမည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ခံယူနိုင်ရမည်။ စားသောက်ရေးကုမ္ပဏီက တာဝန်ယူမည်။ အချိန်ပိုကြေးရှိသည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြ၍ တစ်လအတွင်း ရိုက်ကူးထားသော ၄×၆ လက်မဆိုဒ် မတ်ရပ်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးထောက်ခံစာ၊ သက်ဆိုင်ရာရပ်ကွက်မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာတို့နှင့်အတူ ၈-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ စာတိုက်သေတ္တာအမှတ်(၆၄၂)၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်ကို ဆက်သွယ်အကြောင်းကြားပါမည်။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်တွင်းကြီးမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀

မတာရာမြင့်	**နှင့်**	၁။ မသက်သက်ထွန်း
အရောင်းအဝယ်၊ ရွာလေးလမ်း၊		၂။ ကိုဝင်းကို
ရွှေအိုး (၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့။		အတူနေလင်မယား (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

တရားပြိုင် (၁)မသက်သက်ထွန်း၊ (၂)ကိုဝင်းကို အရောင်းအဝယ် စကြေးဒိုင်၊ မစိုးရိမ်ကျောင်းလမ်း၊ ရွှေအိုး (၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့ သိစေရမည်။

သင့်အပေါ် တရားလိုက ချေးငွေနှင့်စုကြေးဖိုးငွေ ၃၂၆၇၅၀၀/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဝင်း)
မြို့နယ်တရားသူကြီး
တောင်တွင်းကြီးမြို့နယ်တရားရုံး

သန်လျင်မြို့နယ် သုသာန်မြေနှင့် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရေး အလှူရှင်များအားနှိုးဆော်ခြင်းနှင့် လုပ်ငန်းအပ်နှံလိုခြင်း

သန်လျင်မြို့နယ်တွင် မြို့မိမြို့ဖများ စေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းမှုများဖြင့် တည်ဆောက်လျက်ရှိသော မီးသင်္ဂြိုဟ်စက်၊ အအေးခန်း၊ ဇရပ်(၃)ဆောင်၊ စကြံလမ်းများ၊ ခြံစည်းရိုးကာရံခြင်း အပါအဝင် အဝင်/အထွက်လမ်းများ၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း၏ (၆၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။ အဆိုပါဆောက်လုပ်ရေးလုပ်ငန်းတွင် အအေးတိုက်လုပ်ငန်း ဆောင်ရွက်ရန်အတွက် အအေးခန်းလုပ်ငန်းများ ကျွမ်းကျင်သည့် လုပ်ငန်းရှင်၊ ကုမ္ပဏီများအနေဖြင့် ဦးအောင်သန်းဦး ဖုန်း-၀၉-၅၁၀၄၂၁၉၊ ဦးတင်မြ ဖုန်း-၀၉-၈၆၃၂၂၀၃၊ ဦးမောင်မောင်တိုး ဖုန်း-၀၉-၅၀၁၁၇၀၇၊ ယာယီရုံးခန်း (အသေးစား ငွေစု/ငွေချေးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး) ဖုန်း-၀၅၆-၂၁၀၆၉နှင့် သာသနာ့ဗိမာန် ဖုန်း-၀၅၆-၂၂၀၁၄တို့သို့ ဆက်သွယ်ရန်နှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့

လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်(စက်မှုကွက်သစ်) ဒါးပိန်လမ်း မြေကွက်အမှတ် ၃၅နှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စက်မှုကွက်သစ်၊ ဒါးပိန်လမ်း၊ အမှတ်(၆/၃၄)နေ ဒေါ်နိုင်နိုင်မော် ၁၂/မဘန(နိုင်)၀၈၃၀၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ (စက်မှုကွက်သစ်) ဒါးပိန်လမ်း၊ အမှတ်(၃၅)ဟုခေါ်တွင်သော အလျားပေ ၂၀၀×အနံပေ ၈၀ အကျယ်အဝန်းရှိ မြေကွက်မှာ လှည်းကူးမြို့နယ်၊ မြေကွက်တိုးချဲ့တည်ဆောက်ရေးအဖွဲ့ (မြေစည်ပင်ခသတ်မှတ်ကောက်ခံရေးအဖွဲ့)၏ မြေစာရင်းတွင် ဒေါ်နိုင်နိုင်မော် တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဖော်ပြပါမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ် လက်ရှိနေထိုင်သောမြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ယခုကြော်ငြာပြီးနောက်ပိုင်း အခြားသူတစ်ဦးဦးက ကျွန်ုပ်မိတ်ဆွေအား မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပြောဆိုနှောင့်ယှက်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

ဒေါ်နိုင်နိုင်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်း LL.B.,D.B.L — **ဒေါ်လင်းလင်းထိုက် LL.B, LL.M**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၉) — **အထက်တန်းရှေ့နေ (စဉ်-၃၅၀၈၀)**
အမှတ် ၈/၂၄၄၊ ဈ/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းမကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၂၇၀၁

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်၈၉၊ မြေကွက်အမှတ်၇၂၀ အမည်ပေါက် ဒေါ်ငွေလှိုင် ISN-၁၀၉၇၈၁ထံမှ ဝယ်ယူထားသူဦးကြည်တိုး၁၂/လကန(နိုင်)၀၄၃၆၂၈က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/FG၊မြေကွက်အမှတ်၁၂၇၄၊ မြေကွက်တည်နေရာအမှတ် ၁၂၇၄၊ စပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် ဦးဘို ၁၂/တမန(နိုင်) ၀၆၀၉၂၃၊ ဒေါ်ချိုချို ၁၂/တမန(နိုင်)၀၆၃၆၄၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဦးဘိုကွယ်လွန်သဖြင့် ဒေါ်ခင်ရီ ၁၂/တမန(နိုင်)၀၆၃၇၉၂၁က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲပိုင်ရှင်ဒေါ်ချိုချို ၁၂/တမန(နိုင်)၀၆၃၆၄၆နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အများသိစေရန်ကြေညာချက်

အများသိစေရန် ကြေညာခြင်း

Top Choice ... Top Choice ...

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာ့ရိုးရာ နွားလှည်းမောင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၈

မြန်မာ့ရိုးရာ နွားလှည်းမောင်းပြိုင်ပွဲကို မတ် ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၁၁/၁၄(၉)ရပ်ကွက်၌ ကျင်းပရာ ဒလ၊ ကွမ်းခြံကုန်း၊ တွံတေးနှင့် ကော့မှူးမြို့နယ်များရှိ ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲ၌ တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာမှ ကိုမျိုးထွန်း မောင်းနှင်သော နွားလှည်းက ပထမဆုရရှိခဲ့သည်။

မြန်မာ့ရိုးရာ နွားလှည်းမောင်းပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးက "မြန်မာ့ရိုးရာနွားလှည်းနှင့် နွားအလှပညာရပ်များ အစွန့်ရှည်စွာတည်တံ့စေရန်၊ နွားလှည်းနှင့် နွားများ၏ အရည်အသွေး၊ အဆင့်အတန်းမြင့်တက်လာပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူပြုရန်၊ ခေတ်အဆက်ဆက် နွားလှည်းနှင့် နွားများ အလှ၊ ကြံ့ခိုင်သန်စွမ်းမှုနှင့် အသုံးဝင်မှုတို့ကို မျိုးဆက်သစ်လူငယ်များ လေ့လာသိရှိပြီး မြန်မာ့ရိုးရာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးလက်နေတောင်သူလယ်သမားများနှင့် မြို့ပြဒေသရှိ ပြည်သူတစ်ဦးနှင့်တစ်ဦးရင်းနှီးမှုပိုမိုရရှိစေရန်ရည်ရွယ်၍ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။ **မင်းနေ**

မြန်မာအမျိုးသမီးတို့၏တန်ဖိုး ဟောပြောပွဲကျင်းပ

မြစ်ကြီးနား ဧပြီ ၈

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံအကြောင်း သိကောင်းစရာဟောပြောပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဇရာရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရပ်ကွက်/ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီအောင်နှင့်ဆရာမများ၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုစံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကလေးသူငယ်ကာကွယ်ရေးစီမံချက် ဟောပြောပွဲများကျင်းပ

စစ်တွေ ဧပြီ ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ယူနီဆက်အဖွဲ့တို့ ပူးပေါင်း၍ ကလေးသူငယ်ကာကွယ်ရေးစီမံချက် (Child Protection Project) လုပ်ငန်း ဟောပြောပွဲများကို စစ်တွေမြို့ရှိ ကျေးရွာ၊ ရပ်ကွက်များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေအထိ သွားရောက်ပြီး ပြည်သူတွေနဲ့တွေ့ဆုံပြီး ကလေးသူငယ်တွေကို ဘေးအန္တရာယ်ပေါင်းစုံက လွတ်အောင် ဘယ်လိုကာကွယ်ရမယ်၊ အကယ်၍ အန္တရာယ်ကြုံတွေ့လာရင် ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပြီး ပူးပေါင်းကာကွယ်ပေးသွားရမယ်၊ အနာဂတ် မျိုးဆက်သစ်တွေဖြစ်တဲ့ ကလေးသူငယ်တွေကို ဘယ်လိုပြုစုပျိုးထောင်ရမယ် စသည်ပေါ့လေ၊ ကလေးသူငယ်ကာကွယ်ရေးနဲ့ပတ်သက်တာတွေကို ယူနီဆက်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု စစ်တွေမြို့နယ်ကြက်ခြေနီအဖွဲ့မှ ကွင်းဆင်းလက်ထောက် ဒေါ်မြတ်မြတ်လှိုင်က ပြောပြသည်။

ဟောပြော

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်၌ ကလေးသူငယ်ကာကွယ်ရေး စီမံချက်ဟောပြောပွဲကို ယင်းရပ်ကွက်ရှိ အလက(၈) အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက် မွန်းလွဲပိုင်းက ကျင်းပရာ စစ်တွေမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်မြတ်မြတ်လှိုင်က ကလေးသူငယ်ကာကွယ်ရေးစီမံချက်အကြောင်းကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဖြေကြားပြီး အမှတ်တရလက်ဆောင်များပေးအပ်ကြောင်း သိရှိရသည်။

စောလွင်(စစ်တွေ)

အကောက်ခွန်မဲ့ပစ္စည်းများတင်ဆောင်လာသည့် ယာဉ်မျိုးစုံကာကွယ်တားဆီးနိုင်

နောင်ချို ဧပြီ ၈

လားရှိုး-မူဆယ် ကားလမ်း နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်၍ အကောက်ခွန်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သတင်းမီဒီယာများ ပူးပေါင်းပါဝင်သည့် စားသုံးသူကာကွယ်ရေးနှင့် တရားမဝင် ကုန်ပစ္စည်းတားဆီးထိန်းချုပ်ရေးအဖွဲ့(Mobile Team)အဖွဲ့သည် စတင်တာဝန်ထမ်းဆောင်စဉ်မှ ယနေ့ကာလအထိ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အေးခဲဘဲသား၊ အေးခဲကြက်ဆီဘူးစသည့် အကောက်ခွန်မဲ့တရားမဝင် ကုန်ပစ္စည်းတန်ဖိုး ခန့်မှန်းငွေကျပ်သိန်းပေါင်း ၇၁၀၀ ကျော်၊ အမှုတွဲပေါင်း ၁၆၆ တွဲနှင့် အကောက်ခွန်မဲ့ပစ္စည်း တင်ဆောင်လာကြသည့်မော်တော်ယာဉ်မျိုးစုံစီးရေ ၃၀ ကို ကာကွယ်တားဆီးထိန်းချုပ်နိုင်ခဲ့သည်။ ယခုအခါတရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ ယခင်ကထက် ဝင်ရောက်စီးဆင်းမှုလျော့နည်းလာပြီဖြစ်ကြောင်းသိရှိရသည်။ **(ဖဖြ)**

ခရမ်းချဉ်သီးစိုက်တောင်သူများ ဈေးကောင်းရ

ယင်းမာပင် ဧပြီ ၈

ယင်းမာပင်မြို့နယ် နန်းချောင်းကျေးရွာပြည်သူများသည် မိသားစုစားဝတ်နေရေးလုပ်ငန်းအဖြစ် မိမိတို့အိမ်ခြံဝင်းများအတွင်း ကွမ်းစိုက်ခြင်း၊ ခရမ်းချဉ်စိုက်ပျိုးခြင်းလုပ်ကိုင်လျက်ရှိကြသည်။ ခရမ်းချဉ်စိုက်ပျိုးသူများအနက်မှ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးမြတ်ထွန်း၏ ခရမ်းချဉ်ခြံသို့ သွားရောက်လေ့လာခဲ့ရာ "ဒီနှစ်အပင်ပေါင်း၂၃၀၀၀ ကျော်စိုက်ပျိုးထားပြီး ယခုအသီးဆွတ်ခူးချိန်အထိ ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၄၀ ခန့်ရှိပါပြီ၊ ပထမအသီးစတင်ခူးချိန်မှာ ပိဿာချိန် ၁၂၉၇ ပိဿာကို တစ်ပိဿာငွေကျပ် ၇၀၀ နှုန်းဖြင့် မုံရွာပွဲရုံသို့ တင်ပို့ခဲ့တာ ငွေကျပ် ကိုးသိန်းကျော်ရရှိခဲ့ပါတယ်။ ဒီနှစ်ကုန်ချိန် ၃၀၀၀၀ ထွက်ရှိမယ်လို့ မျှော်မှန်းပါတယ်" ဟုဦးမြတ်ထွန်းက ပြောကြားခဲ့သည်။**(မြို့နယ်ပြန်/ဆက်)**

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ချစ်အီးပေါ့ ဦးရဲထွန်းနှင့် ချစ်မေမေ ဒေါ်ဝင်းမာ (အထွန်း ကုန်မျိုးစုံရောင်းဝယ်ရေး၊ ပါလှျံ-၃၊ တာချီလိတ်)တို့၏ ၉-၄-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာမှသည် နောင်ရတုအဆက်ဆက်တိုင်အောင် ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး- မထက်ထက်လင်း
Final-MIT (Mae Fah Luang University, Thailand)
ချစ်သား- မောင်အောင်မြင့်မြတ်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘားအံခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်ကေသီလွင်	**နှင့်**	၁။ ဦးဖုန်းချို
အမှတ် ၁၃၇၊ ကူးဆိပ်လမ်း၊		၂။ ဒေါ်ခင်နွယ်စိုး
အမှတ်(၃)ရပ်ကွက်၊		Love Country ဆိုင်၊ G.T.I ကျောင်းရှေ့၊
ဘားအံမြို့။		မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်များ**

Love Country ဆိုင်၊ G.T.I ကျောင်းရှေ့၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဖုန်းချိုနှင့် ဒေါ်ခင်နွယ်စိုး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကအပ်နှံထားသည့် စိန်ထည်လက်ဝတ်ရတနာပစ္စည်း(၂၄)မျိုး၏ သတ်မှတ်တန်ဖိုးငွေ ၁၃၅၉၀၀၀၀ိ/-(တစ်ရာသုံးဆယ်ငါးသိန်းကိုးသောင်းကျပ်)နှင့် အထွေထွေနစ်နာကြေးငွေ ၃၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးဆယ်)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၅ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်နေ့)နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အုန်းသွင်)
ခရိုင်တရားသူကြီး၊ ဘားအံခရိုင်တရားရုံး

ပြည်တွင်းသတင်း

ဒေသထွက်မျောက်ငိုသီး မြန်မာအိန္ဒိယနယ်စပ်တွင်အဝယ်လိုက်

ကဘော်ချိုင့်ဝှမ်း တမူးဒေသတွင် နှစ်စဉ်ဆောင်းရာသီအချိန်၌ သီးလေ့ရှိသော အသားခာတ်(ပရိုတိန်း)အပြည့်အဝ ပါဝင်သည့် မျောက်ငိုသီးများကို မြန်မာ-အိန္ဒိယနယ်စပ်တမူးမြို့ နန်းဖာလုံဈေးတွင် ကသည်းလူမျိုးများ၊ အိန္ဒိယနယ်စပ်ပွဲစားများ အရောင်းအဝယ်လိုက်၍ ဈေးကွက်ကောင်းရနေကြောင်း တမူးဒေသမှ မျောက်ငိုသီးရောင်းဝယ်နေသည့် ကုန်သည်တစ်ဦးက မြန်မာ့အလင်းသို့ ပြောပြသည်။

လွန်ခဲ့သော သုံးလေးနှစ်ခန့်က မျောက်ငိုသီးသည် ဈေးကွက်ကောင်းဝင်လာခြင်းဖြစ်ပြီး တစ်တောင့်လျှင် အိန္ဒိယ ရူပီးငွေ (10-Rs) နှုန်း၊ မြန်မာငွေကျပ် ၁၂၀၊ ၁၅၀ နှုန်းဖြင့် ပေါက်ဈေးရရှိလာခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ အာသံပြည်နယ်မှ ကသည်းလူမျိုးများက အလွန်အမင်း ကြိုက်နှစ်သက်ကြပြီး အဓိကအစားအစာအဖြစ် စားသောက်လာခြင်းကြောင့် ဈေးကွက်ကောင်းဝင်လာခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ တချို့ကုန်သည်များသည် မျောက်ငိုသီးကို အတောင့်လိုက်ဝယ်ကြလေ့ရှိသကဲ့သို့ အပင်ပြတ်ဈေးဖြတ်ပြီး ဝယ်လာကြသည်လည်းရှိကြောင်း၊ အိန္ဒိယနယ်စပ်ရှိ မျောက်ငိုသီးကုန်သည်ပွဲစားများသည် ကလေး၊ တမူး၊ ချင်းပြည်နယ်ဒေသများရှိ မျောက်ငိုပင်များမှ အဖူးဖူးချိန်တွင် အသီးအရွယ်အစားကို ခန့်မှန်းပြီး တစ်ပင်လျှင် အနည်းဆုံးမြန်မာငွေကျပ်တစ်သိန်းမှ အများဆုံး သုံးလေးသိန်းဝန်းကျင်အထိ ကြိုတင်ငွေပေး၍ ဝယ်ယူကြကြောင်း၊ မနှစ်ကဆိုလျှင် မျောက်ငိုသီးပွဲစားလုပ်ကိုင်နေသော ၎င်းတို့အဖွဲ့သည်မျောက်ငိုသီးဖြင့် မြန်မာငွေကျပ်သိန်းပေါင်းများစွာ ဝင်ငွေအမြတ်ရကြောင်း ပြောပြသည်။

မျောက်ငိုသီးပင်သည် စိုစွတ်ပြီး အအေးဓာတ်ရှိသော ရာသီဥတုနှင့် မြေကို ကြိုက်နှစ်သက်သဖြင့် ချင်းတောင်ဒေသ၊ ကလေးနယ်ဒေသများနှင့် ကဘော်ချိုင့်ဝှမ်း တမူးဒေသနယ်များတွင် များစွာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

မျောက်ငိုသီးကို ကသည်းလူမျိုးများ ဘာသာစကားအခေါ်အရ "ယုံကျ"ဟုခေါ်ပြီး "ယုံ" သည် "မျောက်"၊ "ကျ" သည် "ထမင်း၊ အစာ"ဖြစ်၍ "ယုံကျ"သည် "မျောက်စာ၊ မျောက်ထမင်း"ဟု အဓိပ္ပာယ်ရ ခေါ်ဝေါ်ကြပြီး မြန်မာလူမျိုးများက မျောက်ငိုပင်သည် ကိုင်းအလွန်ဆတ်ပြီး မျောက်က အသီးကို စားချင်သဖြင့် တက်ခူးရာ ကိုင်းခဏခဏကျိုးပြီး အသီးကိုစားမရသဖြင့် မျောက်ထိုင်ငိုရာမှ "မျောက်ငိုသီးပင်"ဟုအမည် ခေါ်တွင်လာခဲ့ကြကြောင်း လေ့လာသိရှိရသည်။

မျောက်ငိုပင်သည် တစ်ပင်လျှင် မြန်မာငွေကျပ် သုံးသိန်းဝန်းကျင်အထိ ဝင်ငွေရရှိပြီး နှစ်ရှည်သီးနှံပင်ဖြစ်၍ စတင်စိုက်ပျိုးသည့်အချိန်မှ အသီးသီးသည့်အချိန်အထိ ငါးနှစ်ဝန်းကျင်စောင့်ရသည်။ အစေ့မှပျိုး၍ စိုက်ပါက ငါးနှစ်ကြာပြီး ကိုင်းမှဖြတ်ပြီး စိုက်ပျိုးပါက သုံးနှစ်ဖြင့် အသီးမြန်ဆန်စွာသီးကြောင်း စိုက်ပျိုးသူများကပြောပြ၍ သိရှိရပါသည်။ မျောက်ငိုသီး အစေ့များကို မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ အဝယ်များပြီး စားသောက်ကြသည်ကို လေ့လာသိရှိရသည်။

ကသည်းလူမျိုးများသည် ထမင်းဆိုင်များတွင် မျောက်ငိုသီးမပါက ထမင်းလုံးဝ ဝယ်မစားကြကြောင်း လေ့လာသိရှိရသည်။ ကသည်းလူမျိုးများ၏ မျောက်ငိုသီးစားပွဲတော်ကိုလည်း မဏိပူရပြည်နယ်နှင့် အာသံပြည်နယ်တို့တွင်လည်း နှစ်စဉ်ဧပြီလထဲတွင် ကျင်းပလေ့ရှိသဖြင့် မျောက်ငိုသီးသည် မတ်လနှင့် ဧပြီလတွင် အရောင်းအဝယ်ပိုသွက်ပြီး ဈေးကောင်းပေး ဝယ်ကြကြောင်း တွေ့ရသည်။ **(၁၅၈)**

သစ်မာမျိုးစေ့များ ဒိုင်ဖွင့်ဝယ်ယူလျက်ရှိ ယခုနှစ်တွင် တမလန်းသစ်မျိုးစေ့အဝယ်လိုက်နေ

တပ်ကုန်း ဧပြီ ၈

နွေကာလ သစ်ရွက်ခြောက်များ သစ်စေ့များကြွေကျချိန်တွင် ပြန်လည်စိုက်ပျိုးနိုင်သည့် သစ်မျိုးစေ့များအား လိုက်လံကောက်ယူကာ စိုက်ပျိုးရေးလုပ်ကိုင်သူများထံ တင်ပို့ရောင်းချခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းလျက်ရှိကြောင်း ဒေသခံများထံမှ သိရှိရသည်။

"နွေဆိုတော့ သစ်သီးခြောက်တွေကြွေကျတော့ အဲဒီအထဲက သစ်မျိုးစေ့ကောင်းတွေကို ပြန်လည်ကောက်ယူပြီး သက်ဆိုင်ရာအဝယ်ဒိုင်တွေကို ပြန်သွင်းကြတာပါ။ တပ်ကုန်းဘက်မှာတော့ အများဆုံးသစ်မျိုးစေ့ရတာက ပျဉ်းကတိုးဖြစ်ပါတယ်။ ပျဉ်းကတိုးပင်တွေက တပ်ကုန်းမြို့နယ်အတွင်းမှာ များတယ်လေ။ စိုက်ပျိုးရေးအလုပ်က နွေရာသီဆိုရင် အလုပ်ပါးတဲ့အတွက် တောထဲဝင်ပြီး ပျဉ်းပင်က အသီးခြောက်တွေကို ကောက်ရတယ်။ ပြီးရင်ခွဲထုတ်ပြီး အသီးတွေစုရောင်းရတာပါ။ အပြစ်အနာအဆာမပါဘဲ အောင်မြင်နိုင်တဲ့ မျိုးစေ့တစ်ပြည်ကို ငွေကျပ် ၁၀၀၀၀ ကနေ ၁၅၀၀၀ အထိဈေးရပါတယ်။ ကုန်သည်က ရလာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး တောထဲဝင်ကောက်တဲ့ သူတွေကို တစ်ပြည် ငွေကျပ် ၆၅၀၀ ဝန်းကျင် ပြန်ပြီး ရှင်းပေးကြတဲ့အတွက် နှစ်ဦးနှစ်ဖက် အဆင်ပြေစေတယ်" ဟု တပ်ကုန်းမြို့အတွင်းရှိ သစ်မျိုးစေ့ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ကိုမုတ်သုန်က ရှင်းပြသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုမ္ပဏီများအလိုက် ပတ်ဝန်းကျင်စိမ်းလန်းလှပစေရေးနှင့် အပူဒဏ်သက်သာစေရန် အရိပ်ရသစ်မာပင်များကို စီမံကိန်းအလိုက်စိုက်ပျိုးလေ့ရှိကြပြီး အဆိုပါလိုအပ်သည့် သစ်မျိုးစေ့များကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် တိုက်ကြီးမြို့နယ်များရှိ စိုက်ပျိုးရေးပျိုးဥယျာဉ်များက အဓိကမှာယူကြခြင်းအတွက် စိုက်ပျိုးရေးပျိုးဥယျာဉ်ပိုင်ရှင်များက သက်ဆိုင်ရာနယ်အလိုက် သစ်မျိုးစေ့အရောင်းအဝယ်လုပ်ကိုင်သူများနှင့် ချိတ်ဆက်ဝယ်ယူနေကြခြင်းဖြစ်သည်။

"ဒီနှစ်အတွက် အမှာများတာကတော့ တမလန်းမျိုးစေ့တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့က တပ်ကုန်းနယ်တစ်ဝိုက်အပြင် မုံရွာယောနယ်ဘက်ကိုပါဆင်းပြီး တမလန်းသစ်မျိုးစေ့တွေ စုဆောင်းကြရပါတယ်။ သန့်စင်ပြီး အနာအဆာမပါ သစ်မျိုးစေ့နို့ဆီဘူးတစ်ဘူးကို ရရှိဖို့အတွက် ရှာဖွေစုဆောင်းခ၊ သယ်ယူခတွေ ပေါင်းလိုက်ရင်ကျပ် ၈၀၀၀ ဝန်းကျင်အထိ ကုန်ကျပြီး ပြန်လည်ရောင်းချတဲ့အခါနို့ဆီဘူးတစ်ဘူး (တမလန်းမျိုးစေ့ထောင်ဂဏန်း)အရေအတွက်ကို ကျပ်၂၀၀၀၀ ရရှိပါတယ်။ ဒီတစ်နှစ်လုံးမှာ ကျွန်တော်စုဆောင်းနိုင်တာက ၁၀ ပြည်နဲ့ အထက်ရှိပြီး ဂရုတစိုက်တော့ ထိန်းသိမ်းရောင်းချရပါတယ်။ ရေစိုတာ၊ ဖိမိတာမျိုးဖြစ်လာရင် မျိုးမအောင်နိုင်တော့ဘဲ အရင်းရှုံးတတ်သေးတယ်" ဟု ကိုမုတ်သုန်က ပြောကြားသည်။

တမလန်း၊ ပျဉ်းကတိုးတို့အပြင် လျှော်ဖြူ၊ ယမနေနှင့် အခြားသဘာဝအတိုင်း ပေါက်ရောက်နေသည့် သစ်တောများအတွင်းမှ သစ်မာမျိုးစေ့အသီးသီးတို့ကိုလည်း ကောက်ယူစုဆောင်းကြကာ ပြန်လည်ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။

"ကျွန်တော်တို့က တောထဲမှာရှာရတာပေါ့။ သစ်မျိုးစေ့ရဖို့ဆိုတာ အသီးတွေ ကွဲထွက်လာတော့မှ အထဲကနေထုတ်ယူရတာပါ။ အသီးအများကြီး၊ မျိုးစေ့အများကြီးထဲကမှ ရွေးချယ်သန့်စင်ပြီး ကုန်သည်ဆီကို သွင်းရတာပါ။ အရင်းအနှီးမလိုဘဲ လုပ်အားပေးရုံနဲ့ ထိုက်သင့်တဲ့ အခကြေးငွေရလို့ အပိုလုပ်ငန်းအဖြစ် လူတွေစိတ်ဝင်စားလာကြတယ်" ဟု သစ်တောများအတွင်း သစ်မာမျိုးစေ့ လိုက်လံစုဆောင်းသူ ဦးသိန်းမြင့်က ပြောပြသည်။

"မနှစ်တုန်းက စီမံချက်တွေအားကောင်းပြီး သစ်ပင်တွေ စိုက်ကြရမယ်ဆိုလို့ သစ်မျိုးစေ့တွေ အလွန်အရောင်းအဝယ် ကောင်းခဲ့တယ်။ ဒီနှစ်ကတော့ တမလန်းမျိုးစေ့တွေ ရသလောက်ပေးရတယ်။ ဒါပေမယ့် တောတွေထဲမှာ တမလန်းကို လူကြီးခြေသလုံးလောက်ဆိုရင် ခိုးခုတ်ကြပြီ။ ဒီ့ထက်ကြီးတဲ့ အပင်တွေက တောနက်ထဲမှာပဲ ကျန်တော့တယ်။ ကောင်းမွန်တဲ့ မျိုးစေ့တွေကို မိုးမကျခင် အချိန်မီများများရှာထားရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သစ်တောများအတွင်း အလေ့ကျပေါက်ရောက်ခြင်းထက် ယခုကဲ့သို့ စနစ်တကျနှင့် သစ်တောစိုက်ခင်းများအတွင်း ရောက်ရှိစိုက်ပျိုးခြင်းမှာ ပိုမိုသင့်တော်သကဲ့သို့ ဒေသနေပြည်သူများ၏ ဝင်ငွေကို တိုးတက်စေနိုင်သည့် သစ်မျိုးစေ့စုဆောင်းရောင်းချခြင်း လုပ်ငန်းများသည် နောင်နှစ်အနည်းငယ်အတွင်း ဈေးကွက် ပိုမိုတွင်ကျယ်လာနိုင်သည်ဟု လုပ်ငန်းလုပ်ကိုင်သူများကလည်း ခန့်မှန်းကြကြောင်း သိရသည်။

ခင်ရတနာ

ကန့်ကွက်ရန်ကြော်ငြာ

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၁၀၁ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ငြိမ်း AA-၀၄၇၉၃၇ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဒေါ်ဝတ်ရည်ဆွေ ၁၂/အစန(နိုင်)၁၁၆၂၄၈က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် ၅၁၈၊ အခန်း ၁၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမောင်ပိုထံမှ ဒေါ်ဝင်းဝင်းရီ ၁၀/မလမ(နိုင်)၀၅၁၇၀၄က စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်ရန်ကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် ၄၆၈-၄၇၀၊ အခန်း ၀၀၃ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းထံမှ ဦးသိန်းတင် ၄/ထတလ(နိုင်)၀၀၀၄၈၃က စာချုပ်စာတမ်းဖြင့်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

တိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးရန်လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များကို တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ လေ့ကျင့်ခန်းစာအုပ်၏အရည်အသွေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	စာအုပ်အရွယ်အစား	၆.၂၅×၈.၂၅ လက်မ
(ခ)	လိုင်းအရေအတွက်	၂၂လိုင်း (အနည်းဆုံး)
(ဂ)	အဖုံးစက္ကူ	၁၈၀ gsm Duplex board (colour)
(ဃ)	အတွင်းစက္ကူ	၆၀ gsm indo 1K woodfree
(င)	စာမျက်နှာ	၈၀ pages

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၇၃၊ ၂၄၁၇၀၊ ၂၄၃၁၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

(က)	**ရောင်းချမည့်ရက်**	၈-၄-၂၀၁၃ရက် (တနင်္လာနေ့)
(ခ)	**တင်ဒါပိတ်မည့်ရက်**	၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့) ၁၆း၀၀နာရီ
(ဂ)	**ရောင်းချမည့်နေရာ**	စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုဌာန

တင်ဒါစိစစ်ရွေးချယ်ရေးဦးစီးကော်မတီ

1st Contest on Technopreneurship ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် Korea Aerospace University တို့ ပူးပေါင်းဆောင်ရွက်နေသော Myanmar-Korea IT Center မှ ထူးခြားဆန်းသစ်ပြီး ထက်မြက်ရှင်သန်စွာလုပ်ကိုင်လိုသော အတွေးအခေါ်ရှိသူများအား မြေတောင်မြှောက်ပေးရန် ပြိုင်ပွဲကျင်းပမည်။

ပြိုင်ပွဲအစီအစဉ်

April 22, 2013	Business Plan နောက်ဆုံးထား တင်သွင်းရမည့်ရက်
April 26, 2013	ပထမဆင့် ရွေးချယ်ခံရသူများ ကြေညာမည့်ရက်
May 6, 2013	ဒုတိယဆင့် အကဲဖြတ်မည့်ရက်
May 13, 2013	ဒုတိယဆင့် အကဲဖြတ်ရာတွင် Presentation ကို သရုပ်ပြရှင်းလင်းရမည့်ရက်
May 20, 2013	Presentation အား Project prototype နှင့်အတူ နောက်ဆုံးထား တင်သွင်းရမည့်ရက်
May 25, 2013	Final presentation ပြုလုပ်ပြီး top 3 finalists ကြေညာမည့်ရက်
May 28, 2013	Conference and Award Ceremony for top 3 winners

ပြိုင်ပွဲဝင်ပုံစံအား e-mail: ictcompetition@gmail.com, နှင့် mcfmcftraining@ gmail.com တို့ထံ အခမဲ့တောင်းခံရယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၅၂၁၀၇၊ ၀၉-၇၃၂၅၇၃၇၇

C B BANK

" We are first again "

MasterCard VISA

First and the only bank in Myanmar to launch POS that accepts both *MasterCard* and VISA

Let's Win Win Together !

FOR MORE INFORMATION :

PHONE : 01- 378 905 , 378 906

ကြော်ငြာ

မင်္ဂလာဆောင်ခံပွဲကျေးဇူးတင်လွှာ

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်း၊ အမှတ် ၁၇၆ နေ
ဦးအောင်သိန်း (မြို့နယ်စာရင်းစစ်အရာရှိ-ငြိမ်း)-ဒေါ်စဝ်ကြည်ဦး
(စာရင်းစစ်အရာရှိ)၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး)တို့၏သား

မောင်သီဟအောင်သိန်း

B.E (Electrical Power)

Project Engineer (YL Integrated Pte Ltd, Singapore)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ
ဦးစိုးပိုင်-ဒေါ်ယုယုမော်တို့၏သမီး

မဇွန်သက်ပိုင်

B.E (Electronics)

Engineering Officer (Singapore Telecommunication Ltd.)

တို့၏

၁၇-၃-၂၀၁၃ရက်တွင် စင်ကာပူနိုင်ငံ Cultural Hotel ၌ ကျင်းပပြီးစီးခဲ့သည့် မင်္ဂလာဆောင်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သီဟအောင်သိန်း-မဇွန်သက်ပိုင်

CONGRATULATIONS

မြန်မာ့ရှေ့ဆောင်ဘဏ်၏ (၂၂)ဘဏ်ခွဲမြောက်ဖြစ်သော

မကွေးဘဏ်ခွဲ အား

(၈.၄.၂၀၁၃)ရက်နေ့တွင်အောင်မြင်စွာဖွင့်လှစ် နိုင်ခဲ့ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများအားလုံး တိုးတက်အောင်မြင်ကြီးပွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းဝင်း
ဒိုင်းမွန်းစတားစိန်တိုက်

ဦးမောင်မောင်ကြီး
မောင်မောင်ကြီးဆောက်လုပ်ရေး

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အိတ်ဖွင့်တင်ဒါကြော်ငြာပယ်ဖျက်ခြင်း

၃၀-၃-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာထားသော ICT Complex တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်

နေဝင်းစံ

မြန်မာနိုင်ငံမှ TOUR GUIDE အတွက် အထူးအစီစဉ်

ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာပြည်သို့လာရောက်ကြမည့် ခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံမှ TOUR GUIDE များသည် မိမိတို့၏ Services များကို Online မှတစ်ဆင့် တိုက်ရိုက်ရောင်းချနိုင်ရန်အတွက် www. allmyanmar booking.com မှ ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ် စုံစမ်းသိရှိလိုပါက ဖုန်း-၀၉-၇၃၁၃၀၄၉၁၊ ၀၉-၇၃၂၁၁၀၉၆ နှင့် ၀၁-၂၄၀၀၄၀၊ e-mail:mtl240040@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် ၇၁၄(က)၊ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဗိုလ်မှူးချုပ်အေးမြင့်ကြူအမည်ပေါက်ထံမှ ဦးမျိုးနိုင် ၁၂/ဗတထ(နိုင်)၀၀၆၈၅၀ သည် ကတိစာချုပ်အရ တရားဝင်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူအဖြစ် အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေနှင့် အိမ်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၁၉/စ-၁၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ကင်ပွန်းခြံလမ်း၊ (၁၀)ရပ်ကွက်၊လှိုင်မြို့နယ် ဦးသာမြိုင်အမည်ပေါက် မြေပိုင်မြေ(လ/န ၃၉ရပြီး)မြေအား အမည်ပေါက်ဦးသာမြိုင်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၁၆/၁၉၉၂ ဖြင့် ပိုင်ဆိုင်သူ မိခင်ဒေါ်သန်းသန်းနှင့် ဖခင်ဦးထွန်းကြိုင် ကျန်ရစ်သူသားသမီး ခုနစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးလှထွန်းနှင့်ဇနီး ဒေါ်သန်းရွှေတို့ကွယ်လွန်သဖြင့် (၁)ဒေါ်စန်းရီ ၁၂/လမန(နိုင်)၀၆၁၆၇၂၊ (၂)ဦးသန်းထွန်း ၁၂/လမန(နိုင်)၀၆၂၂၂၉၊ (၃)ဦးတင်ထွန်း ၁၂/လမန(နိုင်)၀၆၁၆၆၇၊ (၄)ဒေါ်စန်းမြင့် ၁၂/လမန(နိုင်)၀၆၁၉၃၄၊ (၅)ဦးစိန်ထွန်း ၁၂/လမန(နိုင်)၀၂၂၈၀၃၊ (၆)ဒေါ်စန်းအေး ၁၂/လမန(နိုင်)၀၆၂၁၂၅၊ (၇)ဒေါ်တင်နွယ်အေး ၁၂/လမန(နိုင်)၁၁၄၃၀၉၊ (၈)ဦးကျော်ခိုင် ၁၂/လမန(နိုင်)၁၂၁၃၉၄၊ (၉)ဦးအောင်လင်း ၁၂/လမန(နိုင်)၁၂၁၃၉၅တို့က သားသမီးများနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန်နှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၁၉/င၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ကင်ပွန်းခြံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးထွန်းကြိုင်အမည်ပေါက်မြေပိုင်မြေ (လ/န ၃၉ ရပြီး) မြေအား အမည်ပေါက် ဖခင်ဦးထွန်းကြိုင်နှင့် မိခင်ဒေါ်သန်း ၎င်းတို့၏ကျန်ရစ်သူ သားသမီးခုနစ်ဦးအနက် တစ်ဦးဖြစ်သူ သားဦးလှထွန်းနှင့်ဇနီး ဒေါ်သန်းရွှေတို့ ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/လမန(နိုင်)၀၆၁၆၇၂၊ (၂)ဦးသန်းထွန်း ၁၂/လမန(နိုင်)၀၆၂၂၂၉၊ (၃)ဦးတင်ထွန်း ၁၂/လမန(နိုင်)၀၆၁၆၆၇၊ (၄)ဒေါ်စန်းမြင့် ၁၂/လမန(နိုင်)၀၆၁၉၃၄၊ (၅)ဦးစိန်ထွန်း ၁၂/လမန(နိုင်)၀၂၂၈၀၃၊ (၆)ဒေါ်စန်းအေး ၁၂/လမန(နိုင်)၀၆၂၁၂၅၊ (၇)ဒေါ်တင်နွယ်အေး၁၂/လမန(နိုင်)၁၁၄၃၀၉၊ (၈)ဦးကျော်ခိုင် ၁၂/လမန(နိုင်)၁၂၁၃၉၄၊ (၉)ဦးအောင်လင်း ၁၂/လမန(နိုင်)၁၂၁၃၉၅ တို့က သားသမီးနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အမှားပြင်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာ ၉၉၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်ရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဝင်းကြည် ၁၂/ဒပန(နိုင်)၀၀၁၈၅၉ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မြတ်ဝင်း ၁၂/စခန(နိုင်)၀၂၂၁၈၉က ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် ၁၃၊ ပထမထပ်၊ ပေ (၂၅×၅၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်များအားလုံးကို တိုက်ခန်းပိုင်ရှင် ဒေါ်မြင့်မြင့်မူ ၁၂/ကမရ(နိုင်)၀၅၆၆၃၀ထံမှ ၁၁-၉-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်အရ အပြီးအပိုင်ဝယ်ယူ၍ ထိုနေ့ကပင် လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ လက်ရှိပိုင်ဆိုင်နေထိုင်သည့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သော့ဖျက်ခြင်း၊ သော့ခတ်ခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းပြုသူ မည်သူကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မြတ်ဝင်း၏ညွှန်ကြားချက်အရ-

ဦးမျိုးသန့် (စဉ်-၁၅၇၆)	**ဒေါ်ရီ (စဉ်-၃၈၈၁)**	**ဒေါ်ဝင်းဝင်းထက် (စဉ်-၃၁၈၄၆)**
B.A(Law), LL.B	**LL.B**	**LL.B, LL.M**

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅၊ ၀၉-၄၂၀၀၁၁၅၇၆

ISO 9001:2008

Galvalume steel sheets



GALVALUME

FOUR STARS

Since 1989

ကြယ်လေးပွင့် (အနက်ရောင်) တံဆိပ်သွပ်ပြား

ခွန်သုံးလုံး

စက်ရုံ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
Pa. Khual Dai Thang
အသက်(၉၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မွာဘင်းကျေးရွာနေ Nu. Naing Dam ၏ခင်ပွန်း၊ အမှတ် ၁၈ (သုံးလွှာ-အေ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ Pol. Maj. Dong Za Dal (CCDAC) (နေပြည်တော်)-Daw Hkawn Taung တို့၏ဖခင်သည် ၄-၄-၂၀၁၃ရက်(ကြာသပတေးနေ့)ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုရဲမှူးဟိုင်းဇာအုပ် (မိသားစု-မန္တလေး)
ရဲအုပ်ထန်းနိန် (မိသားစု-မြစ်ကြီးနား)

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာရဲထွဋ်ဦး (အထူးကုဆရာဝန်၊ ကလေး)၏ဖခင် ဦးမောင်ခိုင်(အုတ်ဖို) အသက်(၈၈)နှစ်သည် ၃-၄- ၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊
လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့်
ဝန်ထမ်းများမိသားစု၊ ပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူမြို့

ဦးတိုးခင်မောင်အေး
အသက်(၄၁)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်အေး)-ဒေါ်ချိုမာလှိုင်တို့၏သား၊ (ဦးဖြိုးခင်မောင်အေး)၏ညီ၊ ဦးစိုင်းခင်မောင်အေး-ဒေါ်သီသီခိုင်တို့၏အစ်ကို၊ မောင်ဘုန်းပြည့်ဖော်၏ဦးလေး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၄၇ (ပထမထပ်)နေ ဦးအောင်ကျော်စိုး-ဒေါ်ခင်ဝင်းကြည်တို့၏သားသမက်၊ ဒေါ်စန္ဒီစိုး (General Manager, Starline Asia Co., Ltd.)၏ခင်ပွန်း၊ မောင်မင်းသုခ (Grade-VII၊ အထက-၁၊ ဒဂုံ)၊ မယွန်းစန္ဒီအေး(Primary I.Brainworks Total) တို့၏ဖခင်သည် ၇-၄-၂၀၁၃ရက် ညနေ ၃း၄၀နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်ညို(ဟသ်ာတ) အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြရတနာလမ်း၊ ၅/၂/၂၀၆နေ (ဦးသာအောင်-ဒေါ်ငွေသယ်)တို့၏သား၊ (ဦးမောင်မင်-ဒေါ်မိပွေး)တို့၏သားသမက်၊ (ဒေါ်သိန်းညွန့်)၏ခင်ပွန်း၊ ဦးထွန်းရိန်-ဒေါ်ဂေါက်တေး၊ ဦးညိုမောင်-ဒေါ်တင်မြ၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၅နေ ဦးထွန်းဝေ-ဒေါ်တင်မြင့်၊ ဦးအုန်းရွှေ-ဒေါ်စန်းရီ၊ ရွှေပြည်သာမြို့နယ်နေ ဦးဝင်းမောင်-ဒေါ်ခင်ဌေး၊ ဦးမြင့်အောင်-ဒေါ်စန်းဌေး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၄နေ ဦးပြုံးချို-ဒေါ်ဆွေဆွေမာတို့၏ဖခင်၊ မြေး ၂၇ယောက်၊ မြစ် ၃၂ယောက်တို့၏အဘိုးသည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၃ရက်(စနေနေ့)နံနက်တွင် ရွှေပြည်သာမြို့နယ်၊ မြရတနာလမ်း၊ ၅/၂/၂၀၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင် (အုတ်ဖို)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၄)နှင့်
အရာထမ်း၊ အမှုထမ်းများ

ဒေါ်ခင်ဝေ
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်းနေ (ဦးကြည်လွင်)၏ဇနီး၊ ဦးကိုကိုကြီး-ဒေါ်မြင့်မြင့်စိန်၊ ဦးကိုကိုလတ်-ဒေါ်သီဂီသန်း၊ ဦးကိုကိုလေး၊ ဒေါ်ကြည်ကြည်ဝေ၊ ဦးအောင်ဝင်းနိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၈-၄-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစံရွှေကျော် (မြောက်ဦး)
အသက်(၆၂)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ(ဦးဘထွန်း၊ ကျောင်းဆရာ)-ဒေါ်ဦးသာနုတို့၏သား၊ (ဦးဘကျော်-ဒေါ်ကြာနှင်းဦး)တို့၏သားသမက်၊ ဦးမောင်ကျော်သိန်း-(ဒေါ်သောင်းခင်)၊ ဒေါ်မသိန်းတင်-ဦးမောင်လှခင်တို့၏ညီ/မောင်၊ ဒေါ်ခင်စောဝေ-ဦးထွန်းအောင်ကျော်၊ ဦးကျော်ဇောအောင်-ဒေါ်ရွှေနုခိုင်၊ (ဒေါ်ခင်စောအေး)၊ ဒေါ်လှမေစော၊ ဦးဆန်းထွန်း-ဒေါ်မြမြရီတို့၏အစ်ကို၊ ဒေါ်နှင်းအေးခိုင်၏ခင်ပွန်း၊ ဦးခင်ဇော်(ခ)မောင်ကြီး-ဒေါ်ဝင်းသန္တာ၊ ဒေါ်မြတ်အေးစံ-ဦးအောင်စည်သူ၊ မောင်ပိုင်းမောင်တို့၏ဖခင်၊ မောင်ကျော်ဝင်းမောင်၊ မောင်ထွန်းဇော်သိန်း၊ (ကျော်စိုးလွင်)၊ ဦးထွန်းဝင်း-ဒေါ်ခင်နီလာမြင့်၊ ဦးဦးမြင့်ကျော်-ဒေါ်နုနုယဉ်၊ ဒေါ်ခင်ခင်ထွန်း-ဦးမြင့်အောင်၊ ဒေါ်ခင်ညိုလှိုင်၊ ဦးငြိမ်းကျော်-ဒေါ်ဇင်မာသွယ်၊ ဦးထွန်းကျော်-ဒေါ်မဥ္ဇူ၊ ဦးထွန်းနေလင်း-ဒေါ်ရွှေစင်သိန်းထွန်း၊ ဒေါက်တာသူရိန်လင်း၊ ဦးတေဇာလင်း-ဒေါ်ဆွေဇင်မြင့်၊ ဒေါ်ခိုင်ဇင်ဝင်း-ဦးထွန်းလင်း၊ ဒေါ်သွယ်ဇင်ထိုက်-ဦးဇော်ဟိန်း၊ ဗိုလ်ကြီးစည်သူကျော်ဇော၊ မောင်သူရိန်ကျော်ဇော၊ မောင်မင်းသူရိန်တို့၏အခင်လတ်၊ မောင်ရဲလင်းမြတ်၊ မောင်ဘုန်းမြတ်ခန့်တို့၏အဘိုးရှင်သည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မြောက်ဦးမြို့ မင်းသားကျွန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း
အလ်ဟာဂျီဦးမီးရား(ခ) ဦးလှဝင်း
အသက်(၆၃)နှစ်

အမှတ် ၆၃၊ ၆၅၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအီဗရာဟင်-ဒေါ်ဇိန်သွန်ဘီးတို့၏သားသည် ၇-၄-၂၀၁၃ရက် နံနက် ၄း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pastor Hau Khan Luan
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၁၇၊Expilot Suankai ၏ဇနီးသည် ၈-၄-၂၀၁၃ရက် ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်သုသာန်ရိပ်သာ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ် အမှတ် ၁၇၊ ၁၂လမ်း၊ အောက်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ဓမ္မနွေလဘုရားကျောင်းရှေ့၊ ယုဇန ပိတောက်ကွေ့မှတ်တိုင်၊ အအေးဆိုင်မှတ်တိုင်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊စမ်းချောင်း AZBC ဘုရားကျောင်းမှကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးနန္ဒာညွှန့်(ခ)ကိုထွေး
(အလုပ်ရုံစိတ်မှူး)
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၉၆၈နေ ဦးညွှန့်တင်-ဒေါ်ခင်မြင့်တို့၏သားထွေး၊ဗိုလ်ကြီးတင်အေး(ငြိမ်း)-ဒေါ်တင်ကြိုင်တို့၏သားသမက်၊ ဦးခင်ဇော်ဦး၊ ဦးဇော်မင်းအောင်-ဒေါ်သီတာညွှန့်၊ ကိုရာဇာညွှန့်၊ ကိုဇေယျာညွှန့်တို့၏ညီ/မောင်၊ ဒေါ်သီတာအေး၏ခင်ပွန်း၊ မလင်းလက်ကြည်ဖြူ၏ဖခင်သည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၃ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်လွန်း
ဖိုတိုလစ်သိုဌာန (ငြိမ်း)
မြန်မာ့အလင်း
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ဦးအောင်ဘလမ်း၊ အမှတ် ၂၈နေ (ဦးမြသောင်း-ဒေါ်ဖွားညွှန့်)တို့၏စတုတ္ထသား၊ ဒေါ်သန်းသန်းဝင်း(ကစလ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဟန်ထွန်း-ဒေါ်လှမြင့်၊ဒေါ်မြင့်သန်း၊ဦးကျော်ဝင်း-(ဒေါ်အမာစိန်)တို့၏ ညီ/မောင်၊ ဦးမြင့်အေး၏အစ်ကို၊ ကိုလှိုင်မျိုးကျော်-မဖြိုးရွှေစင်၊ ကိုထက်ထင်လင်း-မဆွေဆွေဝင်းတို့၏ဖခင်သည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားသဖြင့် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ထွန်းရွှေ
(မြို့လှ-ရေတာရှည်)
အသက်(၈၈)နှစ်

ရေတာရှည်မြို့နယ်၊ မြို့လှမြို့နေ (ဦးချစ်)၏ဇနီး၊ ဦးခင်မောင်ရွှေ-ဒေါ်ဝင်းမြင့်၊ ဦးညွန့်ဝင်း-ဒေါ်ခင်ဝင်းကြည်၊ ဦးအောင်မြင့်-ဒေါ်သီတာဝင်း၊ ဦးညွန့်ဝေ၊ ဥုးနိပကသာမဏသုခကျောင်းတိုက်၊ လက်ပံတန်းစု(မှော်ဘီ)တို့၏ မိခင်ကြီး၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄-၄-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၃ရက် (စနေနေ့)တွင် မြို့လှမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါက်တာခင်မာမာ
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၂၇(က) ရွှေတောင်ကြား (၂) ရပ်ကွက်နေ ဒေါက်တာဦးလွန်းဝေ၏ဇနီး ဒေါက်တာဒေါ်ခင်မာမာ ပခုက္ကူအသင်း(ရန်ကုန်)၏ ကန်တော့ခံသည် ၅-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း အသင်းသူ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပခုက္ကူအသင်း(ရန်ကုန်)

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်
မူလတန်းပြဆရာမ(ငြိမ်း)
သပြေပင်၊ ဟသ်ာတ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မင်းတပ်လမ်း၊ အမှတ် ၃၆၃နေ (ဦးဘွန်အိမ်-ဒေါ်အမှိုင်)တို့၏သမီး၊ (ဦးကျင်စွမ်)၏ဇနီး၊(ဦးခင်ဇော်၊ ဦးခင်ကျော်)၊ [ဒုတိယဗိုလ်မှူးကြီး တင်မောင်အေး (ငြိမ်း)၊ တေဇ-၂]-ဒေါ်အေးအေးသွယ်(ကျောင်းအုပ်ဆရာမကြီး၊ အထကသုဝဏ္ဏ)တို့၏မိခင်၊ မဖူးသက်ငုံ၊ မောင်ကောင်းချစ်ကိုကို၊ မအင်ကြင်းငယ်ငယ်၊ မအိမ္ဗွန်မွန်ကျော်တို့၏ဘွားဘွားသည် ၆-၄-၂၀၁၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၃ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်စိန်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၆(မြေညီထပ်)၊ စမ်းချောင်းလမ်းနေ(ဦးမြသောင်း)၏ဇနီး၊ (ဒေါ်အေးမြိုင်)၏ညီမ၊ (ဦးမောင်မောင်)-ဒေါ်လှမြင့်တို့၏အစ်မ၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၇-၄-၂၀၁၃ရက် မွန်းလွဲ ၁း၂၅နာရီတွင် အာရုတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သီတာဖြူ (မြိတ်)
အလက(၂)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၆၆)နှစ်

ဦးဖော်ရှင်-ဒေါ်သန်းရွှေတို့၏သမီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ ၁၀လမ်း၊ အမှတ် ၄၃၂နေ ဦးထွန်းရှင်(ခ)ဦးခွေးငယ်၏ဇနီး၊ ဗိုလ်ကြီးဇော်ထွန်း၊ မောင်ဇော်လင်းပိုင်၊ မောင်လင်းအောင်ပိုင်တို့၏မိခင်သည် ၈-၄-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသုမန မဟာထေရ်
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ပန်းစွာရွာ ကကုဓာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်ကြီးသည် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်) ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန သာဓုဋ္ဌသဘင်ကို (တန်ခူးလဆန်း ၁၀၊ ၁၁၊ ၁၂ရက်) ၂၀-၄-၂၀၁၃ရက်မှ ၂၂-၄-၂၀၁၃ရက်အထိ ၃ရက် ၃ညတိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝိမလ
သက်တော်(၇၀)၊ သိက္ခာတော်(၂၇)ဝါ

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၀)ရပ်ကွက်၊အောင်သိဒ္ဓိလမ်း (ဝါးခယ်မကျောင်းတိုက်)၌ ၈-၄-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဆရာတော်၏ဥတုဇရုပ်ကလာပ်တော်အား ၁၂-၄-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဦးတင်မြင့်(ခ) Chuan Chia Hsin
(ဖန်းမော်အသင်းဝင်)
အသက်(၈၀)

ဖန်းမော်မြို့၊ မင်းကုန်းရပ်နေ [Chuan Ping Yot-ဒေါ်စက်ချင်(ခ)ဒေါ်အေး] တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၄၀နေ (ဦးအေးမောင်-ဒေါ်ပုစိန်)တို့၏သားသမက်၊ ဒေါ်ခင်ထွေး၏ခင်ပွန်း၊(ဦးအေးဆန်း)-ဒေါ်သန်းသန်းဌေး(အထက-၂၊စမ်းချောင်း၊ငြိမ်း)၊ဦးအောင်သော်လွင်-ဒေါ်ခင်စန်းမော်၊ ဦးအောင်ဇော်ဦး-ဒေါ်ခင်မြင့်ရီ၊ ဦးဆုရီ(ရွှေဆုရီပိုက်နှင့်ပိုက်ဆက်ပစ္စည်း)-ဒေါ်ခင်သန်းဝင်း(ခ)ဒေါ်စုစုကြည်(နိုင်ငံကျော်ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဗိုလ်ကြီးမင်းလွင်ဦး(စိမ်း/စိုခရိုင်ဦးစီးမှူး)-ဒေါ်မြင့်မြင့်မော်၊ ဦးဟိန်းထက်အောင်-ဒေါ်ခင်သန္တာထွေးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
စကီနာဘီ(ခ)ဒေါ်အေးစိန်
အသက်(၉၃)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဟာဖစ် A ကရင်မ်-ဒေါ်ညိမ်း)တို့၏သမီး၊ (ဟာဂျီ ဦးမြသောင်)၏ဇနီး၊ ဟာဂျီ ဦးမောင်မောင်-(ဒေါ်သန်းရွှေ)(ရွှေလဝန်းကွန်ပျူတာနှင့်စာရေးကိရိယာဆိုင်)၊ ဟာဂျီ ဦးရွှေကို-ဟာဂျီမ ဒေါ်မြင့်ကြည်(လျှပ်စစ်စတိုးနှင့်ပိုက်၊ ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၄-၂၀၁၃ရက် နံနက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး ယင်းနေ့ အစ္စာရ်နမာဇ်အပြီးတွင် စမ်းကလေးကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ရိုဆန်ကုန်းလျန်
(Ro Sang Kung Lian)
တတိယနှစ်၊ M.B.,B.S (ဆေး-၁)
အသက်(၂၁)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့၊ လောင်ဗန်းရပ်ကွက်နေ ဦးလုံသောင်း (ရုံးအုပ်၊ မြို့နယ်ပညာရေးမှူးရုံး)-ဒေါ်အန်လဲန်းတို့၏သားထွေး၊မောင်ရိုဘင်ဆန်း-မသွင်ကြည်၊ မောင်ဆန်းမျိုးအောင်၊ မမက်ဒလင်၊မဒေဇီပါရ်တို့၏ညီ/မောင်၊ Rev. ဗန်ပိုင်-ဒေါ်အိုင်စန်း၊ ဦးထင်တုတ်-ဒေါ်ယုံတင်း၊ Rev. ဘောင်းထန်-ဒေါ်သိန်းငွေ၊ Rev. လျန်ထန်း-ဒေါ်မာမီး၊ (ဦးဘရွှေ)-ဒေါ်ဗျက်ထန်အီး၊ Rev. ဗာဘီ-ဒေါ်လုံမားတို့၏တူ၊သား၊ မောင်ရိုဆန်ကုန်းလျန် (3rd M.B.,B.S) (ဆေး-၁)သည် ၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် မတူပီမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၈-၄-၂၀၁၃ရက်(တနင်္လာနေ့) ညနေတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

Mr. A. J. Abraham
မြန်မာနိုင်ငံခြား ကုန်သွယ်ရေးဘဏ်(ငြိမ်း)
အသက်(၇၉)နှစ်

(Mr. A.M.C Abraham - Miss Mary Abraham)တို့၏ ဒုတိယသား၊ (Mr.J. David-Miss Ruby David) တို့၏သားသမက်၊ Mr. A. Joseph (မြန်မာ့လေကြောင်း၊ငြိမ်း)၏ညီ၊ (Miss E.Rita Abraham) ၏ခင်ပွန်း၊ Mr.H. Joshua-Shamar Joshua, Mis M. Lillian တို့၏ဖခင်၊ Joanna ၏ အဘိုးသည် ၆-၄-၂၀၁၃ရက်ညနေ ၅း၃၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများကိုအသိပေးအပ်ပါသည်။ [အမှတ် ၁၄၂၄/က၊ ကျောက်စိမ်းလမ်း၊ (၅၇) ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးမောင်စိန်ဦး (ကုန်သည်)
(စစ်တွေ)
အသက်(၆၇)နှစ်

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ မေယုလမ်းနေ(ဦးကာလာ-ဒေါ်အုံးစံဖြူ) တို့၏သားကြီး၊ ဒေါ်ဖြူမေ၊ ဦးမောင်စံရွှေ၊ ဦးမောင်ကျော်ရှိန်-ဒေါ်ခင်ခင်ဦး၊ ဒေါ်စောစောဝင်း၊ ဒေါ်မသာနု-ဦးထွန်းရွှေဇံ၊ ဒေါ်နန်းရွှေ၊ ဒေါ်အေးမြသန်း-ဦးကျော်ဝင်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ် ၃၆(ဒုတိယထပ်)၊မဇ္ဈိမဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်သာသာမေ၏ခင်ပွန်း၊ မခင်ခင်ဦး၊ မခင်ခင်မြ၊ မောင်ထွန်းထွန်းအောင်တို့၏ဖခင်သည် ၈-၄-၂၀၁၃ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူးအား လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ်၊ UNDP လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Ajay Chhibber က လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လက်ခံသည်။

UNDP မှ လွှတ်တော်စာကြည့်တိုက်သို့ နိုင်ငံတကာဥပဒေရေးရာ စာအုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များဆိုင်ရာစာအုပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ၊ အခြေခံဥပဒေဆိုင်ရာ၊ မဲပေးခြင်းဆိုင်ရာ စာအုပ်များ စုစုပေါင်း ၃၀၇အုပ် လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များ ပြည်ပခရီးသွားများစိတ်ဝင်စား *စာမျက်နှာ - ၁၃*

ရန်ကုန်တက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ်ဒီပလိုမာသင်တန်းများ *စာမျက်နှာ - ၁၂*

ထူးခြားသည့် နေ့အပူချိန်များ

၈-၄-၂၀၁၃

ချောက်မြို့
၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့
၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့
၄၂ ဒီဂရီစင်တီဂရိတ်

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ) အထိ ပါရှိပါသည်။

နှစ်ပွဲဆက်နိုင်ပွဲပျောက်ပြီး ဇေယျာရွှေမြေထိပ်ဆုံးမှ ဖယ်ပေးခဲ့ရ

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် မေ ၈

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၈) နောက်ဆုံးနေ့အဖြစ် နေပြည်တော် အသင်းနှင့် ဇေယျာရွှေမြေအသင်း တို့သည် ယမန်နေ့ ညနေ ၆ နာရီက NPT ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေကျသွားသည်။

ဇေယျာရွှေမြေအသင်းမှာ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုနှင့် အတူ ထိပ်ဆုံးကဖယ်ပေးခဲ့ရသည်။ ယခုပွဲတွင်လည်း ဦးဆောင်ဂိုးစရခဲ့ပြီး ဇေယျာရွှေမြေတို့ အနိုင်ရလဒ်ကို ရယူနိုင်ခြင်းမရှိခဲ့ပေ။ ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်း ကစားပုံ ပိုကောင်းခဲ့ပြီး ၂၇မိနစ်တွင် ထောင့်ကန်ဘောမှ လျှံကျလာသော ဘောလုံးကို တိုက်စစ်မှူး ဆာဆာကပိတ်သွင်းယူခဲ့၍ ဇေယျာရွှေမြေအသင်း ဦးဆောင်ဂိုး စရခဲ့သည်။

ဇေယျာရွှေမြေအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သူ ဆာဆာနှင့် ကစားဖော်များ အောင်ပွဲခံနေစဉ်။

ဒုတိယပိုင်းအစတွင် နေပြည်တော်အသင်း ချေပဂိုးရရှိရန် တိုက်စစ်မြှင့်လာပြီး ၆၅ မိနစ်တွင် နောက်ခံလူ မာရှယ်က ချေပဂိုးပြန်သွင်းခဲ့သည်။ ပွဲစဉ် (၈) အပြီးတွင် ကမ္ဘောဇအသင်းက ၁၇ မှတ်ဖြင့် ပထမ၊ ဇေယျာရွှေမြေအသင်းက ၁၆ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၁၄ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့်ရောဝတီအသင်းတို့က ၁၃ မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ရန်ကုန်က စတုတ္ထ၊ ရောဝတီက ပဥ္စမ၊ နေပြည်တော်အသင်းက ၁၂ မှတ်ဖြင့် ဆဋ္ဌမ၊ ဆောက်သမ်းအသင်းက ၁၀ မှတ်ဖြင့် သတ္တမနေရာတို့တွင် ရပ်တည်နေသည်။ ပြိုင်ပွဲကို မေ ၂၆ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာ-ရုရှားသံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက်အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်



နေပြည်တော် မေ ၈

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၆၅) နှစ်မြောက် အထိမ်းအမှတ် (၅၀၀) ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ကို မေ ၁၀ ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

တံဆိပ်ရိုက်နှိပ်ပေး

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၁၀ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**